The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ပြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 13 January 2018 ၉၁၆၈

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ကောင်းမှုလုံစေတီတော်အား ဖူးမြော်ကြည်ညို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ ကောင်းမှုလုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။

**ပူတာအို ဇန်နဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးဝင်းခိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့သို့ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ပြည်နယ်ဝန်ကြီးများနှင့် ဂျိမ်းဖော့၊ ရဝမ်၊ လီဆူ၊ ရှမ်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံ ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မချမ်းဘောမြို့နယ်သို့ ရောက်ရှိပြီး မလိခမြစ်ကမ်းနဖူးရှိ ဂူဘားညှော့ရိပ်သာအားကြည့်ရှုကာ ကောင်းမှုလုံကျေးရွာအနီးရှိ ကောင်းမှုလုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ ခရိုင်သာသနာရေးမှူး ဦးဝင်းရွှေက စေတီတော်၏သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးသည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး **စာမျက်နှာ ၃ ကော်လံ ၆ သို့** ❍

# မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ငါးနှစ်တာကာလမှာ ဂျပန်ယန်း ဘီလီယံ ၈၀၀ ကူညီထောက်ပံ့မှု အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းကူညီမည်

## မြန်မာ-ဂျပန် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် “ဒီနေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေ၊ ဒေသတွင်းဆိုင်ရာအခြေအနေတွေနဲ့ ပတ်သက်ပြီး အင်မတန်အကျိုးကျေးဇူးရှိတဲ့ အမြင်ချင်းဖလှယ်မှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

“ကျွန်တော်က မြန်မာပြည်သူပြည်သားတွေရဲ့ ဘဝအဆင့်မြှင့်တင်ရေးကို လက်တွေ့ခံစားနိုင်စေဖို့ ရည်ရွယ်ထားတဲ့ ဂျပန်နိုင်ငံရဲ့ ကူညီထောက်ပံ့မှုအစီအစဉ်ကို ဒီနေ့ပြောကြားခဲ့ပါတယ်၊ ၂၀၂၀ ပြည့်နှစ်မှာ ရန်ကုန်နဲ့ တောင်ငူအကြား သုံးနာရီခွဲနဲ့ သွားရောက်နိုင်ဖို့ ရထားလမ်းအဆင့်မြှင့်တင်မှုကို အပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ ၂၀၂၃ ခုနှစ်မှာတော့ ရန်ကုန်နဲ့ မန္တလေးအကြား သွားဖို့အချိန် ရှစ်နာရီနဲ့ သွားရောက်နိုင်ဖို့ ဆောင်ရွက်ပေးမှာမို့ ပြည်သူပြည်သားတွေ သွားလာရေးနဲ့ ကုန်သွယ်ရေးမှာ ပိုပြီးတော့ ချောမွေ့မြန်ဆန်သွားမှာ ဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်ရဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖





## ပညာသည်သာ လူ့ဘောင်အတွက် အခရာ

ပညာသည်သာ လူ့ဘောင်လောက အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် အခရာဖြစ်သည်။ ပညာဟုဆိုရာ၌လည်း အတန်းပညာသက်သက်၊ ဘွဲ့ထူး၊ ဂုဏ်ထူး ပညာသက်သက်မဟုတ်၊ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားနှင့် ပြည့်ဝသောပညာကို ဆိုလိုရင်းဖြစ်သည်။ ယနေ့လူ့ဘောင်လောကတွင် ကြုံတွေ့ကြားသိနေရသော စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ်များ၊ အကြောင်းကိစ္စရပ်များကို ဖြစ်စေသည့် အနိဋ္ဌာရုံအဖြစ်ဆိုးများသည် တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားနှင့်ပြည့်ဝသော ပညာအခံမလွှမ်းခြုံသော၊ အခြားတစ်နည်းမှာ မိမိစိတ်ကို ချုပ်တည်းထိန်းသိမ်းနိုင်စွမ်းမရှိသော အကြောင်းတရားများကြောင့် ဖြစ်ရသည်ဟု အကြမ်းဖျင်းဆိုနိုင်သည်။

မိမိတို့သည် လူသာမန်တို့ပင်ဖြစ်၍ မိမိတို့၏စိတ်သန္တာန်တွင် အနုသယ ကိလေသာများ ကိန်းအောင်းနေလေ့ရှိသည်။ ငုပ်လျှိုးနေလေ့ရှိသည်။ ၁ - ကာမဂုဏ်၌ နှစ်သက်အပ်သော 'လောဘ'၊ ၂ - ဘဝ၌ နှစ်သက်အပ်သော 'လောဘ'၊ ၃ - ပြစ်မှားကြမ်းကြုတ်သော 'ဒေါသ'၊ ၄ - မောက်ကြွားထောင်လွှားသော 'မာန'၊ ၅ - မှားသောအယူဝါဒကိုယူသော 'ဒိဋ္ဌိ'၊ ၆ - ရတနာသုံးပါး စသည်တို့၌ သို့လော သို့လော တွေးတောခြင်း 'ဝိစိကိစ္ဆာ'၊ ၇ - မသိမလိမ္မာ တွေဝေမိုက်မဲခြင်း 'မောဟ' ဟူသည့် အနုသယ ခုနစ်ပါးသည် အကြောင်းတစ်စုံတစ်ခုနှင့် ပေါင်းဆုံမိ၍ အဆင်သင့်ဖြစ်ပေါ်နိုင်ရန် လူသတ္တဝါတို့သန္တာန်၌ ကိန်းဝပ်နေသော ကိလေသာများ ဖြစ်သည်။

ထို့ကြောင့် လူဟူသည် အကြောင်းတစ်ခု ပေါင်းဆုံမိလျှင် သတိသမ္ပဇဉ်ဉာဏ်ဖြင့်ချွန်းအုပ် ဘရိတ်မအုပ်နိုင်လျှင် မည်မျှအန္တရာယ်ကြီးမားကြောင်း သိသာနိုင်ပေသည်။ တစ်ဖန် အနုသယကိလေသာတွင် နောင်တရခြင်း၊ အဟောင်းဖြစ်သောရန် မုန်းတီးခြင်း၊ မျက်မုန်းကျိုးခြင်း၊ အာရုံ၌စွဲကပ်ခြင်းတို့လည်း ရှိပေသေးသည်။ ကျွန်ုပ်တို့သည် သံသရာ၌ ကျင်လည်နေသရွေ့ ကာလပတ်လုံး ကုသိုလ်နှင့်အကုသိုလ် နှစ်မျိုးအနက် အမြဲတစေ တစ်မျိုးမျိုးကို ပြုလုပ်နေကြသည်။ ကုသိုလ်အလုပ် ဖြစ်ချင်ဖြစ်မည်။ အကုသိုလ်အလုပ် ဖြစ်ချင်ဖြစ်မည်။ ထိုအလုပ် နှစ်မျိုးအနက် တစ်မျိုးသာဖြစ်နေသည်။ ကြားအလုပ်ဟူ၍မရှိ၊ တစ်မျိုးမျိုးသာ ဖြစ်နေကြသည်။

ဤတွင် မိမိတို့ကောင်းမှုကုသိုလ် မလုပ်ဖြစ်၍ အကုသိုလ် ဖြစ်နေပြီလောဟူ၍လည်း တွေးတောပူပန်ဖွယ်လည်း မဖြစ်သင့်ချေ။ လောက၏ အစီးအပွားအတွက်၊ ဓမ္မဝါဒ ရှင်သန်ထွန်းကားရေးအတွက် မိမိအကျိုးစီးပွားကို မငဲ့ခြင်း၊ အနစ်နာခံခြင်း၊ မိမိအား ပေးအပ်ထားသော တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ခြင်းတို့သည် ကုသိုလ်သဘောရှိသည်။ ယင်းကုသိုလ်များသည် အကုသိုလ်ကို ဟန့်တားထားနိုင်သည်။

ဉာဏ်ပညာရှိသူတို့ကား ဘရိတ်ချွန်းအုပ်ကာ အကုသိုလ်ကို ဖိနှိပ်ထားနိုင်သည်။ ဉာဏ်ပညာရှိသူပင် ဖြစ်လင့်ကစား သတိဟူသည့် ဘရိတ်ချွန်းမအုပ်နိုင်ပြန်လျှင်လည်း ထိုသူ၏ထံပါး၌ အကုသိုလ်သည် ပွားစီးတော့သည်။ ဉာဏ်ပညာမရှိသူ၊ နည်းသူတို့အဖို့ကား အကုသိုလ်အမှုတို့ဝင်လာဖို့သည် ဆိုဖွယ်ရာမရှိတော့ပြီ။ ထို့ကြောင့် အသိပညာကို ဦးစွာပွားတိုးအောင် ကြိုးပမ်းထုတ်ဖော်သင့်သည်။ ထို့နောက် သတိဉာဏ်ပညာကို အမြစ်တွယ်အောင် အဖန်ဖန် အားထုတ်သင့်သည်။

မျက်မှောက်ကာလတွင် ပညာတတ်သူတို့ကလည်း သတိဉာဏ်မထုတ်နိုင်၊ ပညာမတတ်သူတို့ကလည်း အသိဉာဏ်မလုပ်နိုင်သောကြောင့် စိတ်မချမ်းမြေ့ဖွယ်ရာသတင်းများကို နေ့စဉ်လိုလို မြင်တွေ့ကြားသိနေရသည်။ သူတစ်ပါးသားမယားပြစ်မှားခြင်း၊ သက်ငယ်မုဒိမ်းမှုကျူးလွန်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ အုပ်စုဖွဲ့တိုက်ခိုက်ခြင်း၊ အနိုင်အထက်ကျူးလွန်ခြင်း၊ ဘာသာတရားကို စော်ကားခြင်း၊ ပြောင်ပြောင်တင်းတင်း ခိုးဆိုးလုယက်ကျူးလွန်ခြင်း၊ သေကြောင်းကြံစည်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း စသည့် မကောင်းမှုမျိုးစုံတို့ကို တစ်ခုမဟုတ်တစ်ခု ကျူးလွန်နေကြသည်။

ယင်းတို့ကို ဥပဒေဖြင့်ကွပ်ညှပ်ထိန်းချုပ် အပြစ်ပေးပါသော်လည်း ဖြစ်မြဲဖြစ်နေသည်မှာ ပညာတည်းဟူသော အသိ၊ ဉာဏ်တည်းဟူသော သတိနည်းနေသောကြောင့်ဖြစ်သည်။ ပညာလည်း မဆည်းပူး၊ သတိလည်း မပွားများပါက ဖြစ်မြဲဖြစ်နေမည်သာ၊ မိမိတို့တွင် ကိန်းဝပ်နေသော အနုသယ ခုနစ်ပါးကို သတိထားကြရမည်သာ၊ တစ်ပါးပါးကပ်သည်နှင့် ဖယ်ရှားရမည်သာ။ ယင်းသည် ပညာ၊ ယင်းသည် သတိဉာဏ်ပညာ၊ ထို့ကြောင့် လူ့ဘောင်လောက သာယာရေးအတွက် အခရာဖြစ်သည့် အသိ၊ သတိ၊ ဉာဏ်ပညာရှိဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့။ ။

## ဒီပဲယင်းမြို့နယ် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ဒီပဲယင်း ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ တောင်ပြင်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုအား ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အရည်အသွေး စစ်ဆေးရေးအဖွဲ့တို့က ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက ကွင်းဆင်း စစ်ဆေးခဲ့သည်။



အဆိုပါအဖွဲ့သည် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေကျပ် ၂၅၀ ဒသမ ၅၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ် အဆောက်အအုံ နှစ်လုံးကို သတ်မှတ်ကာလအတွင်း လုပ်ငန်း အချိန်မီပြီးစီးရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ရေးတို့ကို ကွင်းဆင်း စစ်ဆေးခဲ့သည်။

ယင်းအိမ်ရာ စီမံကိန်းကို Monywa Gold Finger Co,Ltd နှင့် Twin World Co,Ltd တို့ တာဝန်ယူ ဆောက်လုပ်နေခြင်း ဖြစ်သည်။

ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပြီးစီးသွားပါက မြို့နယ်သို့လာရောက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ပင်လည်ဘူးမြို့နယ် ကျေးရွာလမ်းများနှင့် ရေမြောင်းတံတား တည်ဆောက်ခြင်းပြုလုပ်

**ပင်လည်ဘူး ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကနီကျေးရွာတွင် ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေစေရေးအတွက် မြို့နယ်လူထုဗဟိုပြုစီမံကိန်း စတုတ္ထစက်ဝန်းထောက်ပံ့ငွေဖြင့် ကျေးရွာတွင်းလမ်းအား ဂျင်းမြေခင်းခြင်း၊ ရေမြောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီကျေးရွာသည် မြို့နှင့် မိုင် ၂၀ကျော်ကွာဝေးပြီး ရွာလမ်းများမှာ တောင်စောင်း၊ ချိုင့်များ၊ ရေမြောင်းများရှိသည့်အတွက် သွားရေးလာရေး ခက်ခဲမှုရှိနေသည်။

"ကျေးရွာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် အခု ရွာလမ်းကို လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေ ကျပ် ၂၈၈၀၀၀၀၀ ဖြင့် ဆောင်ရွက်နေတာပါ။ လမ်းအရှည်ကတော့ ပေ ၇၀၀၀၊ အကျယ် ၁၂ ပေ၊ လမ်းဘေးရေမြောင်းတစ်ဖက်တစ်ချက်စီပါ ဂျင်းမြေခင်းလမ်းဖြစ်ပြီး ပြီးစီးရင် ကနီကျေးရွာမှာရှိတဲ့ ကျေးရွာသူ ကျေးရွာသားတွေနဲ့ ပတ်ဝန်းကျင်ကျေးရွာတွေကခရီးသွား ပြည်သူတွေ ဆိုင်ကယ်၊ ကားတွေနဲ့ ပိုမိုကောင်းမွန်စွာ အသုံးပြုသွားလာနိုင်ပါပြီ"လို့ ကျေးရွာစီမံကိန်းကော်မတီဝင်တစ်ဦးက ပြောသည်။

အဆိုပါ ကျေးရွာတွင်းလမ်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံနှင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၄၀၀၀ | - | ၉၄၄၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၄၀၀၀ | - | ၉၄၄၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၇၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၇၉၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၀/၈၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၂.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၇.၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၁၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၈.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၉၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၉.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၁၈ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၃.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကောင်းမှုလုံစေတီတော်တွင် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

❍ နိုင်ငံတော်သမ္မတမှ စေတီတော်ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**မြန်မာနိုင်ငံမြောက်ဖျား**

ကောင်းမှုလုံ (ရွှေဆတ်မင်း) စေတီတော်သည် မြန်မာနိုင်ငံမြောက်ဖျား ခမ်းတီးလုန်ဒေသ ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် တည်ရှိပြီး ပူတာအိုမြို့နှင့် ကိုးမိုင်ခန့်ကွာဝေး၍ မလိခမြစ် အရှေ့ဘက်ကမ်းနံဘေးတွင် တည်ထားသောစေတီ ဖြစ်သည်။

**နှစ်ပေါင်း ၂၃၀၀ ကျော်**

ကောင်းမှုလုံ (ရွှေဆတ်မင်း) စေတီတော်ကို သာသနာသက္ကရာဇ် ၂၄၄ ခုနှစ်တွင် သီရိဓမ္မာသောကမင်း စေလွှတ်သည့် သာသနာပြုရဟန်းသုံးပါးက မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍ ညာဏ်တော်အမြင့် ခုနစ်တောင်ဖြင့် စတင်တည်ထားခဲ့ပြီး နှစ်ပေါင်း ၂၃၀၀ ကျော် သက်တမ်းရှိပြီဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ပူတာအိုမြို့သို့ ရောက်ရှိလာရာ လေဆိပ်တွင် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကောင်းမှုလုံစေတီတော်ရှိ ခြေတော်ရာအား ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဂူဘားရိပ်သာမှ မလိခမြစ်နှင့် ရှုခင်းအလှအား ကြည့်ရှုလေ့လာစဉ်။

# မဟာတံတိုင်းကြီး၏ မတ်စောက်သော အစိတ်အပိုင်း၌ ပြုပြင်မွမ်းမံမှု ပြုလုပ်မည်

**ပေကျင်း ဇန်နဝါရီ ၁၂**
တရုတ်နိုင်ငံ မြို့တော်ပေကျင်း ဆင်ခြေဖုံး လူသူအရောက်အပေါက်နည်းသော တောတွင်းတွင်တည်ရှိသည့် မဟာတံတိုင်း၏ အစိတ်အပိုင်းတစ်ခုကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်နိုင်ရေးအတွက် အစိုးရက ငွေကြေးဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

မြို့တော်ပေကျင်း ဧရိယာအတွင်းရှိ ဝှိုင်းယောင်ကျစ်စီရင်စုအတွင်းရှိ ကျန်ကူး မဟာတံတိုင်း အစိတ်အပိုင်းသည် အလွန်မတ်စောက်သဖြင့် လူအရောက်အပေါက်နည်းပြီး ပြုပြင်မွမ်းမံရာတွင် ဘေးအန္တရာယ်ကြီးမားသော အစိတ်အပိုင်းဖြစ်ကြောင်း၊ ယင်းအစိတ်အပိုင်းအား ပြုပြင်မွမ်းမံမှုကို ယခုနှစ် မေလအတွင်း စတင်မည်ဖြစ်ကြောင်း ဝှိုင်းယောင်ကျစ်စီရင်စု ယဉ်ကျေးမှုကော်မရှင်မှ ကွေ့တောင်ပင်းက ပြောကြားသည်။

ယင်းမဟာတံတိုင်း အစိတ်အပိုင်း၏ မီတာ ၁၀၀၀ အထိ ပြုပြင်မွမ်းမံပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် အရောက်တွင် မဟာတံတိုင်း၏ အရှည် ၇ ဒသမ ၇ ကီလိုမီတာအထိ ပြီးစီးရန် စီစဉ်ထားပြီး ပြုပြင်ထိန်းသိမ်းမည့်အပိုင်းတွင် သူရဲခို ၅၁ ခု ပါဝင်မည်ဖြစ်ကြောင်း၊ ပြုပြင်မွမ်းမံစရိတ် ယွမ်ငွေ ၁၅၅ သန်း (အမေရိကန် ဒေါ်လာ ၂၄)သန်း ကုန်ကျမည်ဖြစ်ကြောင်း ကွေ့တောင်ပင်းက ပြောကြားသည်။

မဟာတံတိုင်းကို ပြုပြင်မွမ်းမံရာတွင် အခက်အခဲ ကြီးမားစွာရှိနိုင်ကြောင်း၊ မတ်စောက်သည့် နယ်မြေအတွင်း တည်ရှိနေခြင်းကြောင့် လူလုပ်အားဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အလုပ်သမားများသည် တောင်စောင်းများပေါ်သို့ အုတ်ခဲများကို လက်ဖြင့်သယ်ဆောင်ကာ တက်ရောက်ရမည်ဖြစ်ကြောင်း ကန်ထရိုက်တာ ချောင်းယောင်မိုက ပြောကြားသည်။

ဝှိုင်းယောင်ကျစ် ဆောက်လုပ်ရေးအဖွဲ့သည် မဟာတံတိုင်း မွမ်းမံပြင်ဆင်မှုလုပ်ငန်းတွင် ၁၄ နှစ်ကြာ အတွေ့အကြုံရှိကြောင်း ချောင်းယောင်မိုက ပြောကြားသည်။

မဟာတံတိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ယမန်နှစ်က ပြုလုပ်ရာတွင် အလေးချိန် ကီလိုဂရမ် ၅၀၀ ရှိသော ကျောက်တုံးကြီးများကို ဝန်ချီစက်များနှင့် မယူရပြီး အလုပ်သမားများက မီတာ ၂၀၀ အထက်ရှိသော တောင်ပေါ်သို့ ဆွဲတင်ခဲ့ကြရကြောင်း ၎င်းက ပြောကြားသည်။

မဟာတံတိုင်းကြီးအား ၂၀၀၆ ခုနှစ်အတွင်းက တိုင်းတာရာတွင် မြို့တော်ဧရိယာအတွင်း၌ရှိသော အစိတ်အပိုင်းမှာ ၅၇၃ ကီလိုမီတာရှိပြီး ၅၂၆ ကီလိုမီတာကို မင်မင်းဆက်(အေဒီ ၁၃၆၈ မှ ၁၆၄၄ ခုနှစ်)အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**





# မီးလောင်ပေါက်ကွဲနေသော အီရန်ရေနံတင်သင်္ဘော ဂျပန်စီးပွားရေးဇုန်အတွင်းသို့ မျောပါလာနေ

**တိုကျို ဇန်နဝါရီ ၁၂**
ဘေးဥပဒ်ကျရောက်နေသော အီရန် ရေနံတင်သင်္ဘောသည် ဇန်နဝါရီ ၁၂ ရက်က မီးလောင်ပေါက်ကွဲမှု ဆက်လက်ဖြစ်ပွားလျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများမှာ နှောင့်နှေးကြန့်ကြာမှုဖြစ်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆန်ချီအမည်ရှိ ရေနံတင်သင်္ဘောသည် တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသမှ မျောပါနေပြီး ဂျပန် သီးသန့်စီးပွားရေးဇုန်အတွင်းသို့ ဝင်ရောက်လာနေကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် ဇန်နဝါရီ ၆ ရက်ညက အရှေ့တရုတ်ပင်လယ်ပြင်အတွင်း ကုန်သင်္ဘောတစ်စင်းနှင့် တိုက်မိရာမှ သင်္ဘောပေါ် မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၁၂ ရက်တွင် ရူကျူးကျွန်းစု အမာမိအိုရှိမကျွန်းရှိ ဆော့ကိုဇာကီမြို့ အနောက်မြောက်ဘက် ၁၇၈ မိုင်အကွာခန့်တွင် အဆိုပါရေနံတင် သင်္ဘောရောက်ရှိနေကြောင်း၊ တစ်နာရီလျှင် ၁ ဒသမ ၄ မိုင်နှုန်းဖြင့် အနောက်တောင်ဘက်သို့ သင်္ဘောရွေ့လျားနေကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ**



# တူနီးရှားနိုင်ငံတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပွား ဆန္ဒပြသူ ၆၀၀ ထက်မနည်းကို ရဲတပ်ဖွဲ့ထိန်းသိမ်း

**တူးနစ် ဇန်နဝါရီ ၁၂**
တူနီးရှား နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ အဓိကရုဏ်းဖြစ်ပွားမှုများကြောင့် ဆန္ဒပြသူတစ်ဦး သေဆုံးခဲ့ရပြီး လုံခြုံရေးဝန်ထမ်း ၆၀ ကျော် ဒဏ်ရာရရှိကာ ရဲကား ၅၀ ကျော် ဖျက်ဆီးခံရကြောင်း၊ လူပေါင်း ၆၀၀ ထက်မနည်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဖမ်းဆီးခံရသူ အများစုမှာ လူငယ်များဖြစ်ကြပြီး တရားရုံးကဲ့သို့ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် သက်ဆိုင်သော အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြကြောင်း၊ အခြား ဖမ်းဆီးခံရသူများမှာ လုယက်ခြင်း၊ ခိုးယူခြင်းနှင့် မီးရှို့ခြင်းစသည့် ပြစ်မှုများကို ကျူးလွန်ခဲ့ကြကြောင်း၊ ဆန္ဒပြမှု၏ မူလရည်ရွယ်ချက်မှ သွေဖည်ကာ အများပြည်သူလုံခြုံရေးကို ထိပါးနှောင့်ယှက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တူနီးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုသည် ဇန်နဝါရီ ၈ ရက်က စတင်ခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ပြည်နယ် ၁၀ ခုကျော်သို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ ဇန်နဝါရီ ၈ ရက်နေ့ ညတွင် ဒေသအချို့၌ ဆန္ဒပြသူများက လုံခြုံရေးဝန်ထမ်းများကို ကျောက်ခဲများ၊ မီးလောင်ဗုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ လုံခြုံရေးဝန်ထမ်းများက မျက်ရည်ယိုဗုံးများဖြင့် လူစုခွဲခဲ့ရာ ဆန္ဒပြသူတစ်ဦး မီးခိုးမွန်းကျပ်၍ သေဆုံးခဲ့ရသည်။

တူနီးရှားနိုင်ငံတွင် ကာလရှည် ကုန်ဈေးနှုန်းတက်မှုကြောင့် ပြည်သူများ သောကဖြစ်ကြရပြီး အစိုးရ၏ ခြိုးခြံချွေတာရေး အစီအစဉ်ပါရှိသော ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးဥပဒေက ကုန်ဈေးနှုန်း ပိုမိုမြင့်တက်စေလိမ့်မည်ဟု ပြည်သူတို့က ယူဆကြသည်။

အစိုးရအဖွဲ့သည် ပြည်သူ့ဆန္ဒကို အလေးပေးသော်လည်း အကြမ်းဖက်မှုနှင့် ဖျက်ဆီးမှုများကို လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ အဓိကရုဏ်းဖန်တီးသူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယူဆွတ်ချာဟိဒ်က ပြောကြားသည်။

**ဆင်ဟွာ**

# ရွှေ့ပြောင်းဒုက္ခသည်များအတွက် ထောက်ပံ့ရေးလုပ်ငန်းစဉ်များချမှတ်ရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

**ကုလသမဂ္ဂ ဇန်နဝါရီ ၁၂**
ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကမ္ဘာတစ်ဝန်းရှိစစ်ဘေးဒုက္ခသည်များနှင့် ရွှေ့ပြောင်းဒုက္ခသည်များအား ကူညီထောက်ပံ့ပေးရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ပြီးဆောင်ရွက်ကြရန် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၁၈ ခုနှစ်အတွင်း အဓိကဦးစားပေးဖြေရှင်းရမည့် ကမ္ဘာတစ်ဝန်း ရင်ဆိုင်တွေ့ကြုံနေရသည့် ပြဿနာများအနက် ရွှေ့ပြောင်းဒုက္ခသည်များအရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟု အတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆိုသည်။

ဒုက္ခဆင်းရဲမျိုးစုံဖြင့် ရင်ဆိုင်နေရသည့် ရွှေ့ပြောင်းဒုက္ခသည်များအတွက် ကမ္ဘာ့နိုင်ငံများက ပူးပေါင်းပြီး ထိရောက်သော ကူညီထောက်ပံ့မှုများကို လုပ်ဆောင်သင့်ကြောင်း အတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

ရွှေ့ပြောင်းဒုက္ခသည်များအား အလုပ်အကိုင် အခွင့်အလမ်းများပိတ်ဆို့မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေသည်ဟု ကုလအတွင်းရေးမှူးချုပ်က ဆိုသည်။

ထိုသို့ ပြောကြားခြင်းသည် ရွှေ့ပြောင်းဒုက္ခသည် အရေးနှင့်ပတ်သက်ပြီး အာရုံစိုက်မှုနည်းပါးသော အမေရိကန်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများအား ရည်ညွှန်းပြောကြားခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။

ရွှေ့ပြောင်းဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ပါဝင်ကာ ပြီးပြည့်စုံသော မှတ်တမ်းတစ်ရပ်ကို ယခုနှစ်နှောင်းပိုင်းတွင် ကုလသမဂ္ဂအဖွဲ့က ချမှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ရွှေ့ပြောင်းဒုက္ခသည်အရေအတွက်သည် ၂၀၀၀ ပြည့်နှစ်ကစပြီး ၂၅၈ သန်းအထိမြင့်တက်လာခဲ့သည်။ အဆိုပါအရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်သံအမတ်ကြီး(ငြိမ်း) ဦးဆောင်သည့် အဖွဲ့ဝင် ၃၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ရို့ဒ်အိုင်းလင်းပြည်နယ်အခြေစိုက် Brown University မှ သံတမန်ရေးရာနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပါမောက္ခ သံအမတ်ကြီး(ငြိမ်း) Mr. Richard Boucher နှင့် ဇနီး Ms. Carolyn Brehm တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၃၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်ဒေသတွင် အခြေစိုက်သည့် ဥပဒေရေးရာ၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးနှင့် စီးပွားရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် အလုပ်အမှုဆောင်အရာရှိချုပ် ၃၂ ဦး ပါဝင်ပြီး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ အနုပညာနှင့် ယဉ်ကျေးမှုများကိုလေ့လာရန် လာရောက်ခြင်းဖြစ်ပြီး မန္တလေးမြို့၊ ပုဂံမြို့နှင့် အင်းလေးဒေသများသို့လည်း သွားရောက်ခဲ့ကြောင်း သိရှိရသည်။



ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေး လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကြိုးပမ်းမှုများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ၎င်းတို့ သိရှိလိုသည်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဖြေကြားခဲ့သည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအပေါ် ဂျပန်နိုင်ငံမှ ဆက်လက်အကူအညီပေးအပ်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့ နံနက် ၉ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။



အထူးသဖြင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေး ကြိုးပမ်းမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအပေါ် ဂျပန်နိုင်ငံမှ ဆက်လက်အကူအညီပေးအပ်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် မစ္စတာ ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် ရေတိုနှင့်ရေရှည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးရေးကိစ္စများကို အလေးပေးဆွေးနွေးခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကတို့ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ဂျပန်ယန်း ၈၀၀ ဘီလီယံ သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းဖြစ်သည့် သုံးနာရီခွဲဖြင့် သွားရောက်နိုင်မည့် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ မတိုင်မီတွင်လည်းကောင်း၊ ရှစ်နာရီဖြင့် သွားရောက်နိုင်မည့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကို ၂၀၂၃ ခုနှစ်တွင်လည်းကောင်း ပြေးဆွဲနိုင်ရန် အဆင့်မြှင့်တင်မည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ခရီးစဉ်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မောင်တောဒေသသို့လည်းကောင်း၊ ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်သို့လည်းကောင်း သွားရောက်လေ့လာမည် ဖြစ်သည်။ **သတင်းစဉ်**

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ


**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်တိုးတက်လျက်ရှိသည့် အခြေအနေများ၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ ဂျပန်နိုင်ငံ၏ အထောက်အကူပေးမှုများ၊ အာရှဒေသ ကုန်သွယ်ရေးလမ်းကြောင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဖြစ်စဉ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွက် ဂျပန်နိုင်ငံက အကူအညီပေးမည့်ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံများဆောင်ရွက်နိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖန်တီးပေးခြင်း၊ နည်းပညာများကူညီပေးခြင်းက ဒေသခံပြည်သူများ၏ ဘဝရပ်တည်ရေးအတွက် ပိုမိုအကျိုးရှိ၍ အထောက်အကူပြုနိုင်ပြီး ပြည်သူလူထုကလည်း ပိုမိုလိုလားကြမည်ဟု ထည့်သွင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ **မြန်မာ-ဂျပန်မှ**

အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါတယ်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လမ်းကြောင်းတိုးချဲ့ဖို့၊ ပြည်တွင်းပြည်ပ မီဒီယာတွေ သွားလာခွင့်ပိုပြီးတော့ ရရှိဖို့၊ လုံခြုံပြီး ဒုက္ခသည်တွေ ကိုယ့်သဘောနဲ့ကိုယ် ပြန်လာနိုင်ဖို့၊ ပြန်လည် နေရာချထားရေးလုပ်နိုင်ဖို့နဲ့ မစ္စတာ ကိုဖီအာနန် အကြံပေးချက်ကို အကောင် အထည်ဖော်နိုင်ဖို့ တောင်းဆိုခဲ့ပါတယ်။

**သဘောတူညီချက်**

“အခုအချိန်မှာ ဒုက္ခသည်တွေ ပြန်လာနိုင်ဖို့၊ ပြန်လည်နေရာချထားနိုင်ဖို့ ကူညီထောက်ပံ့မှုအနေနဲ့ မြန်မာအစိုးရကို ဒုက္ခသည်တွေ နေထိုင်ဖို့ လိုအပ်တဲ့ ဒေါ်လာသုံးသန်း တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ပေးအပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ နောက်တစ်ခုက နိုင်ငံတကာအဖွဲ့အစည်းတွေကနေတစ်ဆင့် ရခိုင်ပြည်နယ်ရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေတွေကို ကောင်းမွန်စေဖို့ အတွက် အထူးသဖြင့် အမျိုးသမီးတွေ ကိုယ့်ဘာသာ ရပ်တည်နိုင်ဖို့ ရည်ရွယ် ထားတဲ့ အသက်မွေးဝမ်းကျောင်း ပညာပေးရေးအပါအဝင် ဒေါ်လာသန်း ၂၀ တန်ဖိုးရှိတဲ့ ကူညီထောက်ပံ့မှုကို ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်၊ ဒါက ဂျပန်လွှတ်တော်ရဲ့ သဘောတူညီချက်ကိုရမှ တရားဝင်ပြောနိုင်မှာဖြစ်ပါတယ်။

“ဒီလိုပဲ ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်ကို တတ်နိုင် သလောက် ကူညီထောက်ပံ့သွားဖို့ရှိပါတယ်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဒေသတွင်း ဆက်သွယ်ရေး Connectivity ကို ပိုပြီးတော့ခိုင်မာစေရေး ပိုပြီးဆောင်ရွက် သွားဖို့၊ ဆက်လက်ပြီး ဆောင်ရွက်သွားဖို့ အတည်ပြုခဲ့ပါတယ်၊ ဒီနှစ် ဂျပန်နိုင်ငံ မှာ ကျင်းပဖို့ရှိတဲ့ မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နိုင်ဖို့ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်၊ ဂျပန်နိုင်ငံအနေနဲ့ ဆက်လက်ပြီးတော့ မိတ်ရင်းဆွေရင်း နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးကို ပိုပြီးအဆင့်မြှင့်တင်သွားမှာ ဖြစ်ပါ တယ်”ဟု ပြောကြားသည်။

**ဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားရာတွင် “နိုင်ငံခြားရေး ဝန်ကြီးအသစ်ကို ကြိုဆိုနိုင်တဲ့အတွက် အများကြီး ဝမ်းသာပါတယ်၊ ကျွန်မတို့ရဲ့ မိတ်ဆွေကောင်းဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ နွေးထွေးစွာ ကြိုဆိုပါတယ်၊ ကျွန်မတို့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးဟာ အမြဲပဲ နွေးထွေးခဲ့ပါတယ်၊ ကျွန်မတို့ လိုအပ်တဲ့အချိန်မှာလည်း ဂျပန်နိုင်ငံဟာ အကူ အညီတွေ အမြဲပဲပေးလေ့ရှိပါတယ်။ ဒီနေ့လည်း ဝန်ကြီးနဲ့ တွေ့တဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးကို ဘယ်လို ထောက်ပံ့မယ်ဆိုတာတွေကိုလည်း အများကြီးဆွေးနွေးခဲ့ပါတယ်၊ ကျွန်မတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေတဲ့ စီမံကိန်းတွေ အရှိန်အဟုန်နဲ့ ပြီးမြောက် စေဖို့၊ ပိုပြီးတော့ တိုးတက်စေဖို့လည်း ဆွေးနွေးခဲ့ပါတယ်၊ ရခိုင်ပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ဖို့အတွက်ရယ်၊ နောက်ပြီးတော့ ဒုက္ခသည်တွေ ပြန်လာ ရင် သေသေချာချာ ကောင်းကောင်းမွန်မွန် လက်ခံနိုင်ဖို့ ကိစ္စတွေကို ဂျပန်နိုင်ငံ ကနေ ဘယ်လို အကူအညီပေးနိုင်မလဲဆိုတာတွေကိုလည်း ကျွန်မတို့ ဆွေးနွေးခဲ့ ပါတယ်။

“ရေတိုလိုအပ်ချက်တွေသာ မကဘူး၊ ရေရှည်လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးဖို့ ဂျပန်နိုင်ငံအနေနဲ့ စေတနာရှိတဲ့အတွက် ကျွန်မတို့ အင်မတန် မှ ကျေးဇူးတင်ပါတယ်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ အချိန်ယူရတယ်ဆိုတာ ကျွန်မတို့အားလုံးသဘောပေါက်ပါတယ်၊ သို့သော်ငြားလည်း ကျွန်မတို့အနေနဲ့ အမြန်ဆုံး ဖြစ်မြောက်စေချင်တဲ့ဆန္ဒကို ဂျပန်နိုင်ငံကနေပြီးတော့ နားလည်မှု ပေးပြီးတော့ ပံ့ပိုးမှုပေးတဲ့ဟာကိုလည်း တန်ဖိုးထားပါတယ်၊ ကျွန်မတို့ ဘာတွေ ဆွေးနွေးခဲ့တယ်ဆိုတာ ဝန်ကြီး ခိုနို အနေနဲ့ အားလုံးပြောပြီးပြီဆိုတော့ ကျွန်မအနေနဲ့ ထပ်ပြီးပြောစရာမရှိတော့ပါဘူး၊ ကျွန်မဖြည့်စွက်ပြီး ပြောချင်တာ ကတော့ ကျွန်မတို့နဲ့ ဂျပန်နိုင်ငံဟာ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေ တူတူ ညီညီရှိခဲ့တာကြောင့်မို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိတယ်၊ ဒီလို နားလည်မှုအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နှစ်နိုင်ငံရဲ့ မိတ်ဆွေအရင်း အချာအဖြစ်နဲ့ ရပ်တည်ရေးဟာ ပိုမို၍ အရှိန်အဟုန်ရသွားမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်၊ ဒါကြောင့်မိုလို့လည်း မကြာခဏ ဆက်ပြီးတော့လည်း တွေ့နိုင်ဖို့ မျှော်လင့်ပါတယ်။

“နိဂုံးချုပ်အနေနဲ့တော့ ဝန်ကြီးနဲ့ ဝန်ကြီးရဲ့အဖွဲ့ ရခိုင်ပြည်နယ်သွားမယ့် ခရီးဟာ အားလုံးပြေပြစ်မယ်၊ ချောမွေ့မယ်လို့ မျှော်လင့်ပါတယ်၊ အဲဒီအတွက် လည်း ကျွန်မတို့အားလုံး တတ်နိုင်သမျှ သေသေချာချာ စီစဉ်ဆောင်ရွက် ထားပါတယ်”ဟု ပြောကြားသည်။

**အဆင့်မြှင့်တင်ဖို့**

ထို့နောက် သတင်းထောက်များ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား ကြသည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် မေးမြန်းမှုကို ဂျပန် နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာတွင် “ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု တွေဆိုတာက ရခိုင်ပြည်နယ်မှာနေတဲ့ လူတွေအားလုံးနဲ့ သက်ဆိုင်တဲ့ပြဿနာ တွေရဲ့ အရင်းအမြစ်ကို ဖြေရှင်းဖို့အတွက် အင်မတန်အရေးကြီးတယ်လို့ ယူဆ ပါတယ်။

“မစ္စတာ ကိုဖီအာနန် အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အရ ပညာ ရေး၊ ကျန်းမာရေးကဏ္ဍအပါအဝင် ဒေသခံတွေရဲ့ လူနေမှုဘဝ အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်ဖို့ဆိုတာက ဦးစားပေးပြီးတော့ လုပ်သင့်တယ်လို့ထင်ပါတယ်။

“နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကတော့ UEHRD ဖွဲ့စည်းပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကို စတင်နေပြီလို့ ပြောပါ တယ်၊ ဂျပန်နိုင်ငံက အရေးပေါ်ကူညီ ထောက်ပံ့မှုတွေသာမကဘဲ ကာလရှည် အတွက် နေထိုင်မှုဘဝ အဆင့်မြှင့်တင်ဖို့ ရည်ရွယ်ပြီး ရခိုင်ပြည်နယ်ထဲမှာ ကားလမ်းခင်းဖို့ အပါအဝင် လျှပ်စစ်မီးဖြန့်ဖြူးရေးလိုင်းကို တည်ဆောက်လို့ ရပါမယ်၊ ဒီလို လုပ်ငန်းစဉ်များကို တည်ဆောက်ဖို့ ဆုံးဖြတ်ပေးတာဖြစ်ပါတယ်၊ ဒါကို သေသေချာချာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ယန်း ဘီလီယံ ၈၀၀ ကူညီ**

“အစိုးရသာမကဘဲ ဂျပန်နိုင်ငံက NGO အဖွဲ့တွေကလည်း ရခိုင်ပြည်နယ် ထဲမှာ ကျောင်းဆောင် ၁၀၀ တည်ဆောက်မှုကို ဆောင်ရွက်နေပါတယ်၊ အဲဒီ ထဲက တချို့ကျောင်းမှာတော့ ဗုဒ္ဓဘာသာဝင်တွေနဲ့ မူဆလင်တွေက အတူတူ လေ့လာနေတာရှိပါတယ်၊ ဒီလို ကျောင်းတွေပြန်ဖွင့်ပြီးတော့ ဆောင်ရွက်ခြင်း တွေကို တိုးချဲ့စေနိုင်ဖို့ ပြင်းပြစွာ ဆုတောင်းနေပါတယ်။

“နောက်တစ်ခု ပုဂ္ဂလိကကုမ္ပဏီတွေက ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ မိုဘိုင်းဖုန်းဆက်သွယ်ရေးနဲ့ပတ်သက်ပြီး တာဝါတိုင် ၂၈ ခုကို တည်ဆောက် ထားတဲ့အတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ မိုဘိုင်းဖုန်းဆက်သွယ်ရေးအခြေ အနေတွေက ပိုပြီးတော့ ကောင်းမွန်လာမယ်လို့ ယူဆပါတယ်။

“ဂျပန်နိုင်ငံအနေနဲ့ ယခု ရခိုင်ပြည်နယ်မှာ ပြဿနာရဲ့ရင်းမြစ်ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့က တတ်နိုင်သလောက် ကြိုးစား ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဖြေကြားသည်။

ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွက် အကူအညီပေးနေမှုများနှင့် ပတ်သက် သည့် မေးခွန်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာတွင် “ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအမြစ်တွယ်စေတဲ့ ငြိမ်းချမ်းရေးနှင့် ပြည်သူ ပြည်သား တွေ ပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငါးနှစ် တာကာလမှာ ဂျပန်ယန်း ဘီလီယံ ၈၀၀ ကူညီထောက်ပံ့မှုကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး ကူညီဆောင်ရွက်သွားမယ်ဆိုတဲ့မူဝါဒကို ပြီးခဲ့တဲ့ နှစ်နှစ်လောက် ကတည်းက ချမှတ်ခဲ့ပါတယ်။

**ပူးပေါင်းဆောင်ရွက်**

“အခုနောက်ပိုင်းမှာ အထူးသဖြင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးတွေအမြန်ကောင်းမွန်စေဖို့၊ ရန်ကုန်-မန္တလေး ရထားလိုင်းတွေမှာ အကူအညီတွေပေးအပ်ဖို့၊ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေ လူနေမှုအဆင့်မြင့်မှုကို လက်တွေ့ခံစားနိုင်စေဖို့ ထောက်ပံ့မှုအစီအစဉ်တွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

“ဒါ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ်းလှမ်းထားတဲ့ ပညာ ရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင် ရွက်သွားမှာဖြစ်ပါတယ်၊ မြန်မာအစိုးရအနေနဲ့ ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင် ပြီးတော့ ကူညီထောက်ပံ့မှု အစီအစဉ်တွေ ဆောင်ရွက်နေပါတယ်၊ နှစ်ဦး နှစ်ဖက် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ဖို့အတွက် လျှပ်စစ်မီးကဏ္ဍ အပါအဝင် ကျန်တဲ့ကဏ္ဍတွေမှာ လုပ်ထုံးလုပ်နည်းတွေ လျှော့ချပေးရေး ပိုပြီး ဆောင်ရွက် ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်၊ ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဖြေကြား သည်။

မြန်မာအစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းက လူ့အခွင့်အရေးဆိုင်ရာကိစ္စ နှင့် ပတ်သက်၍ ဝေဖန်နေမှုများ၊ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာတွင် “ရခိုင်ပြည်နယ်ရဲ့ အခြေအနေက လူ့အခွင့်အရေးတွေရယ်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ လူ့အသိုင်းအဝိုင်းအကြား တင်းမာမှု တွေရှိတဲ့အတွက် အင်မတန်ရှုပ်ထွေးနက်နဲတဲ့ကိစ္စ ဖြစ်တယ်လို့လည်း နားလည် ထားပါတယ်။

**ပြင်းပြစွာမျှော်လင့်**

“ဦးစားပေးရမယ့်ကိစ္စကတော့ လူ့အသိုင်းအဝိုင်းတွေရဲ့ကြားမှာ ပြန်လည် သင့်မြတ်မှုကို ဘယ်လို အကောင်အထည်ဖော်နိုင်မလဲဆိုတာ ဖြစ်ပါတယ်၊ ဒုက္ခသည်တွေပြန်လာဖို့ ကိစ္စကတော့ အထူးဂရုစိုက်ပြီး လူ့အသိုင်းအဝိုင်းအကြား ခွဲခြားဖို့မဟုတ်ဘဲ လူ့အသိုင်းအဝိုင်းအကြား ပြန်လည်သင့်မြတ်ရေးကို အကောင် အထည်ဖော် ဖန်တီးနိုင်ရေး ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

“ဂျပန်နိုင်ငံအနေနဲ့ ဒီလိုမျိုး ထင်မြင်ယူဆချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ မြန်မာအစိုးရကို ကူညီဆောင်ရွက်ဖို့ တတ်နိုင်သလောက် ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်၊ ဒုက္ခသည်တွေ ပြန်လည်နေရာချထားနိုင်ရေးအတွက် ကူညီထောက်ပံ့ရေး၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လူမှုအသိုင်းအဝိုင်း၊ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ အခြေအနေကောင်းမွန်စေဖို့အတွက် ကူညီထောက်ပံ့သွားမှာဖြစ်ပါ တယ်။

“ဒီလိုလုပ်တဲ့အခါမှာ ဂျပန်နိုင်ငံအနေနဲ့ ပိုပြီး အကူအညီပေးအပ်နိုင်တဲ့ ကဏ္ဍရှိတယ်ဆိုရင် ဘယ်လိုလုပ်နိုင်မလဲဆိုတာ ကျွန်တော်တို့ ရှာဖွေသုံးသပ်သွား မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိနေတဲ့ လူ့အသိုင်းအဝိုင်းတွေ အားလုံးရဲ့ ကြားမှာ သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးကို အကောင်အထည်ဖော် နိုင်အောင် ပြင်းပြစွာမျှော်လင့်ပါတယ်”ဟု ဖြေကြားသည်။

**အဟန့်အတားတစ်ခု**

နိုင်ငံတကာအသိုင်းအဝိုင်းမှ ဝေဖန်နေမှုများ၊ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် အင်းဒင်ကျေးရွာ၌ ဘင်္ဂါလီများ သတ်ဖြတ်ခံရသည့်ကိစ္စ၊ ဒုက္ခ သည်များပြန်လာရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မေးမြန်းမှုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြေကြားရာတွင် “ရခိုင်ပြည်နယ်နဲ့ ပတ်သက် ပြီး နိုင်ငံတကာက အင်မတန်မှ အလေးထား၊ စိတ်ဝင်စားနေတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျွန်မတို့ လုပ်ရတာက အင်မတန်မှ ကျယ်ပြန့်ပါတယ်၊ ကျွန်မတို့ နိုင်ငံရဲ့ကိစ္စကို ကြည့်တဲ့အခါ ရခိုင်ပြည်နယ်တစ်ခုတည်းကိုကွက်ပြီး ကြည့်လို့မရပါဘူး၊ ရခိုင်ပြည်နယ်ဆိုတာဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ဟာ ပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ ပြဿနာတွေတင်မကဘဲ ကျွန်မတို့ရဲ့ ရေရှည်ပန်းတိုင်ကိုလည်း မျက်ခြည်ပြတ် လို့ မဖြစ်ပါဘူး၊ ဒါကြောင့်မို့ စောစောတုန်းက ဝန်ကြီး ခိုနို ပြောသွားတဲ့အတိုင်း ပါပဲ၊ အဓိကအရေးကြီးတာက ရေရှည်မှာ ရခိုင်ပြည်နယ်မှာ နေထိုင်တဲ့ ကျွန်မ တို့ရဲ့ ပြည်သူပြည်သားတွေ အားလုံးကြားထဲမှာ သင့်မြတ်မှုရှိဖို့၊ ခင်မင်မှုရှိဖို့၊ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိဖို့ပါ၊ အဲဒါကို ကျွန်မတို့ အလေးထားပြီး လုပ်ရမှာဖြစ်ပါတယ်၊ ပြီးတော့ ဝေဖန်မှုတွေကတော့ ရှိမှာပဲ၊ ဝေဖန်နေတာက အပြုသဘောဆောင်တဲ့ ဝေဖန်မှုလည်းရှိတယ်၊ အပြုသဘော မဆောင်တဲ့ ဝေဖန်မှုလည်း ရှိတယ်၊ ဒါတွေကို ကျွန်မတို့က သေသေချာချာ လေ့လာပြီးတော့ ကျွန်မတို့အနေနဲ့ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်ရမှာပါ၊ နောက်ဆုံး ဆုံးဖြတ်ချက်တွေရဲ့ အဓိကရလဒ်ကို ခံစားရမှာက ကျွန်မတို့နိုင်ငံသူ နိုင်ငံသား တွေပဲ ဖြစ်ပါတယ်၊ နောက် အင်းဒင်ရွာကိစ္စပေါ့၊ အင်းဒင်ရွာကိစ္စမှာ သတ်ဖြတ်မှု တွေဖြစ်ခဲ့တယ်၊ သတ်ဖြတ်မှုတွေဖြစ်ခဲ့လို့ အခုတပ်မတော်ကနေပြီးတော့ စိစစ် ပြီးတော့ အရေးယူမယ်ဆိုတာ ကျွန်မတို့ရဲ့ နိုင်ငံအတွက်က ခြေလှမ်းအသစ် တစ်ခုကို ရှေ့လှမ်းတာလို့ပဲ ဒီလိုပဲမြင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆုံး ကျရင် နိုင်ငံတစ်နိုင်ငံဟာ ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ တရားဥပဒေစိုးမိုးရေးကို ကိုယ့်ဘာသာတာဝန်ယူရမှာ ဖြစ်ပါတယ်၊ အဲဒီတော့ ဒီဟာက ကိုယ့်ဟာကိုယ် တာဝန်ယူတဲ့ နေရာမှာ၊ တာဝန်ယူတဲ့ လမ်းကြောင်းပေါ်မှာ စပြီးလှမ်းတယ်ဆိုတာ အပေါင်းလက္ခဏာနဲ့ မြင်ဖို့ဖြစ်ပါတယ်၊ ဒါဟာလည်း ကြောက်သွားမလားဆိုတော့ ကြောက်တဲ့လူတွေကလည်း ကြောက်သွားနိုင်ပါတယ်၊ ဒါပေမယ့် အခုဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး၊ အရင်တုန်းကဖြစ်တဲ့ကိစ္စကို ပြန်ပြီးတော့ စုံစမ်းတာပါ၊ ဒါကြောင့်မို့လို့ ကျွန်မတို့က စုံစမ်းခြင်းအားဖြင့် နောင်ဒီလိုကိစ္စမျိုးတွေ မဖြစ် အောင်လို့ အဟန့်အတားတစ်ခုအနေနဲ့ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်၊ ဒုက္ခသည်တွေကို ပြန်လည်လက်ခံပြီးတော့ လက်ခံရေးနဲ့ပတ်သက်ပြီးတော့ ဝန်ကြီး ခိုနိုက အင်မတန်မှ ပြည့်ပြည့်စုံစုံ ပြောသွားပြီးဖြစ်ပါတယ်၊ အားလုံးကို ပြင်ဆင်ပေးထားသင့်တဲ့ကိစ္စတွေကို ပြင်ဆင်မှာ ဖြစ်ပါတယ်”ဟု ဖြေကြား သည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ အား စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ Myanmar Japan Thilawa Development Ltd. မှ CEO@President Mr. TOMOYASU SHIMIZU နှင့် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က သီလဝါအထူးစီးပွားရေးဇုန်အကောင် အထည်ဖော်ဆောင်ရွက်နေမှု၊ စက်ရုံများလုပ်ငန်းလည်ပတ် နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်း များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ် ထားသည့် One Stop Service Center သို့ သွားရောက်



လေ့လာရာ ဒုတိယဝန်ကြီး ဦးဆက်အောင်က လုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန် နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံပြီး Speaker နှင့် Earphone ထုတ်လုပ်နေသည့် Foster Electric Thilawa Company သို့ သွားရောက်ပြီး စက်ရုံအတွင်း ကြည့်ရှု လေ့လာကြသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ဇုန်(A)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဇုန် (B)ရှိ ဟက်တာ ၁၀၀ ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံ ပေါင်း ၁၇ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံပြီး စက်ရုံ ၈၉ ရုံ ခွင့်ပြုမိန့်ရရှိထားကာ စက်ရုံ ၃၉ ရုံ လုပ်ငန်းများ လည်ပတ်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို ဂျပန်နိုင်ငံမှ ပြင်ပ အခြေခံအဆောက်အအုံများ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိ ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ODA (Oversea Development Assistant Loan) ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးသည် ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ဂျပန်စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံက မြန်မာနိုင်ငံသားအားလုံး မျှော်လင့်စောင့်စားနေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အစွမ်းကုန် ဝိုင်းဝန်းကူညီသွားမှာ ဖြစ်ပါတယ်

**မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုအား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ဒီတစ်ခေါက် မြန်မာနိုင်ငံခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ ဒီဇင်ဘာလအတွင်းက သမ္မတကြီး ဦးထင်ကျော်ရဲ့ ဂျပန်နိုင်ငံ ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် အာဘေးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီတွေနဲ့ ရခိုင်ပြည်နယ် အခြေအနေတို့နဲ့ပတ်သက်ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။ အခုအကြိမ် အလည်အပတ်ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးမှာ ဘက်ပေါင်းစုံက ဝိုင်းဝန်းကူညီသွားမယ်ဆိုတဲ့အကြောင်းကို ထပ်လောင်းအသိပေးပြောကြားရင်းဖြင့် သမ္မတကြီးရဲ့ ခရီးစဉ်နောက်ဆက်တွဲအနေနဲ့ အဲဒီစိန်ခေါ်မှုတွေအတွက် မြန်မာနိုင်ငံ အစိုးရနဲ့ တပ်မတော်ထိပ်တန်းခေါင်းဆောင်တွေကြားမှာ လက်တွေ့ကျတဲ့ အစီအမံတွေနဲ့ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် သီလဝါအထူးစီးပွားရေးဇုန်ကို သွားရောက်လေ့လာပြီး နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုရဲ့ အောင်မြင်မှုသာဓကကို ပြည်တွင်း၊ ပြည်ပများသို့ သတင်းထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် ဆောင်ရွက်တဲ့အပြင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးအတွက် ဂျပန်နိုင်ငံရဲ့ နောက်ပိုင်းပူးပေါင်းဆောင်ရွက်မှုပုံစံကို စဉ်းစားသွားချင်ပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်ဆံမှုရဲ့ အနာဂတ်ကို ဘယ်လိုစဉ်းစားထားပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ "လွတ်လပ်ပြီး ပွင့်လင်းမြင်သာတဲ့ အိန္ဒိယ-ပစိဖိတ် သမုဒ္ဒရာ မဟာဗျူဟာ"အရ တရားဥပဒေစိုးမိုးရေးကို အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ပင်လယ်ရေကြောင်းဆိုင်ရာ စည်းမျဉ်းတွေကို ထိန်းသိမ်းမြှင့်တင်ရင်းဖြင့် နိုင်ငံတိုင်းအပေါ်မှာ ခွဲခြားမှုမရှိဘဲ တည်ငြိမ်အေးချမ်းရေးနဲ့ သာယာဝပြောရေးကို အကောင်အထည်ဖော်ပေးမယ့် နိုင်ငံတကာပိုင် ခနအဖြစ်သတ်မှတ်ပြီး အိန္ဒိယ-ပစိဖိတ် သမုဒ္ဒရာရှိ ဒေသအားလုံးရဲ့ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပါတယ်။ ဒီမဟာဗျူဟာအရလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုပြီးလက်တွေ့ကျကျ ဆောင်ရွက်ရင်းဖြင့် မြန်မာနိုင်ငံအစိုးရရဲ့ ဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုတွေကို ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီသွားပါမယ်။ သီလဝါအထူးစီးပွားရေးဇုန်ဟာ ဂျပန်နဲ့ မြန်မာအစိုးရနဲ့ ပုဂ္ဂလိကတို့ အတူပူးပေါင်းပြီး ရန်ကုန်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်စေတဲ့ နေရာဖြစ်တဲ့အပြင် ပစိဖိတ်-အိန္ဒိယ သမုဒ္ဒရာနယ်မြေတစ်ဝန်းလုံးအတွက် စီးပွားရေးအသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ပြီး မြန်မာနိုင်ငံနဲ့ တခြားဒေသများ ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန်အတွက် အရေးပါတဲ့ စီမံကိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကနေ အခုလိုအောင်မြင်မှုဖြစ်စဉ်ကို အရှိန်မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံအကျိုးစီးပွားနဲ့ကိုက်ညီတဲ့ မြန်မာနိုင်ငံနဲ့ အခြားဒေသများ စီးပွားရေးအလုံးစုံ တိုးတက်ရေးဆီသို့ ဦးတည်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

> **"ဂျပန်နိုင်ငံအစိုးရဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် အမြစ်တွယ်စေရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စတာတွေကို ကူညီနိုင်ရန်အတွက် နှစ်နိုင်ငံသဘောတူညီထားတဲ့ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ငါးနှစ်အတွင်း ယန်း ဘီလီယံ ၈၀၀ တန်ဖိုးရှိတဲ့ အကူအညီကို ဆောင်ရွက်မယ်လို့ ကြေညာထားခဲ့ပါတယ်"**

ဒါ့အပြင် မြန်မာနိုင်ငံက ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လက်တွေ့ဆောင်ရွက်နေမှုတွေဟာ အိန္ဒိယ၊ ပစိဖိတ် သမုဒ္ဒရာဒေသ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အင်မတန်အရေးကြီးပါတယ်။ မြန်မာအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုဖို့ လက်တွေ့အကောင်အထည်ဖော်နိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို တိုးတက်စေခြင်းအားဖြင့် လူအများအပြားဟာ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို လက်တွေ့ခံစားနိုင်လိမ့်မယ်လို့ ကျွန်တော်လေးလေးနက်နက် မျှော်လင့်ပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသားအားလုံး မျှော်လင့်စောင့်စားနေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အစွမ်းကုန် ဝိုင်းဝန်းကူညီသွားမှာဖြစ်ပါတယ်။

**မေး။ ။ ဂျပန်က ကတိကဝတ်ပြုထားတဲ့ ယန်းဘီလီယံ ၈၀၀ နဲ့ ပတ်သက်ပြီး အကူအညီတွေကို တိတိကျကျ ဘယ်လိုခွဲဝေသုံးစွဲမယ်လို့ စဉ်းစားထားပါသလဲ။**



ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို

ဖြေ။ ။ ဂျပန်နိုင်ငံအစိုးရဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် အမြစ်တွယ်စေရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး စတာတွေကို ကူညီနိုင်ရန်အတွက် နှစ်နိုင်ငံ သဘောတူညီထားတဲ့ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ငါးနှစ်အတွင်း ယန်း ဘီလီယံ ၈၀၀ တန်ဖိုးရှိတဲ့ အကူအညီကို ဆောင်ရွက်မယ်လို့ ကြေညာထားခဲ့ပါတယ်။ အဲဒီထဲက စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး ဒီကဏ္ဍသုံးခုမှာ ဂျပန်နိုင်ငံက ပူးပေါင်းဆောင်ရွက်မယ်လို့ အဓိကသတ်မှတ်ထားပါတယ်။ ဒီကဏ္ဍသုံးခုနဲ့ ၂၀၂၀ မတိုင်မီထိ မြန်မာလူမျိုးများ နေထိုင်စားသောက်မှုဘဝ မြှင့်တင်ရေးကို လက်တွေ့ခံစားနိုင်အောင် ကူညီထောက်ပံ့သွားမယ်လို့ ရည်ရွယ်ပါတယ်။ ဥပမာပြောရရင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမတိုင်မီအထိ ရန်ကုန်-တောင်ငူကြား ရထားလမ်းကို တစ်နာရီ ကီလိုမီတာ ၁၀၀ အထိ ပြေးဆွဲနိုင်တဲ့ ရထားတွဲအသစ်များ တပ်ဆင်ပြေးဆွဲဖို့ ရည်ရွယ်ထားပြီး ၂၀၂၃ ခုနှစ်မှာ မန္တလေးအထိ ပြေးဆွဲနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ရန်ကုန်-တောင်ငူခရီးစဉ်ကို လက်ရှိ ခုနစ်နာရီ ပြေးဆွဲနေရာမှ သုံးနာရီခွဲလောက် ပြေးဆွဲချိန်တိုတောင်းသွားပြီး မန္တလေးအထိ ရှစ်နာရီခရီးနဲ့ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီရလဒ်အနေနဲ့ နံပါတ်(၁) စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်နဲ့ နံပါတ်(၂) စီးပွားရေးမြို့တော်ဖြစ်တဲ့ မန္တလေးကို ဆက်သွယ်ကာ ကုန်စည်စီးဆင်းမှုနဲ့ ပြည်သူတွေခရီးသွားလာမှု ပိုမိုချောမွေ့လာပြီး မြန်မာပြည်သူပြည်သားတွေရဲ့ နေထိုင်မှုဘဝကို မြှင့်တင်လာနိုင်ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ အရှိန်အဟုန်ကို တွန်းပို့ပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံက ဆက်လက်ဆောင်ရွက်နေတဲ့ ရန်ကုန်မြို့ပတ်ရထား ပြန်လည်ပြုပြင်ခြင်း အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမတိုင်မီထိ ရထားတွဲအသစ် ၁၈ တွဲ ပြေးဆွဲပြီး ၂၀၂၂ ခုနှစ်မှာ တစ်နေ့ပြေးဆွဲတဲ့ အခေါက်ရေကို လက်ရှိ ၁၂၀ ခန့်ကနေ ၁၈၀ ထိ တိုးတက်လာမှာဖြစ်ပြီး ရန်ကုန်မြို့ထဲတွင် အလွန်အကျွံယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီလုပ်ငန်းတွေနဲ့ ဂျပန်ကုမ္ပဏီတွေ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဘူတာဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှတစ်ဆင့် မြန်မာနိုင်ငံသားတွေထံ အသစ်အသစ်သော မြို့ပြလူနေမှုပုံရိပ်ကို တင်ပြပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခြားကဏ္ဍတွေနဲ့ပတ်သက်ပြီး မြန်မာအစိုးရနဲ့ စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံတော်ကြီး တည်ဆောက်မှုအတွက် အကူအညီများကို ဆက်လက်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဂျပန်ဝန်ကြီးချုပ်က မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဂျပန်နိုင်ငံရဲ့ အကူအညီများနဲ့ပတ်သက်ပြီး ဖော်ပြခဲ့ပါတယ်။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး တိတိကျကျ သိပါရစေ။**

ဖြေ။ ။ လယ်ယာလုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ အခြေခံကုန်ထုတ်လုပ်ငန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအစိုးရကလည်း လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်တစ်ခုအနေနဲ့ ထားရှိပြီး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံအစိုးရအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန် အရည်အသွေးကို မြှင့်တင်ပြီး လူဦးရေ ၆၀ ရာခိုင်နှုန်းရှိ လယ်သမားထုရဲ့ လူနေမှုဘဝ မြှင့်တင်ခြင်းလုပ်ငန်းကို အလျင်အမြန် တိုးတက်စေပြီး ရန်ကုန်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အဝေးနယ်များအထိ ပျံ့နှံ့စေရန် ရည်ရွယ်ထားပါတယ်။ အထူးသဖြင့် မြန်မာအစိုးရက ဆောင်ရွက်နေတဲ့ မန္တလေးအနောက်မြောက်ဘက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ကို ဗဟိုထားပြီး လယ်ယာလုပ်ငန်း ဝင်ငွေမြှင့်တင်ခြင်းဆိုင်ရာ အစီအစဉ်တွေကို အကူအညီပေးလျက်ရှိပါတယ်။ အဲဒီအကူအညီတွေထဲမှာ ဆည်မြောင်း၊ တာတမံတွေနဲ့ လယ်ယာမြေတွေ ပြုပြင်ပေးခြင်း၊ စိုက်ကွင်းမှ ဈေးကွက်ထိ သယ်ယူပို့ဆောင်ပေးနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်မှုတို့ ပါဝင်ပါတယ်။ ထို့အပြင် ၎င်းတို့နဲ့အတူ စိုက်ပျိုးရေးသုံးရေစီမံခန့်ခွဲရေးနဲ့ စံပြစိုက်ကွင်းလုပ်သားများအတွက် အကူအညီပေးရေးစတဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း လုပ်ဆောင်ရင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်ခြင်းနဲ့အတူ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမော်ဒယ်ကို ဖော်ဆောင်ပေးမယ်လို့ ရည်ရွယ်ထားပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့ အစီအစဉ်တွေက ဂျပန်နိုင်ငံရဲ့ အကူအညီတွေနဲ့ အောင်မြင်ရင် တခြားသောဒေသတွေထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သွားခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြီးမားစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ စဉ်းစားထားပါတယ်။

**မေး။ ။ ရခိုင်ဒေသ အခြေအနေနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံရဲ့ သဘောထားနဲ့ အနာဂတ်မှာ ကူညီထောက်ပံ့ဖို့ ဘယ်လိုအစီအစဉ်ရှိပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံအစိုးရဟာ ရခိုင်ဒေသ အခြေအနေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံ အစိုးရ၊ တပ်မတော်တို့နဲ့ တိုက်ရိုက်ဆက်သွယ်ဆွေးနွေးမှုတွေ ဆက်လက်ပြုလုပ်နေပါတယ်။ ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရရဲ့ လူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားရင်း လုံခြုံရေး ပြန်လည်တည်ဆောက်ခြင်းကို အထူးအလေးထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ဖွဲ့စည်းပေးထားတဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီအောက်မှာ (၁) ကုလသမဂ္ဂအပါအဝင်ဖြစ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး ဆောင်ရွက်ရန်၊ (၂) ဒုက္ခသည်များ ဘေးကင်းစွာ မိမိသဘောဆန္ဒအလျောက် ပြန်လာနိုင်ရေးနဲ့ ပြန်လည်နေရာချထားပေးရန်၊ (၃) ကိုဖီအာနန် အကြံပေးကော်မတီရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ခြင်းအားဖြင့် အခြေခံစိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ တိုးတက်စေရန် လေးလေးနက်နက် မျှော်လင့်ထားပါတယ်။

ဂျပန်နိုင်ငံအစိုးရက ဒီလိုမြန်မာနိုင်ငံ အစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ကူညီနိုင်ရန်အတွက် အစီအစဉ်ရှိပါတယ်။ ပြီးခဲ့တဲ့လက ဂျပန်ဝန်ကြီးချုပ် မစ္စတာ အာဘေးက သမ္မတကြီး ဦးထင်ကျော်ကို ရခိုင်ပြည်နယ်အတွင်းရှိ လမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်ပြုပြင်အဆင့်မြှင့်တင်နိုင်ရေး၊ စာသင်ကျောင်း ၁၅ ကျောင်း ဆောက်လုပ်ပေးရေးတို့ကို ကူညီမယ့်အကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အခုခရီးစဉ်မှာလည်း ဂျပန်နိုင်ငံအစိုးရဟာ အထူးသဖြင့် မကြာမီပြန်ရောက်လာတော့မယ့် ထွက်ပြေးတိမ်းရှောင်သူတွေ လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးအတွက် အရေးပေါ် အကူအညီအနေနဲ့ ထွက်ပြေးတိမ်းရှောင်သူတွေရဲ့ လူနေမှုဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ ကုန်ပစ္စည်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကတစ်ဆင့် ဒေါ်လာ သုံးသန်း လှူဒါန်းသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံအစိုးရဟာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအား အရေးပေါ် အကူအညီများ ပေးအပ်မည်ဖြစ်ပြီး အနာဂတ်မှာလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်အတွင်းမှာ ယခင်ကတည်းက ဂျပန်နိုင်ငံရဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက လုပ်ကိုင်ပေးလျက်ရှိပါတယ်။ Bridge Asia Japan ဟာ အသက်မွေးဝမ်းကျောင်းဆိုင်ရာနဲ့ နည်းပညာပိုင်းဆိုင်ရာ သင်တန်းတွေကို ဖွင့်လှစ်လျက်ရှိပြီး အဲဒီအသက်မွေးဝမ်းကျောင်း သင်တန်းမှတစ်ဆင့် လူမှုအသိုက်အဝန်းဆိုင်ရာ အခြေခံအဆောက်အအုံတွေကို နိပွန်ဖောင်ဒေးရှင်းနဲ့အတူ ပူးပေါင်းပြီး ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်ခြင်းစတဲ့ ကူညီမှုတွေကို လုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီလို ကူညီပေးခဲ့တာဟာ မူဆလင်ဘာသာဝင်တွေနဲ့ ဗုဒ္ဓဘာသာဝင်တွေ အပါအဝင်ဖြစ်တဲ့ အမျိုးမျိုးသော လူမှုအသိုက်အဝန်းလူငယ်တွေနဲ့ ကလေးငယ်တွေ လေ့လာသင်ယူနိုင်ရန် အပြန်အလှန်နားလည်မှု ပိုမိုနက်ရှိုင်းလာစေရန် အခွင့်အလမ်းတွေကို ကူညီခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီအခြေခံ လူတန်းစားတွေထံ တိုက်ရိုက်သက်ရောက်စေတဲ့ လှုပ်ရှားမှုတွေကို လုပ်ကိုင်နေပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ လေးလေးနက်နက် ဆန္ဒပြုပါတယ်။ ဂျပန်နိုင်ငံရဲ့ အကူအညီတွေဟာ မြန်မာအစိုးရနဲ့ ပြည်သူတွေအားလုံးရဲ့ ကြိုးစားအားထုတ်မှုကို ရှေ့ဆက်နိုင်ဖို့ အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ။

ဖိုးသက်



# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E.Mr. Mohammad Sufiur Rahman အား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman အား ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

**✻ ကျောဖုံးမှ**

ကိရိယာများ၊ ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်ပြီး စနစ်တကျ သုတေသနပြုကာ စံချိန်စံညွှန်းများ ဖော်ထုတ်၍ နိုင်ငံတကာ အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အားပေးဆောင်ရွက်**

နိုင်ငံတော်အစိုးရကလည်း မှေးမှိန်ပျောက်ကွယ်လုဖြစ်နေသည့် ဆေးပညာရပ်များ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ပေပုရပိုက်များနှင့် ဆေးကျမ်းများ၊ အစွမ်းထက်ကုထုံးများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများ၊ အဖိုးထိုက်တန်လှသည့် ဆေးဖက်ဝင် ပရဆေးပင်နှင့် ဆေးဖက်ဝင် သဘာဝ သယံဇာတများ ပြန်လည်ဖော်ထုတ်နိုင်စေရန် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**နှစ်စဉ်မပျက် ကျင်းပ**

အနယ်နယ်အရပ်ရပ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ နှစ်စဉ်ဆုံစည်း၍ ပညာဖလှယ်နိုင်ကြရန်အတွက် နိုင်ငံတော်အဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကိုလည်း နှစ်စဉ်မပျက် ကျင်းပစေလျက်ရှိပါကြောင်း။

**ပုဂ္ဂလိက ကဏ္ဍ**

ယမန်နှစ်က နှီးနှောဖလှယ်ပွဲကြီး၏ အဆိုပြုချက်များအတိုင်း ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနလုပ်ငန်း ၂၆ ခုကို နိုင်ငံတော်ဘတ်ဂျက်နှင့် ဆောင်ရွက်ရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ ကျင့်ဝတ်နှင့်ကိုက်ညီပြီး တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသည့် တိုင်းရင်းဆေးဝါးကြော်ငြာများနှင့် အဆင့်အတန်းမြင့်မားသည့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများ ထွက်ပေါ်လာရေး အတွက်ကိုလည်း နိုင်ငံတော်မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ထုတ်လုပ်မှုနည်းစဉ်များနှင့် ထုပ်ပိုးသိုလှောင်မှုစနစ်များတွင် နိုင်ငံတကာအဆင့်မီ အသုံးပြုထုတ်လုပ်သည့် ခေတ်မီတိုင်းရင်းဆေးဝါးလုပ်ငန်းများလည်း ပုဂ္ဂလိကကဏ္ဍတွင် စတင်ဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးစား**

ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)တွင် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများနှင့်ပတ်သက်ပြီး လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း အတတ်နိုင်ဆုံး ကိုက်ညီအောင် ကြိုးစားပြင်ဆင်ပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပင်ကိုအားဖြင့် အနှစ်သာရပြည့်ဝပြီး အခြေခိုင်ခဲ့သည့် ပညာရပ်စစ်စစ်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် အစွမ်းအာနိသင်ထက်လှသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာက အသိအမှတ်ပြု အောင်မြင်ကျော်ကြားလာစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည်များကိုရရှိအောင် ဆောင်ရွက်နိုင်ရန် အတွက် ဝိုင်းဝန်းကြိုးစားကြရမည် ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

**အစွမ်းထက်ဆေးဝါးများ**

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ မြန်မာ့တိုင်းရင်းဆေးသမားတော်များ အားလုံးက ညီလာခံကြီးတွင် ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းပြီး နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ကျန်းမာရေး ပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ရန်၊ နယကြီး(၄)ပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာကုထုံး နည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးစနစ်များကို ဆန်းစစ်သုံးသပ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များကို ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

**ဂုဏ်ပြုသဝဏ်လွှာ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖတ်ကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**စုပေါင်းမှတ်တမ်းတင်**

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင်ဆရာကြီးများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်များနှင့်အတူ အဆိုပါခန်းမအတွင်း၌ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါး ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးသည်။

**ရည်ရွယ်ချက်များဖြင့်**

မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တာဝန်ရှိသူများ တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးများ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာ စားပွဲ**

ညပိုင်းတွင် ဒုတိယသမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# Myanmar Digital News (MDN) မိုဘိုင်းအက်ပလီကေးရှင်းနှင့် News Portal တို့အား လူထုနှင့် စတင်မိတ်ဆက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့်Megalink Advanced Technologies ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ထားသည့် Myanmar Digital News (MDN) မိုဘိုင်းအက်ပလီကေးရှင်းနှင့် News Portal တို့အား စတင်ခြင်းနှင့် မြန်မာပြည်သူလူထုနှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် ညနေပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်၌ ပြုလုပ်ခဲ့ရာ လာရောက်သတင်းရယူကြသော မီဒီယာများ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် Megalink Advanced Technologies ကုမ္ပဏီမှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။


ဦးကျော်စိုး


ဦးဟန်လင်းအောင်

"ကျွန်တော်တို့ နဂိုမူလအနေနဲ့ Print Media ကတော့ မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar နေ့စဉ်သတင်းစာတွေ ထုတ်တယ်၊ ဒါကတော့ Print Media ဖြစ်ပါတယ်၊ သတင်းခေတ်ကို ရောက်လာတဲ့အခါ ပြောင်းလဲတိုးတက်တဲ့ ICT နည်းပညာဘက်ကို အမီလိုက်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ ဒီ Myanmar Digital News ကို ထူထောင်ရတာ ဖြစ်ပါတယ်"ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက Myanmar Digital News (MDN) မိုဘိုင်းအက်ပလီကေးရှင်းနှင့် News Portal တို့အား စတင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ Myanmar Digital News အနေနဲ့ ပြည်တွင်းရှိ မြန်မာပြည်သူများ သတင်းတွေကို အွန်လိုင်းကတစ်ဆင့် လျင်မြန်စွာ သိရှိနိုင်စေဖို့နဲ့ ကမ္ဘာတစ်ဝန်းကပါ သိရှိနိုင်စေဖို့ရည်ရွယ်ပြီး အချိန်မရွေး၊နေရာမရွေး သတင်းဖတ်နိုင်အောင် စီစဉ်ပေးထားတာဖြစ်ပါတယ်" ဟု Myanmar Digital News ၏ တာဝန်ခံ ဦးဟန်လင်းအောင်က ပြောကြားသည်။

"ကျွန်တော်တို့ Myanmar Digital News အနေနဲ့ ပြည်တွင်း၊ နိုင်ငံတကာကမြန်မာသတင်းဖတ်ရှုသူတွေ အချိန်မရွေး၊ နေရာမရွေးလွယ်လင့်တကူ သတင်းဖတ်နိုင်အောင် စီစဉ်ပေးထားတာဖြစ်ပါတယ်"ဟု ဤပွဲကို ကူညီစီစဉ်ပေးသော Megalink Advanced Technologies ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးမောင်ဟိန်းက ပြောသည်။

"ပုံမှန် သတင်း ဖတ်တာမျိုးအပြင် Interactive Feature တွေဖြစ်တဲ့ ရုပ်ရှင်ကကို ဖတ်နေရင်း နမူနာဗီဒီယိုတစ်ခါတည်း ကြည့်နိုင်တာမျိုး၊ သတင်းစာထဲကမွေးနေ့ဆုတောင်းကြော်ငြာကိုဖတ်ရင်း မွေးနေ့ရှင်ဆီတစ်ခါတည်း ဆုတောင်းစကားကို အွန်လိုင်းကပေးပို့နိုင်တာမျိုး စတဲ့ လုပ်ဆောင်ချက်တွေလည်း ထည့်သွင်းထားပါတယ်၊ ရေရှည်မှာ တခြားဖျော်ဖြေရေးကဏ္ဍတွေကို ဆက်လက်တိုးချဲ့သွားဖို့လည်းရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Myanmar Digital News အနေဖြင့် Online News Portal နှင့် Digital Newspaper တို့အပြင် လူမှုဆက်သွယ်ရေး စာမျက်နှာဖြစ်သော http://facebook.com/MyanmarDigitalNews တို့တွင် ဝင်ရောက် ဖတ်ရှုနိုင်ပြီး Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းကို Play Store နှင့် App Store တို့တွင် အခမဲ့ ဒေါင်းလုတ်ရယူနိုင်သည်။

**ကြေးမုံ**

## ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ဘေးအန္တရာယ်ဖြစ်သော ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊လေဘေး၊ငလျင်ဘေး၊ဆူနာမီဘေး၊ မြေပြိုဘေးစသည့် သဘာဝဘေးမျိုးစုံဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ထိုဘေးအန္တရာယ်များအနက်မှ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်း၍မရဘဲ ကြိုတင်သိရှိရခြင်းလည်းမရှိသဖြင့် အလွန်အန္တရာယ်ကြီးမားသည့် ဘေးအန္တရာယ်တစ်မျိုးဖြစ်ပါသည်။

၂။ အင်အားပြင်းငလျင်များဖြစ်ပေါ်လာပါကလည်း ပျက်စီးဆုံးရှုံးမှုကြီးမားတတ်ပြီး နောက်ဆက်တွဲငလျင်ငယ်များ (Aftershocks)လှုပ်ခြင်း၊ ရေကာတာကြီးများကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ ရုတ်တရက် လျှပ်စစ်ကြိုးများပူးသွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့ပိုက်များ ပျက်စီးရာမှတစ်ဆင့်မီးလောင်ကျွမ်းခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာအဆောက်အဦများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲမြေငလျင်များကြောင့် ထပ်မံပျက်စီး၊ ပြိုကျတတ်ပါသည်။ အဆောက်အဦများတွင် အုတ်ကျိုးအုတ်ပဲ့များပြိုကျမှု၊ လျှပ်စစ်ဓာတ်ကြိုးများ ပြုတ်ကျမှုနှင့် အခြားဘေးအန္တရာယ်များ ရှိနိုင်ကြောင်းကိုလည်း သတိရှိရမည်ဖြစ်ပါသည်။

၄။ ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်အားအနည်းငယ်နှင့် အသင့်အတင့်ရှိ မြေငလျင်များ အကြိမ်(၇၀)ခန့် လှုပ်ခတ်ခဲ့ပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ယခုဇန်နဝါရီလတို့တွင် မကြာခဏ လှုပ်ခတ်လျက်ရှိသဖြင့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုနေထိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- မိမိအိမ်တွင် ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ၊ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။
- မိသားစုသုံးအရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ပါက ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မပြေးထွက်နိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်အောက်တွင်လည်းကောင်း၊ အခန်း၏ထောင့်နေရာများတွင်လည်းကောင်း အကာအကွယ်ယူ၍နေပါ။
- မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာသို့ပြေးပါ။ ကွင်းပြင်များတွင် ခေတ္တခိုလှုံပါ။
- မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များပိတ်ပါ။
- ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီးဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ငလျင်လှုပ်နေချိန်တွင် အဆောက်အအုံထဲသို့ပြေးမဝင်ပါနှင့်၊ ဓာတ်လှေကားများအသုံးမပြုပါနှင့်၊ အထပ်မြင့်တိုက်များမှ ခုန်ချခြင်းမပြုပါနှင့်၊
- ငလျင်လှုပ်ပြီးနောက် အဆောက်အအုံ၏ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ပါနှင့်၊ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။ ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။ တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့် အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။
- အသိပညာပေးဆွေးနွေးဟောပြောပွဲများသို့ တက်ရောက်ပါ။ သတင်းထုတ်ပြန်ချက်များ၊ ပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်နားထောင်ပါ။ ကြည့်ရှုပါ။ မျှဝေပါ။

၅။ ပြည်သူလူထုအနေဖြင့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပြုနေထိုင်ရန်နှင့် တာဝန်ရှိအဖွဲ့အစည်းများ၊ ပညာရှင်များ၏ အသိပညာပေးဆောင်ရွက်မှုများအပေါ် လေ့လာမှတ်သား၍အကြံပြုချက်များကိုလည်း လိုက်နာခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ဖတ်စရာ မှတ်စရာ

## စာကြည့်ခန်း ဝန်ထမ်းများ အရေးကြီးသည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာပေပညာရှင်တချို့က စာကြည့်တိုက်များနှင့် စာကြည့်ခန်းများကို အများပြည်သူတို့ အားထားသုံးစွဲကြရန် အလေးထား၍ အထူးကြိုးစား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်းကောင်း ယဉ်ကျေးသော ဒီမိုကရေစီနိုင်ငံပန်းတိုင်သို့ ဆောလျင်စွာ ရောက်ရှိရေးအတွက်လည်းကောင်း၊ စာကြည့်ခန်းများ၊ စာကြည့်ခန်းများသည် အလွန့်အလွန် အရေးပါကြောင်းကို မည်သူမှ ငြင်းဆိုနိုင်မည်မဟုတ်ပါ။

စာကြည့်ခန်းများနှင့် စာကြည့်တိုက်များသည် ကျွန်ုပ်တို့တိုင်းပြည်အတွက် အများဆုံးအကျိုးပြုနိုင်စေရန် စာရေးသူ၏ ကိုယ်တွေ့များကို ဤဆောင်းပါးတွင် တင်ပြလိုပါသည်။

အများပြည်သူတို၏ ဗဟုသုတတိုးပွားရေးသည် အဓိကဖြစ်သည်။ စာကြည့်ခန်းများသို့ လူများများလာလေလေ ကောင်းလေလေဖြစ်သည်။ သို့မဟုတ် စာအုပ်များများငှားလေလေ ဖတ်လေလေ၊ ကောင်းလေလေဖြစ်သည်။

လူများများ လာရောက်ဖတ်ရှုရန်မှာ စာကြည့်ခန်းဝန်ထမ်းများ၏ ဆက်ဆံမှုအပေါ်တွင် မူတည်နေလေသည်။ ထို့ကြောင့် စာကြည့်ခန်းဝန်ထမ်းများသည် ပျူပျူငှာငှာ ချိုချိုသာသာ အစဉ်အမြဲ ဖြစ်နေရမည်။ စိတ်ရှည်ရမည်။ ကြိုးစားကြရမည်။ စေတနာကောင်းရမည်။

စာကြည့်ခန်းဝန်ထမ်းများ၏ ဆက်ဆံရေးညံ့ဖျင်းမှုကြောင့် လည်းကောင်း၊ ပျင်းရိမှုကြောင့် လည်းကောင်း စာဖတ်လိုသော ပရိသတ်သည် စာကြည့်ခန်းများကို ကြောက်ရွံ့မုန်းတီးသွားစေခြင်းမျိုးကို မဖြစ်စေရန်မှာ အရေးကြီးဆုံးပင်ဖြစ်ပေသည်။ အလုပ်ခွင်၌ မာနထောင်လွှားခြင်းသည် စာကြည့်ခန်းနှင့် စာကြည့် တိုက်တို့၏ အောင်မြင်ရေးကို အတားအဆီးဖြစ်စေသည်။

စာရေးသူသည် နိုင်ငံကြီးများမှ စာကြည့်တိုက်အကြီးအငယ် အသွယ်သွယ်တို့ကို သေချာစွာသတိထား၍ လေ့လာဖူးပါသည်။ ယင်းတို့ အောင်မြင်ခြင်း၏ အဓိကအချက်မှာ ဝန်ထမ်းများ၏ ဆက်ဆံရေးကောင်းမွန်ခြင်းကြောင့်ဖြစ်ပေသည်။ ယင်းတို့သည် စာကြည့်တိုက်သို့လာကြသူ ကလေး လူကြီးများကို ဆင်းရဲချမ်းသာမရွေး စိတ်ကျေနပ်အောင် ဆက်ဆံကြသည်။ ဖတ်လိုသော စာအုပ်၏ အမည်ကိုဖြစ်စေ၊ ဘာသာရပ်ကိုဖြစ်စေ ပြောပြလိုက်သောအခါ ချိုသာအေးမြယဉ်ကျေးစွာဖြင့် ပြန်လည်ဆက်ဆံကြပြီး ငှားပေးရမည့် စာအုပ်များကို မရရအောင် ချက်ချင်းရှာဖွေပေးကြသည်။ မိမိလိုလားနေသော စာအုပ်စာပေများသည် ထိုစာကြည့်တိုက် သို့မဟုတ် စာကြည့်ခန်းများ၌ မရှိဖြစ်နေပါက တစ်ရက်နှစ်ရက်စသည်ဖြင့် ရက်ချိန်းပေးလိုက်ပြီး ထိုစာကြည့်တိုက်ဝန်ထမ်းများက အခြားစာကြည့်တိုက်တစ်ခုခုမှ ငှားယူခဲ့ပြီးနောက် မိမိအား ချိန်းဆိုထားသောနေ့ရက်တွင် ပေးဖတ်စေခဲ့သည်။

ထိုစာကြည့်တိုက်များ၌ တာဝန်ထမ်းဆောင်နေသော အမျိုးသားအမျိုးသမီးများ၏ ဆက်ဆံရေးမှာ ရည်မွန်လှပေသည်။ နှိုင်းယှဉ်၍ပြောရပါမူ စာရေးသူ၏ သူငယ်ချင်းဖြစ်သူ အစိုးရပညာတော်သင် ကျောင်းသားတစ်ဦးသည် လန်ဒန်မြို့တော်တွင် စာသင်ကြားနေစဉ်အခါ၌ စားသုံးစရိတ်ငွေများကို ဘဏ်တိုက်များတွင် အပ်နှံထားခဲ့လေသည်။ အစိုးရကပေးသော လစဉ်ထောက်ပံ့ငွေမှာ လောက်ငရုံသာဖြစ်၍ ပို၍မသုံးမိစေရန် မကြာခဏ ဘဏ်တိုက်သို့ သွားပြီး ယင်းငွေ၏ ငွေစာရင်းကလေးများကို ကြည့်ပေးရသည်။

ထိုသို့ စာရင်းစာရွက်လေးများကို ကြည့်လို၍ တောင်းလိုက်တိုင်း ထိုဘဏ်ဝန်ထမ်းများသည် အလွန့်အလွန် တာဝန်ကျေကြသည်၊ ယဉ်ကျေးကြသည်၊ ပျူပျူငှာငှာ ရှိကြသည်။ အမြဲလိုလိုပင် လက်ကျန်ငွေ စတာလင်သုံးလေးပေါင်မျှသာ ချမ်းသာသော ငမွဲပင်ဖြစ်လင့်ကစား ယင်းတို့၏ ပျူငှာလေးစားမှုကြောင့် ထိုကျောင်းသားကို စိတ်ချမ်းသာစေခဲ့သည်။ ယင်းတို့၏ ဘဏ်တိုက်ကို အထူးခင်မင်လေးစားစေလေသည်။ ထိုနည်းတူပင် ယင်းတို့၏ စာကြည့်တိုက်များသည်လည်း စာကြည့်သူ လူတန်းစားအမျိုးမျိုးတို့၏ ဘဝင်ကို အေးစေသည်။ မြန်မာပြည်တွင်မူ ရန်ကုန်မြို့ရှိ ဇီဝကလမ်းမှ ဆေးသုတေသနဦးစီးဌာန၏ စာကြည့်တိုက်နှင့်အလားတူ စာကြည့်တိုက်အချို့တို့မှာ ချီးမွမ်းထိုက်ပါပေသည်။

စာကြည့်တိုက်များ၏ အလွန်အရေးပါကြကြောင်းကို ထပ်လောင်း၍ ဥပမာပြုရပါမူ၊ လျှပ်စစ်မီးလုံးများကို တီထွင်ခဲ့သော သောမတ်စ်အက်ဒီဆင်ခေါ် အမေရိကန်လူမျိုး ကလေးငယ်သည် တက္ကသိုလ်သို့ မရောက်ခဲ့ပေ။ အလယ်တန်းလောက်ကိုသာ သင်ကြားခဲ့သူဖြစ်သည်။ သို့သော် တီထွင်နိုင်စွမ်းရှိရန် ဗဟုသုတကို ရပ်ရွာစာကြည့်တိုက်များတွင် ဆည်းပူးခဲ့ခြင်းဖြင့် တီထွင်မှုများကို အောင်မြင်ခဲ့သည်။ ပထမဆုံးလေယာဉ်ကို တီထွင်ရာ၌ တက္ကသိုလ်ပါမောက္ခကြီးအား အနိုင်ရသွားသူ၊ စက်ဘီးပြင်စားသူ အမေရိကန်လူမျိုး ဝီဗာရိုက်နှင့် အိုဗယ်ရိုက်တို့သည်လည်း စာကြည့်တိုက်မှ စာပေဗဟုသုတများကို အခြေခံပြု၍ အောင်မြင်မှုကို ဆွတ်ခူးခဲ့ကြသည်။ ကြိုးမဲ့ကြေးနန်းကို စတင်တီထွင်သူ အီတလီလူမျိုး မာကိုနီသည်လည်း စာကြည့်တိုက်ကို အခြေပြု၍ အောင်မြင်မှုကိုဆွတ်ခူးကာ လူပေါင်းများစွာတို့၏ အသက်များကို ကယ်ဆယ်နိုင်ခဲ့လေသည်။ မိမိတို့ ပြည်ထောင်စုတိုင်းရင်းသားများသည်လည်း စာကြည့်တိုက်နှင့် စာကြည့်ခန်းများကို အမှီသဟဲပြု၍ နိုင်ငံအတွက် တီထွင်မှုများ၊ ကုန်ကြမ်းအစားထိုးထုတ်လုပ်မှုစသည်များကို လုပ်ကိုင်နိုင်ကြပါစေဟု ကုန်ထုတ်လုပ်ငန်း သိပ္ပံပြန့်ပွားရေးရှုထောင့်မှ အပြုသဘောဖြင့် တိုက်တွန်းအပ်ပါသည်။ ။

**ဖိုးကျား (ဆေးဝါး)**

# ရခိုင်ပြည်နယ်သတင်း

## ပြန်လည်လက်ခံရေး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှု UEHRD ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ သွားရောက်ဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၁၂**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော မောင်တောဒေသ အကြမ်းဖက်ခံရမှုဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူများအား မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော နှစ်နိုင်ငံသဘောတူစာချုပ်အရ ၂၃-၁-၂၀၁၈ ရက်နေ့မှစ၍ စနစ်တကျလက်ခံမှုကို စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းများကိုလည်း သတ်မှတ်ပြီးဖြစ်ကြောင်း၊ ဝင်ရောက်လာသူများအား နေရာချထားမည့် ကျေးရွာများသတ်မှတ်ရန် အတွက်လည်း ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

UEHRD စီမံကိန်းသည် ပြည်ထောင်စုစီမံကိန်းဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ကျေးရွာများအား ပြန်လည်တည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ဥပဒေဆိုင်ရာ အကြံပြုထားပါကြောင်း၊ ရခိုင်ပြည်နယ်၏ လက်ရှိပြဿနာကို ဖြေရှင်းရာတွင် လက်ရှိရင်ဆိုင်နေရသော နိုင်ငံတကာနှင့်ပတ်သက်သည့် အခက်အခဲများကိုအလေးထား၍ မိမိတို့၏ လုပ်ရပ်မှန်ဖြင့် ဆောင်ရွက်ပြသရမည်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှလည်း အချိန်အတိုင်းအတာတစ်ခု ရောက်ရှိချိန်တွင် လိုအပ်ချက်ပေါ်မူတည်၍ ပူးပေါင်းပါဝင်လာမည်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ မူလနေရာ(သို့မဟုတ်) မူလနေရာနှင့် အနီးဆုံးနေရာများတွင် ပြန်လည်နေရာချထားမည်ဟူ၍ နှစ်နိုင်ငံသဘောတူစာချုပ်တွင် ပါရှိပါကြောင်း၊ ကျေးရွာများ ပြန်လည်တည်ဆောက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျေးရွာတစ်ခုတွင် ပါဝင်ရမည့် အချက်များဖြစ်သော ရဲစခန်း၊ ကျောင်း၊ ဆေးခန်း၊ ဈေး စသည်တို့ဖြင့် စနစ်တကျဖွဲ့စည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ဝင်ရောက်လာမည့်သူများအား လက်ခံရေးနှင့်ပတ်သက်၍ အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ လက်ခံရေးစခန်းများနှင့် ကြားစခန်းကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်ချက်အလိုက် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ UEHRD ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ကဏ္ဍအလိုက် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လက်ခံရေးစခန်းများတွင် လာရောက် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အဖွဲ့အစည်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်တွေ့အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများကို ပြောကြားသည်။ ထို့နောက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှူးက မောင်တောဒေသ၏ မြေပြင်အခြေအနေအရ ပြန်လည်နေရာချထားရန် လိုအပ်သော လုံခြုံရေးကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က သက်ဆိုင်ရာဌာနအလိုက် ကူညီပံ့ပိုးရမည့် ကိစ္စရပ်များကို အကြံပြုပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဟိန္ဒူဘာသာဝင်မိသားစုများနှင့် ရခိုင်ပြည်နယ်ရှိ ဘေးသင့်ဟိန္ဒူဘာသာဝင်များအတွက် လှူဒါန်းမှုအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်ခံ

**ရန်ကုန် ဇန်နဝါရီ ၁၂**
မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဟိန္ဒူဘာသာဝင် မိသားစုများနှင့် ရခိုင်ပြည်နယ်ရှိ ဘေးသင့် ဟိန္ဒူဘာသာဝင်များအတွက် ငွေကျပ် ၁၉၅၀၀၀၀၀ တန်ဖိုးရှိ ဆာရီအထည် ၂၁၀၀၊ တီရှပ်လက်ရှည် အထည် ၂၀၀၊ ပဝါအထည် ၃၂၀၊ စတီးဟင်းအုပ် အဖုံးပါ ၅၆၄ ခု၊ စတီးထမင်းစားပန်းကန် အချပ် ၄၀၀၊ ကလေးအဝတ် ၅၂၄ ထည်နှင့် ယောက်ျားအတွင်းခံ အထည် ၁၀၀၀ တို့အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသို့ မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင် မိသားစုများက



လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ပြန်လည် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သီတဂူအာရှတော်ဝင် မျက်စိအထူးကုသရေးအဖွဲ့ မောင်တောခရိုင်ရှိ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသပေးမည်

**မောင်တော ဇန်နဝါရီ ၁၂**
သီတဂူ အာရှတော်ဝင် မျက်စိအထူးကုသရေးအဖွဲ့သည် မောင်တောခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအတွက် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ မောင်တောမြို့ ပြည်သူ့ဆေးရုံတွင် လာရောက်ကွင်းဆင်း ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မျက်စိဝေဒနာရှင်များအတွက် ခွဲစိတ်ကိရိယာအစုံအလင်ဖြင့် ကုသပေးသွားမည်ဖြစ်ပြီး မျက်စိတိမ်စွဲခြင်း၊ မျက်စိခွဲစိတ်ခြင်း၊ မျက်မှန်ပြုလုပ်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မောင်တောမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်း က ပြောကြားသည်။

"မျက်စိကုသချင်တဲ့ လူနာတွေအနေနဲ့ အချိန်မီ စာရင်းပေးသွင်းဖို့ လိုအပ်ပြီး ယခုလို ကုသပေးမယ်ဆိုတာကို မောင်တောမြို့နယ်အတွင်းမှာလည်း ဗီနိုင်းကြော်ငြာတွေ ကပ်ပေးသွားမှာပါ။ ၂၄ ရက်မှာ မျက်စိစမ်းသပ်၊ ခွဲစိတ်မှုတွေ စတင်လုပ်ဆောင်ပါမယ်၊ မောင်တောမြို့နယ်ဝန်းကျင်က မျက်စိဝေဒနာရှင်တွေ လာရောက်ကုသမှုခံယူကြမှာပါ"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ မောင်တောမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအတွက် လာရောက်ကုသပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ကုသမှုခံယူလိုသူများအနေဖြင့် မောင်တောမြို့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သတင်း-အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**

## ငှားသူ၊ မောင်းသူ အဆင်ပြေနေသည့် မောင်တောမြို့က သုံးဘီးအငှားယာဉ်များ

**မောင်တော ဇန်နဝါရီ ၁၂**
မောင်တောမြို့ပေါ်တွင် ဥဒဟိုသွားလာနေသည့် သုံးဘီးအငှားယာဉ်များသည် လက်ရှိအချိန်တွင် မောင်တောဒေသခံများ သွားလာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုအနေဖြင့် အရေးပါလှသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခု ဖြစ်နေသည်။

အဆိုပါ သုံးဘီးယာဉ်များသည် အိန္ဒိယနိုင်ငံထုတ်ဖြစ်ပြီး မန္တလေးမြို့မှတစ်ဆင့် မောင်တောခရိုင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကာ တစ်စီးလျှင် ငွေကျပ် ၄၁ သိန်းခန့်ဖြင့် အလွယ်တကူဝယ်ယူနိုင်ပြီး မောင်တောမြို့တွင် စီးပွားဖြစ် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအနေဖြင့် ပြေးဆွဲလျက်ရှိကြောင်း မောင်တောဒေသခံ သုံးဘီးယာဉ်မောင်းနှင်သူတစ်ဦးက ပြောသည်။

"ကျွန်တော် သုံးဘီးယာဉ်ပြေးဆွဲနေတာ ကြာပါပြီ၊ လက်ရှိအချိန်က ဝင်ငွေအကောင်းဆုံးပါ၊ တစ်ရက်ကို ဆီဖိုး ငွေကျပ် ၈၀၀၀ နုတ်ပြီး အသားတင်အမြတ် ငွေကျပ် ၃၀၀၀၀ ခန့် ရရှိပါတယ်၊ ဒီလိုရရှိတဲ့အတွက် မိသားစုစားဝတ်နေရေးလည်း တော်တော်လေး အဆင်ပြေနေပါတယ်"ဟု ၎င်းကဆိုသည်။

မောင်တောခရိုင်အတွင်းတွင် သုံးဘီးယာဉ် အစီးပေါင်း ၁၀၀ ခန့်ရှိပြီး လူတစ်ဦးလျှင် မြို့တွင်း ငွေကျပ် ၅၀၀ နှင့် နယ်ဝေး ငွေကျပ် ၁၅၀၀၀ ခန့် ကျသင့်မည်ဖြစ်ပြီး ငှားရမ်းသွားလာသူများအနေဖြင့်လည်း သွားလာရေးအဆင်ပြေသည့်အပြင် စရိတ်လည်းသက်သာမှုရှိကြောင်း သုံးဘီးယာဉ်ဖြင့် နေ့စဉ်သွားလာသူ ဒေသခံ ကိုစိုးကျော်က ပြောကြားသည်။

"ကျွန်တော်တို့လို နေ့တိုင်းသွားလာလှုပ်ရှားနေတဲ့သူတွေအတွက် ဒီလိုသုံးဘီးအငှားယာဉ်တွေ ပေါ်လာတာ အလွန်အဆင်ပြေတယ်၊ အလွယ်တကူ ငှားလို့ရတဲ့အပြင် ဈေးနှုန်းလည်း ချိုသာတဲ့အတွက် မောင်တောမြို့မှာတော့ သုံးဘီးယာဉ်တွေက မြို့တွင်း၊ နယ်ဝေးသွားလာမှုတွေမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်၊ သုံးဘီးယာဉ် အငှားလိုက်သူတွေလည်း တစ်နေ့တခြား များပြားလာပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့မှ မောင်တောမြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေသူ ကိုအောင်အောင်က "သုံးဘီးယာဉ် စငှားတော့ ရခိုင်သံဝဲဝဲနဲ့ ငွေကျပ် ၅၀၀ လို့ ပြောပေမယ့် ကျွန်တော်တို့ နားထဲမှာ ငွေကျပ် ၅၀၀၀ လို့ထင်ပြီး ၃၀၀၀ နဲ့တောင် ဈေးဆစ်နေသေးတယ်၊ ဒါပေမယ့် သူက ငွေကျပ် ၅၀၀ ပါလို့ ထပ်ကာထပ်ကာရှင်းပြတော့ တော်တော်လေး အံ့သြသွားတယ်၊ သူတို့ရဲ့ ရိုးသားမှုကိုလည်း အသိအမှတ်ပြုသလို ငှားရမ်းခဈေးနှုန်း ချိုသာတဲ့အတွက်လည်း ကျေနပ်မိပါတယ်"ဟု ပြောသည်။



မောင်တောမြို့နယ်တွင် ခရီးသွားလာရေးအတွက် အငှားယာဉ်များ၊ Express ကားကြီးများရှိသည့်အနက် သုံးဘီးအငှားယာဉ်များသည် ခရီးသွားလာသူများအတွက် ပိုမိုအဆင်ပြေစေသည့် ယာဉ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အငှားယာဉ်မောင်းများ အတွက်လည်း ဝင်ငွေကောင်းမွန်သည့် လုပ်ငန်းတစ်ခုအဖြစ် ရှိနေပေသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ - အောင်မင်း**

# မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဆရာတော်၊ မော်ကွန်းထိန်းဆရာတော် အမှူးပြုသော ပါမောက္ခ/ဌာနမှူးဆရာတော်များ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏာလင်္ကာရာဘိဝံသ၊ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကေသရ အမှူးပြုသော ဆရာတော်ကြီးများသည် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် လသာဆွမ်းစားကျောင်းဆောင်၌ လက်ခံတွေ့ဆုံသည်။

ရှေးဦးစွာ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကေသရက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၏ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မိန့်ကြားပြီး ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်းဆရာတော်ကြီးက တရုတ်နိုင်ငံသို့ ဆရာတော်ကြီးများ ကြွရောက်လေ့လာ၍ ထေရဝါဒဗုဒ္ဓ တရားတော်များ ဟောကြားချီးမြှင့်ပေးရန် ဖိတ်ကြားပြီး နှစ်နိုင်ငံဆရာတော်များသည် သာသနာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့မှ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်းဦးနှင့် ဦးဇော်ဦးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်လျှောက်ထားခဲ့သည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်ဆရာတော်က ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော် HUI MING အား မွေလက်ဆောင်များ ပေးအပ်သည်။

တရုတ်နိုင်ငံဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့်အဖွဲ့သည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်နှင့် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြနန်းစံကျော်ရွှေနန်းတော်အား သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။



**တင်မောင်-မန်းကိုယ်ပွား**

# အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့ညနေပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းလုပ်ငန်းခွင်တွင် တာဝန်ရှိသူများက ရေအားအဆောက်အအုံ တည်ဆောက်နေမှု၊ ဓာတ်အားပေးစက်ရုံ၊ ရေထိန်းကန်၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း၊ ရေသွယ်မြောင်းတည်ဆောက်နေမှု၊ ရေလွှဲဆည်၊ ရေယူအဆောက်အအုံ တည်ဆောက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းသည် ကချင်ပြည်နယ် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင်တည်ရှိပြီး ပူတာအိုဒေသ မချမ်းဘောမြို့အပါအဝင် အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများ ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်ဖြင့် အလုံအလောက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စက်တပ်ဆင်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်ရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည်။





စီမံကိန်းကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ပညာရှင်များနှင့် ဆွစ်ဇာလန်နိုင်ငံ STUCKY SA မှ ပညာရှင်များ ပူးပေါင်း၍ ၂၀၁၄ ခုနှစ် မတ်လမှ ဇွန်လအထိ စူးစမ်းလေ့လာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စီမံကိန်းကို ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်မှစ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဩစတြီးယားနိုင်ငံထုတ် ဓာတ်အားပေးစက်များတပ်ဆင်၍ စက်တစ်လုံးလျှင် သုည ဒသမ ၈ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်လေးလုံးဖြင့် နှစ်စဉ်ကီလိုဝပ်နာရီ သန်းပေါင်း ၁၄ ဒသမ ၁၃ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလတွင် ဓာတ်အားပေးစက် တစ်လုံး စမ်းသပ်လည်ပတ် ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပူတာအိုမြို့နယ်အတွင်း ကျေးရွာ ၂၂ ရွာ၊ မချမ်းဘောမြို့ပေါ် ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာ သုံးရွာတို့တွင် ၁၁ ကေဗွီဓာတ်အားလိုင်းအဆင်သင့်တည်ဆောက်ထားရှိပြီးဖြစ်သဖြင့် စီမံကိန်းပြီးစီးပါက ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့သည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၃-၁-၂၀၁၈) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၄-၁၂-၂၀၁၇) ရက်နေ့မှ (၂၂-၁၂-၂၀၁၇) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ် လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ရှစ်ဦး ပေါင်း ၁၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၈၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၈၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၅၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူတစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ တတိယထပ်၊ အမှတ်(၈၈၈)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားတိုးတက်ရေးပါတီ** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ပြောင်းလဲအသုံးပြုခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက ပြောင်းလဲအသုံးပြုမည့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၇-၁၁-၂၀၁၇ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။


၂။ ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့အား ကန့်ကွက်မှုရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ **အမျိုးသားတိုးတက်ရေးပါတီ** က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ**



**အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### ○ ယမန်နေ့မှ

ရေလှောင်တမံနှင့် ရေလွှဲဆည်တို့တွင် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ပြည်သူများ စိုးရိမ်ပူပန်ဖွယ်မရှိကြောင်း သိရသည်။

ငလျင်ကြီးများလှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်လေ့ရှိသဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဖြူးချောင်း ရေလှောင်တမံအပါအဝင် ငလျင်ဇရိယာအတွင်း ကျရောက်သော ရေလှောင်တမံများအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးကြရန် ဒုတိယညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

## ဂုတ်တွင်းလမ်းပိတ်ဆို့မှု ရှင်းလင်းပေးခဲ့သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**ကျောက်မဲ ဇန်နဝါရီ ၁၂**

ကျောက်မဲမြို့နှင့် နောင်ချိုမြို့ကြား ဂုတ်တွင်းကားလမ်း၌ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ နေ့ရောညပါ ယာဉ်ကြောရှင်းလင်းရေးဆောင်ရွက်ပေးခဲ့ကြသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့ညနေ ၄ နာရီက အဖွဲ့ချုပ်ရုံးခန်းတွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်၍ ဂုဏ်ပြုစကားပြောကြားပြီး ကျောက်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စား ဂုဏ်ပြုလွှာနှင့် ဆုငွေ ကျပ်တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ရာ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး (ကျောက်မဲခရိုင်)ဒုရဲမှူး ကျော်ကျော်ထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# ရွှေသောင်ယံကမ်းခြေတွင် ဝေလငါးအသေတစ်ကောင် တွေ့ရှိ



**ရွှေသောင်ယံ ဇန်နဝါရီ ၁၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက်ရှိ D&W စားသောက်ဆိုင်အနီး ကမ်းခြေတွင် ယနေ့နံနက်ပိုင်းက ဝေလငါးအသေတစ်ကောင် တွေ့ရှိကြောင်းသတင်းအရ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲကျော်သူ၊ ရွှေသောင်ယံနယ်မြေရဲစခန်းမှ ဒုရဲအုပ်လှသိန်းတို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝေလငါး အထီးဖြစ်ပြီး အရှည် ပေ ၂၀၊ လုံးပတ် ကိုးပေ၊ ဆူးတောင် ၂၅ လက်မ၊ အမြီးအရှည် လေးပေ၊ ခန့်မှန်းပိဿာချိန် ၁၅၀ ခန့်ရှိ ဝေလငါးကြီးတစ်ကောင်ကို တွေ့ရှိခဲ့သည်။

အဆိုပါ ဝေလငါးကြီးကို အမှတ်(၃)ရပ်ကွက်ရှိ မြေလွတ်နေရာတွင် မြှုပ်နှံသွားမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနက အရိုးရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# ရပ်တန့်ထားသည့် ခြောက်ဘီးယာဉ်အား ဆိုင်ကယ်ဝင်တိုက်မိ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၂**
နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးမီးပွိုင့်အနီး ပျဉ်းမနား-တောင်ညို ကားလမ်း၌ ဆွာလမ်းဆုံမီးပွိုင့်ဘက်မှ သပြေကုန်းဘက်သို့ ရွှေကြာပင်ရပ်ကွက်နေ အောင်သူ (၂၆)နှစ် မောင်းနှင်ပြီး ဇမ္ဗူသီရိမြို့နယ်နေ အာယု(၂၅)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်သည် ဇန်နဝါရီ ၁၁ ရက် ည ၈ နာရီခွဲတွင် လားရာတူ လမ်းယာဘက်ဘေးတွင် ဘီးပေါက်၍ ရပ်တန့်ထားသည့် ဝါးများတင်ဆောင်ထားသော ခြောက်ဘီးယာဉ်ကို နောက်မှဝင်ရောက် တိုက်မိသဖြင့် အောင်သူနှင့် အာယုတို့တွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးသွားသည်။

အောင်သူအား အမှတ်(၃)နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခင်ပွန်းဖြစ်သူနှင့် စကားများပြီး ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၂**
ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆင်မီးကျေးရွာတွင် အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ အမှတ်(၃)နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ မထွေးထွေးခိုင်(၃၈)နှစ်သည် ခင်ပွန်းဖြစ်သူနှင့်စကားများပြီး နေအိမ်နောက်ခန်းအတွင်း နေအိမ်ထုပ်တန်း၌ ကြိုးဆွဲချသေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ မိတ္ထီလာမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရေတာရှည်မြို့နယ်တွင် နှစ်ရက်အတွင်း ယာဉ်မတော်တဆမှုကြောင့် ဆိုင်ကယ်စီးသူနှစ်ဦး သေဆုံး

**ရေတာရှည် ဇန်နဝါရီ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် ဆွာမြို့တို့တွင် နှစ်ရက်အတွင်းယာဉ်မတော်တဆမှုကြောင့် အမျိုးသား နှစ်ဦးသေဆုံးကာ အမျိုးသမီးတစ်ဦး (စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရေတာရှည်မြို့တောင်ဘက် ရန်ကုန် - မန္တလေး ကားလမ်း တောင်နန်ချွန်ကျေးရွာ အနီးတွင် အမျိုးသားတစ်ဦး ဆိုင်ကယ်တိမ်းမှောက်ကာ ဒဏ်ရာများဖြင့်လဲကျနေကြောင်းသတင်းအရ မြို့မရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ် အောင်သာပြည့်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ဇော်မင်းဦး(၄၂)နှစ် တလိုင်းနွယ်ကုန်း ကျေးရွာ တောင်ငူမြို့နယ်နေသူ မောင်းနှင်သည့် ဆိုင်ကယ်သည် အခင်းဖြစ်သည့် နေရာအရောက် အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်ကာ ရရှိသောဒဏ်ရာများဖြင့်သေဆုံးသွားခဲ့၍ ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ဆွာမြို့မြောက်ပိုင်း ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဘေး ရပ်တန့်ထားသည့် ၂၂ ဘီးယာဉ်၏ နောက်ပိုင်းအား ဆိုင်ကယ်က ဝင်ရောက်တိုက်မိကြောင်း သတင်းအရ ဆွာနယ်ရဲစခန်းမှ တာဝန်မှူး ဒု-ရဲအုပ် ဟိန်းဝေလှိုင် နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ကားလမ်းအတိုင်း အောင်အောင်(၃၇)နှစ် ကုလားကုန်းကျေးရွာ ငါးကြီးကွေ့ အုပ်စုနေသူ မောင်းနှင်ပြီး မဟေမာန် ဦး(၄၀)နှစ် အမှတ်(၄)ရပ်ကွက် ရေတာရှည်မြို့နေသူ လိုက်ပါလာသော ဆိုင်ကယ်က အရှိန်လွန်ပြီး ရပ်တန့်ထားသည့် ၂၂ ဘီးယာဉ်၏ နောက်တွဲကို ဝင်ရောက်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ အောင်အောင်မှာ ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ပြီး လိုက်ပါလာသူ မဟေမာန်ဦးတွင် (စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# တရားမဝင် သယ်ဆောင်လာသော လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**
မန္တလေးမြို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ သယ်ဆောင်လာမှုအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဇန်နဝါရီ ၁၁ ရက်က သိမ်းဆည်း ရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့က မန္တလေးသို့သွားရောက်မည့် ယာဉ်များအား တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၇ ဒသမ ၇၂၄ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်း စစ်ဆေးရေး စခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းတွင် တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှု လေးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၇ ဒသမ ၇၂၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၃ ဒသမ ၅၁၃ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ၁၂ မှု (ခန့်မှန်းတန်ဖိုး ကျပ် ၁၁ ဒသမ ၂၃၇ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၇ စီး၊ သွင်းကုန် ၉၄၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဝဝဝ**

# အမှိုက်များရှင်းလင်းနေစဉ် ကျည်ဆန်များတွေ့ရှိ

**သာယာဝတီ ဇန်နဝါရီ ၁၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ် ဈေးရပ်ကွက် ရတနာလမ်း စည်ပင်အမှိုက်ပုံတွင် ယနေ့ နံနက် ၇ နာရီခန့်တွင် စည်ပင်ဝန်ထမ်း ဦးစိုးရွှေ(၅၀)နှစ် ရွာသစ်ရွာ ပြည်တော်သာရပ်ကွက် သာယာဝတီမြို့နေသူနှင့် စည်ပင်ဝန်ထမ်း သုံးဦးတို့သည် အမှိုက်များ ရှင်းလင်းနေစဉ် ကျည်ဆန်များ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်ပွားရာနေရာသို့ ခေတ္တစခန်းမှူး ဒု-ရဲမှူးလှိုင်ဝင်းက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တွေ့ရှိသောကျည်ဆန်များမှာ ကျည်ကတ်နှင့်တွဲလျက် ကာဘိုင်ကျည် ရှစ်တောင့်ဖြစ်ပြီး ရှာဖွေပုံစံဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

ကျည်ဆန်များ တွေ့ရှိမှုနှင့်ပတ်သက်၍ နယ်မြေခံတပ်ရင်း ခလရ (၃၅)သို့ ဆက်သွယ်ပြီး တွေ့ရှိသောကျည်ဆန်များကို လွှဲပြောင်းအပ်နှံပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သန့်ဇော်(သာယာဝတီ)**

# ဓားမြှောင်တစ်ချောင်း ကိုင်ဆောင်ရမ်းကားသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၂**
ဇန်နဝါရီ ၁၁ ရက် ည ၆ နာရီ ၅၀ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ပုလုံးတုံတုံးကျေးရွာ အောင်သပြေလမ်းတွင် လူတစ်ဦး ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ အဆိုပါကျေးရွာနေ ဟန်ဝင်းအောင်အား အရိုး၊ အသွား ရှစ်လက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင်တစ်ချောင်း ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိသဖြင့် ဖမ်းဆီးပြီး ကော့သောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



# ထွန်စက်ပေါ်မှ ပြုတ်ကျ၍ လူသေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၂**
ဇန်နဝါရီ ၁၁ ရက် ညနေ ၆ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျွန်းတောကျေးရွာအဝင်၌ ထွန်စက်ပေါ်မှ ပြုတ်ကျ၍ လူသေဆုံးမှုဖြစ်ပွားကြောင်း သတင်းအရ ကံဇွန်းမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ကျော်နိုင်ဝင်း (၃၇)နှစ်မောင်းနှင်ပြီး သဲများတင်ဆောင်လာသော လယ်ယာသုံးထွန်စက်၏ ယာဘက်ဘီးအဖုံးပေါ်တွင် လိုက်ပါလာသော တစ်ရွာတည်းနေ ကိုဖိုးတော (၃၈)နှစ်သည် ထွန်စက်ပေါ်မှ ပြုတ်ကျသဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားသောကြောင့် ကျော်နိုင်ဝင်းအား ကံဇွန်းမနယ်မြေရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ဆန်းချက်ဇ်ကို ရောင်းချရန် အာဆင်နယ်ပြင်ဆင်




အာဆင်နယ်အနေဖြင့် ဆန်းချက်ဇ်နေရာ သင့်လျော်သည့် အစားထိုးဖြည့်ဆည်းနိုင်မှုအပြင် ထိုက်သင့်သည့် ကမ်းလှမ်းမှုကို ရမည်ဆိုပါက ယခုဇန်နဝါရီ ဈေးကွက်မှာပင် ဆန်းချက်ဇ်ကို အသင်းမှ ထွက်ခွာခွင့် ပေးတော့မည်ဖြစ်သည်။ အာဆင်နယ်က ဆန်းချက်ဇ်နေရာ အစားထိုးနိုင်ရန် ဘော်ဒိုးအသင်းမှ အသက်(၂၀)အရွယ် ဘရာဇီးတိုက်စစ်မှူး မယ်လ်ကွန်ကို ဦးစားပေးပစ်မှတ်အဖြစ် ရည်ရွယ်ထားကြောင်း သိရသည်။

ဆန်းချက်ဇ်ကို အစောပိုင်းက မန်စီးတီး၊ ပီအက်စ်ဂျီတို့မှ ခေါ်ယူရန် ကြိုးပမ်းနေသည်ဟုသာ သတင်းထွက်ခဲ့သော်လည်း ယခုမူ ဆန်းချက်ဇ် လုပွဲအတွင်းသို့ မန်ယူအသင်းပါ ဝင်ရောက်လာခဲ့ပြန်ပြီဖြစ်သည်။ မန်ယူအသင်းက မန်စီးတီးမှ ဆန်းချက်ဇ်အတွက် ကမ်းလှမ်းထားသည့် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ထက် ငါးသန်း ပိုပေးမည်ဖြစ်သလို မစ်ခီတာယန်ကိုပါ အလိုက်ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းထားသည်။

အာဆင်နယ်ကလည်း ဆန်းချက်ဇ်အတွက် ပေါင် ၃၅ သန်းအထိ အလိုရှိနေရာ မန်စီးတီးအနေဖြင့် ဆန်းချက်ဇ်ကို ခေါ်ယူလိုပါက လက်ရှိ ကမ်းလှမ်းထားသည့် ပမာဏထက် ပေါင် ၁၅ သန်း ပိုမိုသုံးစွဲမှသာ ရနိုင်ဖွယ်ရှိသည်။ သို့သော် ဆန်းချက်ဇ်မှာ လာမည့်နွေတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ငွေကြေးအတွက် ပေါင် ၂၅ သန်းမှ သန်း ၃၀ ကြားရမည်ဆိုပါက ထုတ်ရောင်းနိုင်ဖွယ်ရှိသည်။ မန်စီးတီးမှာ ဆန်းချက်ဇ်ကို ခေါ်ယူနိုင်ရန် အလားအလာအကောင်းဆုံးဖြစ်နေဆဲဖြစ်ပြီး နှစ်သင်းကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ကာ ဈေးနှုန်းအတွက် သဘောတူညီချက်သာ ကျန်တော့ကြောင်း သိရသည်။

ဆန်းချက်ဇ်မှာ ပြီးခဲ့သည့်နွေဈေးကွက် အပြောင်းအရွှေ့ နောက်ဆုံးနေ့ရက်တွင် မန်စီးတီသို့ ပေါင် ၅၅ သန်းဖြင့် ရောက်ရှိရန် အနီးစပ်ဆုံးအခြေအနေဖြစ်ခဲ့သော်လည်း အာဆင်နယ်က မိုနာကို တောင်ပံတိုက်စစ်မှူး လီမာကို ခေါ်ယူ၍ မရခဲ့သဖြင့် မန်စီးတီးသို့ ဆန်းချက်ဇ် ပြောင်းရွှေ့မှုကို မမြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ သို့သော် ချယ်လ်ဆီးနည်းပြ ကွန်တီက ဆန်းချက်ဇ်ကို ရာသီကုန်အထိ အာဆင်နယ်တွင်သာ မြင်တွေ့ရမည်ဟု ထင်မြင်ကြောင်း ကာရာဘာရိုပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပြုခဲ့သည်။


## ဆန်းချက်ဇ်၏ အာဆင်နယ်နေ့ရက်များ

| | | |
|---|---|---|
| ၂၀၁၄ ခုနှစ် ဇူလိုင်လ | - | လီဗာပူးနှင့် ဂျူဗင်တပ်တို့ စိတ်ဝင်စားနေသည့်ကြားမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆို ရောက်ရှိလာခဲ့။ |
| ၂၀၁၅ ခုနှစ် မေလ | - | အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အက်စ်တွန်ဗီလာဘက်သို့ သွင်းယူသည့် ဂိုးအပါအဝင် တစ်ရာသီအတွင်း ၂၅ ဂိုးသွင်းယူပြီး အာဆင်နယ်၏ ဂိုးအများဆုံး သွင်းယူသည့် ကစားသမားဖြစ်ခဲ့။ |
| ၂၀၁၆ ခုနှစ် မေလ | - | တံကောက်ကြောဒဏ်ရာကြောင့် တစ်လတာ အနားယူခဲ့ရသော်လည်း တစ်ရာသီအတွင်း သွင်းဂိုး ၁၇ ဂိုး သွင်းယူနိုင်ခဲ့။ |
| ၂၀၁၇ ခုနှစ် မေလ | - | အက်ဖ်အေဖလားရရှိခဲ့ပြီး အာဆင်နယ်၏ တစ်ရာသီအတွင်း ဂိုးသွင်းအများဆုံး ကစားသမားဖြစ်ခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်။ |
| ၂၀၁၇ ခုနှစ် ဩဂုတ်လ | - | မန်စီးတီးသို့ ပေါင် ၅၅ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီချက်ရရှိခဲ့သော်လည်း လီမာကို ခေါ်ယူနိုင်ခြင်း မရှိသည့်အတွက် အာဆင်နယ်မှ သဘောတူညီမှုကိုကို ပြန်လည်ဖျက်သိမ်း။ |

## အာဆင်နယ်သို့ ဒရက်ဇ်လာ ပြောင်းရွှေ့တော့မည်ဟု သတင်းများပိုမို အားကောင်းလာခဲ့

ဇန်နဝါရီ ၁၁ ရက် လန်ဒန်မြို့ NBA ပွဲတွင် ဒရက်ဇ်လာနှင့် အာဆင်နယ်ကစားသမားများဖြစ်သော ဘယ်လာရင်၊ ကိုလာစီနစ်တို့ စကားလက်ဆုံကျနေသည့် ဓာတ်ပုံထွက်ပေါ်လာခဲ့ပြီးနောက် ဒရက်ဇ်လာအနေဖြင့် အာဆင်နယ်သို့ ပြောင်းရွှေ့တော့မည်ဆိုသော သတင်းများကို ပိုမိုခိုင်မာအားကောင်းစေခဲ့သည်။ ဒရက်ဇ်လာသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလက ဝုဖ်ဘတ်မှ ပီအက်စ်ဂျီသို့ ပေါင်သန်း ၄၀ ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း နေမာ၊ မက်ပီတို့လို ထိပ်တန်းကစားသမားများရှိနေသည့် တောင်ပံတိုက်စစ်တွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေခဲ့ခြင်းဖြစ်သည်။ ဒရက်ဇ်လာကို ဂျူဗင်တပ်ကလည်း ခေါ်ယူရန် တောက်လျှောက်ချဉ်းကပ်နေသလို အခြားဥရောပထိပ်တန်းအသင်းကြီးများက ချိတ်ဆက်နေသော်လည်း အာဆင်နယ်သို့ ရောက်ရှိလာနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

## နှစ်သစ်အတွက် ကွန်တီ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်



အီတလီလူမျိုး ချယ်လ်ဆီးနည်းပြကြီး ကွန်တီဟာ ပွဲချိန်ပြည့်နီးပါး ကွင်းဘေးစည်းကနေ အော်ဟစ်ညွှန်ကြားအသင်းသားတွေကို စိတ်အားတက်ကြွအောင် နှိုးဆော်သူရယ်လို့ နာမည်ကျော်သူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကပဲ မန်ယူနည်းပြ မော်ရင်ဟိုက ကွန်တီနဲ့ လီဗာပူးနည်းပြ ယာဂန်ကလော့ပ်တို့ ကွင်းဘေးစည်းက ဒီလိုအသင်းကို ညွှန်ကြားနေတဲ့ အပြုအမူက "လူရွှင်တော်" တစ်ဦးနဲ့သာ တူတယ်လို့ တိုက်ရိုက်လှောင်ပြောင်ခဲ့တာကြောင့် ကွန်တီအတွက် အတော်လေးအမျက်သင့်စရာဖြစ်ခဲ့ပါတယ်။ ကွန်တီက သူနဲ့ မော်ရင်ဟိုကြားက ကိစ္စရပ်ဟာ ကလပ်အသင်းနဲ့ မဆိုင်တော့ဘဲ ဒီလိုဖြစ်ရပ်တွေအပေါ် သူမေ့နိုင်မှာ မဟုတ်ဘူးလို့ ဆိုခဲ့ပါသေးတယ်။

ကွန်တီရဲ့ ဒီအပြုအမူဟာ ပြိုင်ဘက်အသင်းနည်းပြတွေ၊ ကစားသမားတွေနဲ့ ပရိသတ်တွေအတွက် မျက်စိနောက်စရာ ဖြစ်ကောင်းဖြစ်မှာ ဖြစ်ပေမယ့် ဘောလုံးကို ရူးရူးမူးမူး ချစ်မြတ်နိုးတဲ့ အမူအကျင့်တစ်ခုအဖြစ် ရှုမြင်သူတွေလည်း မနည်းမနောပါပဲ။ ပြီးခဲ့တဲ့ ဘောလုံးရာသီသူ့ရဲ့ ဒီလို တက်ကြွတဲ့ လှုပ်ရှားမှုတွေဟာ ချယ်လ်ဆီးပရိသတ်တွေအတွက် အတော်ကို ချိုမြိန်စရာ ဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ချယ်လ်ဆီးအသင်းရဲ့ မနှစ်ကနဲ့မတူ ပြောင်းလဲသွားတဲ့ အခြေအနေတွေနဲ့အတူ ကွန်တီကလည်း သူရဲ့ ညွှန်ကြားမှုပုံစံကို ပြောင်းလဲတော့မယ်လို့ ထုတ်ဖော်ပြောကြားလိုက်တာပါ။ ကွန်တီဟာ စိတ်ဖိစီးမှု လျှော့ချတဲ့နည်းဖြစ်တဲ့ ယောဂကျင့်စဉ်နဲ့ သူ့ရဲ့ ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးစလုံး နာကျင်မှုတွေကို လျှော့ချသွားဖို့ ပြင်ဆင်နေပါပြီ။

ကွန်တီက "ကျွန်တော့်အနေနဲ့ အချိန်တစ်ချိန်ပြီးသွားတိုင်း စိတ်ဖိစီးမှုလျှော့ချဖို့ လုပ်ဆောင်လေ့ရှိတယ်၊ အနည်းဆုံး ၁၀ မိနစ်လောက်ပေါ့၊ ဒါက ကောင်းပါတယ်" လို့ ပြောကြားခဲ့တာပါ။ ကွန်တီက သူဟာ ယောဂကို စိတ်ဝင်စားသလို ဒီအကြောင်းနဲ့ ပတ်သက်ပြီးလည်း စိတ်ဝင်စားမှုရှိတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ကာလတွေမှာ ကွန်တီရဲ့ လက်အောက်မှာ ချယ်လ်ဆီးအသင်းသားတွေဟာ ယောဂဘောလုံးတွေကို အသုံးပြုပြီး လေ့ကျင့်ခဲ့ဖူးပါတယ်။

ကွန်တီဟာ ဂျူဗင်တပ်အသင်းနဲ့ အောင်မြင်မှုတွေ ရယူနိုင်ခဲ့ဖူးသူဖြစ်သလို ချယ်လ်ဆီးကို စတင်ကိုင်တွယ်တဲ့ ရာသီမှာပဲ ပရီမီယာလိဂ်ဖလား ရယူပေးထားတဲ့သူပါ။ ဒီနှစ်ဘောလုံးရာသီမှာတော့ ချယ်လ်ဆီးအသင်း ရလဒ်တွေ မဆိုသလောက် ယိမ်းယိုင်နေသလို ကွန်တီအနေနဲ့ ၂၀၁၈ ခုနှစ်ထဲမှာ နည်းဗျူဟာပိုင်း ပြောင်းလဲဖို့၊ ကစားသမားတွေ ခေါ်ယူအားဖြည့်ဖို့အပြင် သူကိုယ်တိုင်ရရှိနေတဲ့ စိတ်ဖိစီးမှုတွေကို ယောဂကျင့်စဉ်နဲ့ လျှော့ချဖို့ ပြင်ဆင်လာတာ ဖြစ်ပါတယ်။

ဒီအချက်ကို ကာယကံရှင်ကိုယ်တိုင်က "ခင်ဗျားအနေနဲ့ ပွဲတစ်ပွဲကို အနိုင်ရရင်တောင် အနည်းငယ်ပင်ပန်းမှုကို ခံစားရတာပါပဲ၊ ခုချိန်မှာ ကျွန်တော့်အနေနဲ့ ဇရာထောက်လာပြီဖြစ်တာကြောင့် ပိုပြီးတည်တည်ငြိမ်ငြိမ်ရှိဖို့ လိုအပ်နေပါတယ်၊ ခုံမှာ ထိုင်နိုင်ဖို့လည်း လိုအပ်ပါတယ်" လို့ ဆိုခဲ့တာကြောင့် ဒီ ၂၀၁၈ ခုနှစ်မှာ ကွန်တီရဲ့ ပုံစံအသစ်နဲ့ ပွဲကြီးကြပ်မှုကို တွေ့ရမလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

## စပါးမှာ မန်စီးတီးကို ငွေကြေးသုံးစွဲမှုပိုင်းမယှဉ်နိုင်သော်လည်း ချန်ပီယံဖလား ရနိုင်ခြေရှိဟု ဟယ်ရီကိန်း ယုံကြည်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအနေဖြင့် မန်စီးတီးကဲ့သို့ စူပါစတားများကို ခေါ်ယူနိုင်မည်မဟုတ်သော်လည်း ဆုဖလားရယူနိုင်ခြေ အလားအလာရှိဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ကိန်းက ဂွါဒီယိုလာ၏ မန်စီးတီးမှာ ဇယားထိပ်ကို ဦးဆောင်ပြီး အမှတ်ပေးဇယားကို ဦးဆောင်ပြီး ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းအရှိဆုံးဖြစ်သည်ကိုမူ ဝန်ခံခဲ့သည်။

DIRECTV အင်တာဗျူးတွင် ကိန်းက "ဒီနေရာ စပါးမှာလည်း အံ့အားသင့်ဖွယ်ကောင်းတဲ့ လူစာရင်း ရှိပါတယ်၊ ကျွန်တော်တို့အသင်းဟာ မန်စီးတီးလို ငွေကြေးသုံးစွဲနိုင်ခြင်းမရှိတာကြောင့် သူတို့လို ထပ်တူကျတဲ့ လူအင်အားရှိတယ်လို့တော့ မဆိုလိုပါဘူး၊ လူအင်အားတောင့်တင်းတယ်ဆိုတာ အထောက်အပံ့ဖြစ်တယ်ဆိုပေမယ့် ဒါက ဖလားရရှိတယ်ဆိုတဲ့ အာမခံချက်ကိုတော့ ပေးနိုင်ခြင်း မရှိပါဘူး"ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကိန်းက ငွေကြေးမသုံးစွဲနိုင်သော လက်စတာ ချန်ပီယံဖြစ်သည့် အဖြစ်မျိုးရှိခဲ့သလို ပြီးခဲ့သည့်နှစ်ကလည်း မန်စီးတီးမှာ ယခုကဲ့သို့ ငွေကြေးသုံးစွဲခဲ့သော်လည်း ချန်ပီယံမဖြစ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ငွေကြေးက ချန်ပီယံဆုကို စီမံနိုင်စွမ်းမရှိကြောင်း ထောက်ပြခဲ့သည်။

**မေလှဲ့သင်း - ရေးသားသည်**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ကြီးကြပ်ခြင်း**

၃၂၄။(က) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ဖျက်သိမ်းမည့် ကုမ္ပဏီတစ်ခု၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် အထွေထွေအစည်းအဝေး တစ်ရပ်ရပ်၌ သို့မဟုတ် စစ်ဆေးရေးကော်မတီက မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆုံးဖြတ်ချက်ဖြင့် ချမှတ်ထားသည့် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားရမည်။ အထွေထွေအစည်းအဝေး တစ်ရပ်ရပ်၌ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ချမှတ်ထားသည့် ညွှန်ကြားချက်တစ်ရပ်ရပ်သည် စစ်ဆေးရေးကော်မတီက ချမှတ်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် စစ်ဆေးရေးကော်မတီ၏ ညွှန်ကြားချက်အပေါ် လွှမ်းမိုးသည်ဟု မှတ်ယူရမည်။

(ခ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုရယူရန်အတွက် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အထွေထွေအစည်းအဝေးများကို ခေါ်ယူနိုင်သည်။ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက ဆုံးဖြတ်ချက်ချမှတ်၍ ညွှန်ကြားလာလျှင်လည်းကောင်း၊ မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ ဆယ်ပုံတစ်ပုံရှိသူများက စာဖြင့်ရေးသား၍ တောင်းဆိုလာလျှင်လည်းကောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးများကို ခေါ်ယူပေးရန် တာဝန်ရှိသည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ပေါ်ပေါက်လာသည့် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများ ရယူနိုင်ရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများဖြင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဃ) ဤဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်ခန့်အပ်ထားသည့်စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲခြင်းနှင့် ယင်းပစ္စည်းများကို မြီရှင်များထံသို့ ပေးအပ်ခြင်းတို့တွင် ၎င်းတို့၏ ကိုယ်ပိုင်ချင့်ချိန်ဆောင်ရွက်နိုင်မှုတို့ကို အသုံးပြုရမည်။

(င) တစ်ဦးတစ်ယောက်သည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်မှုကြောင့် ထိခိုက်နစ်နာခဲ့လျှင် ထိုသူသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးသည် တင်ပြတိုင်တန်းလာသည့် ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုနိုင်သည်၊ ပယ်ဖျက်နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည့်အပြင် အဆိုပါ အခြေအနေများနှင့် သင့်လျော်မည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**တရားရုံး၏ သာမန်အခွင့်အာဏာများ**

**ကြွေးမြီပေးဆပ်ရသူများ၏စာရင်းနှင့် ရရန်ပိုင်ခွင့်များဆိုင်ရာ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ခြင်း**

၃၂၅။(က) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ တရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှားယွင်းမှုများကို ပြင်ဆင်ရန် လိုအပ်သော ကိစ္စရပ်များ အားလုံးတွင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်နိုင်သည့် အခွင့်အာဏာဖြင့် ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထို့အပြင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို လက်ခံရယူခြင်းနှင့် ကုမ္ပဏီ၏ တာဝန်ရှိမှုများကို ရှင်းလင်းဆောင်ရွက်ခြင်းများကို ဆောလျင်စွာ ပြုလုပ်ရမည်။

(ခ) ကြွေးမြီပေးဆပ်ရသူများ၏စာရင်းကို ဖြေရှင်းဆောင်ရွက်ရာတွင် တရားရုံးသည် ကိုယ်တိုင် အခွင့်အရေးရှိကြသည့် ကြွေးမြီပေးဆပ်ရသူများနှင့် အခြားသူများ၏ကြွေးမြီအတွက် ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်သော သို့မဟုတ် တာဝန်ရှိသော ကြွေးမြီပေးဆပ်ရသူများအကြား ခွဲခြားသတ်မှတ်ဆောင်ရွက်ရမည်။

**ပစ္စည်းများကို ပေးအပ်စေနိုင်သည့် အခွင့်အာဏာ**

၃၂၆။တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို သို့မဟုတ် တရားရုံးက ညွှန်ကြားသည့် အချိန်ကာလအတွင်း ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိကြွေးမြီ ပေးဆပ်ရသူများ၊ ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ ပစ္စည်းလက်ခံ ထိန်းသိမ်းသူများ၊ ကိုယ်စားလှယ်များ သို့မဟုတ် အရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ကုမ္ပဏီက ရရှိခွင့်ရှိကြောင်း သေချာပြီးဖြစ်သည့် ယင်းလက်ဝယ်ရှိ ငွေကြေးများ၊ ပစ္စည်းများ သို့မဟုတ် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ချက်ချင်းပေးချေစေနိုင်သည်၊ ပေးအပ်စေနိုင်သည်၊ လက်လွှတ်စေနိုင်သည် သို့မဟုတ် လွှဲပြောင်းပေးစေနိုင်သည်။

**ကြွေးမြီပေးဆပ်ရသူများက ကြွေးမြီများပေးချေစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၂၇။(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အား ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိ ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအား အမိန့်တွင် သတ်မှတ်ပါရှိသည့် နည်းလမ်းနှင့်အညီ ကြွေးမြီပေးဆပ်ရသူထံမှဖြစ်စေ၊ ကြွေးမြီပေးဆပ်ရန် ကိုယ်စားလှယ်ကို ခန့်အပ်ထားသည့်သူ၏ ပိုင်ဆိုင်ပစ္စည်းများမှ ဖြစ်စေ ကုမ္ပဏီသို့ပေးချေရမည့် ငွေကြေးများကိုပေးချေစေရန် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။ သို့ရာတွင် ဤဥပဒေနှင့်အညီ တောင်းခံထားသည့် ငွေကြေးထည့်ဝင်မှုများ မပါဝင်စေရ။

(ခ) တရားရုံးသည် အဆိုပါအမိန့်ကို ချမှတ်ရာတွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ ဖြစ်ပါက ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့် ငွေကြေးတစ်ရပ်ရပ်ကို ခုနှိမ်ခြင်းဖြင့် ဖြစ်စေ၊ ကုမ္ပဏီနှင့် သီးခြားဆောင်ရွက်ထားရှိမှု သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရသူက ကိုယ်စားပြုသည့်ကုမ္ပဏီမှ ပစ္စည်းများအတွက် ပေးချေရမည့် ငွေကြေးမှ ခုနှိမ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော် အမြတ်ဝေစု သို့မဟုတ် အကျိုးအမြတ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ကြွေးမြီပေးဆပ်ရသူသို့ ပေးချေရမည့်ငွေကြေး တစ်ရပ်ရပ် မဖြစ်စေရမည့်အပြင် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ ဖြစ်ပါက တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ဒါရိုက်တာ၏ ပစ္စည်းများအတွက် အလားတူဆောင်ရွက်နိုင်သည်။ သို့ရာတွင် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီဖြစ်စေ မြီရှင်များအားလုံးထံသို့ ငွေအပြည့်အဝပေးချေပြီးဖြစ်လျှင် ကုမ္ပဏီမှ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးနှင့် သက်ဆိုင်သည့်စာရင်းအရ ပေးချေရမည့် ငွေကြေး တစ်ရပ်ရပ်ကို နောင်တွင်တောင်းခံမည့် ငွေကြေးထည့်ဝင်မှုတစ်ရပ်ရပ်ထံမှ ခုနှိမ်ခြင်းဖြင့် ကြွေးမြီပေးဆပ်ရသူထံ ပေးချေဆောင်ရွက်နိုင်သည်။

**ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၃၂၈။(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များပြည့်စုံလုံလောက်မှုကို သေချာစေရန် ဆောင်ရွက်ခြင်းမပြုမီဖြစ်စေ၊ ဆောင်ရွက်ပြီးနောက်တွင်ဖြစ်စေ ကြွေးမြီပေးဆပ်ရသူများ စာရင်းရှိ ကြွေးမြီပေးဆပ်ရသူအားလုံး သို့မဟုတ် တစ်ဦးဦးက ၎င်းတို့ တာဝန်ရှိကြသည်အထိ ကုမ္ပဏီ၏ကြွေးမြီများနှင့် တာဝန်ရှိမှုများအတွက် တရားရုံးကသတ်မှတ်သည့် ငွေပမာဏ တစ်ရပ်ရပ်ကို လည်းကောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်းအတွက် ကျသင့်သည့်ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို လည်းကောင်း၊ ကြွေးမြီ ပေးဆပ်ရသူများအကြား အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် ကျသင့်သည့်ငွေကြေးများကို လည်းကောင်း ပေးချေရန်အတွက် ငွေကြေးထည့်ဝင်စေနိုင်သည့်အပြင် ၎င်းတို့ကို ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ငွေကြေးထည့်ဝင်စေရန် ဆောင်ရွက်ရာ၌ ကြွေးမြီပေးဆပ်ရသူအချို့မှာ ထိုသို့ငွေကြေး ထည့်ဝင်စေရာတွင် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ထည့်ဝင်ပေးချေရန် ပျက်ကွက်နိုင်သည့်အခြေအနေရှိနိုင်သည်ကို တရားရုံးက ထည့်သွင်းသုံးသပ်နိုင်သည်။

**ဘဏ်သို့ ငွေများပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၂၉။တရားရုံးသည် ကြွေးမြီပေးဆပ်ရသူ၊ ကုမ္ပဏီသို့ ငွေပေးချေရမည့်သူ သို့မဟုတ် ငွေပေးချေရမည့် အခြားသူတစ်ဦးဦးကို ၎င်းတို့ပေးချေရမည့်ငွေများအား တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ပေးသွင်းရမည့်အစား သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုရှိ တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ငွေစာရင်းသို့ ပေးသွင်းစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ငွေပေးချေရန် ညွှန်ကြားသည့်နည်းလမ်းများအတိုင်း အဆိုပါအမိန့်ကို အတည်ပြုဆောင်ရွက်နိုင်သည်။

**ငွေစာရင်းနှင့်စပ်လျဉ်း၍ တရားရုံးနှင့်သက်ဆိုင်သည့် စည်းကမ်းချက်**

၃၃၀။ကုမ္ပဏီကို တရားရုံးဖြင့် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက ဖွင့်လှစ်ထားသော ငွေစာရင်းရှိသည့် ဘဏ်သို့ ပေးသွင်း၊ လွှဲပြောင်းသည့်ငွေကြေးများ၊ ကျသင့်ငွေများ၊ ငွေလွှဲမှုများ၊ ငွေပေးချေရန် ကတိများနှင့် အခြားငွေချေးသက်သေခံ လက်မှတ်များအားလုံးကို တရားရုံး၏ အမိန့်များနှင့်အညီ ဆောင်ရွက်ရမည်။

**ကြွေးမြီပေးဆပ်ရသူနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်သည် ပြည့်စုံခိုင်လုံသည့် သက်သေခံချက်ဖြစ်ခြင်း**

၃၃၁။(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်သည် ငွေကြေးနှင့်သက်ဆိုင်ပါက ကြွေးမြီပေးဆပ်ရသူ၏ အယူခံဝင်နိုင်သည့် အခွင့်အရေးကို မထိခိုက်စေဘဲ ငွေကြေးပေးချေရန် ပေါ်ပေါက်ကြောင်း သို့မဟုတ် အမိန့်ချမှတ်၍ပေးချေရမည့်အကြောင်းနှင့် စပ်လျဉ်း၍ ပေးချေရမည်ဟု ယင်းအမိန့်က ပြည့်စုံခိုင်လုံသည့် သက်သေခံချက် ဖြစ်စေရမည်။

(ခ) တရားရုံးအမိန့်တွင် ဖော်ပြပါရှိသည့် အခြားသော သက်ဆိုင်ရာ ကိစ္စရပ်များ အားလုံးသည် စစ်ဆေးဆောင်ရွက်နေသည့် မှုခင်းများနှင့် ပုဂ္ဂိုလ်များအားလုံးအပေါ်တွင် မှန်ကန်စွာရေးသားဖော်ပြထားသည်ဟု သတ်မှတ်ရမည်။

**အချိန်မီ သက်သေထင်ရှား မတင်ပြနိုင်သည့် မြီရှင်များကို နုတ်ပယ်နိုင်သည့် အခွင့်အာဏာ**

၃၃၂။တရားရုံးသည် မြီရှင်များက ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများအတွက် သက်သေထင်ရှားတင်ပြစေရန် သို့မဟုတ် ထိုကြွေးမြီအတွက် သက်သေထင်ရှားတင်ပြခြင်း မပြုမီကပြုလုပ်ခဲ့သော အကျိုးအမြတ်ခွဲဝေမှု တစ်စုံတစ်ရာကိုရယူခြင်းမှ နုတ်ပယ်ရန် အချိန်ကာလတစ်ရပ် သို့မဟုတ် အချိန်ကာလများ သတ်မှတ်ပေးနိုင်သည်။

**ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို စာရင်းညှိနှိုင်းဆောင်ရွက်ခြင်း**

၃၃၃။တရားရုံးသည် ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို စာရင်းညှိနှိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အပိုအလျှံရှိပါက ထပ်မံအကျိုးခံစားခွင့်ရရှိသူများကို ခွဲဝေပေးရမည်။

**ကုန်ကျစရိတ်များအတွက် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၃၄။ရရန်ပိုင်ခွင့်များသည် တာဝန်ရှိမှုများအတွက် ကျေနပ်နိုင်ဖွယ်ဖြစ်အောင် ပြည့်စုံလုံလောက်ခြင်း မရှိသည့်ကိစ္စရပ်တွင် တရားရုံးသည် သင့်သည် ထင်မြင်သည့် ဦးစားပေးအစီအစဉ်ဖြင့် ကုမ္ပဏီဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကျသင့်ခဲ့သည့် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များကို ရရန်ပိုင်ခွင့်များမှ ပေးချေစေရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

**ကုမ္ပဏီအား တရားဝင်ဖျက်သိမ်းခြင်း**

၃၃၅။(က) ကုမ္ပဏီတစ်ခု၏ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည့်အခါ တရားရုံးသည် အမိန့်တစ်ရပ်ကို ချမှတ်၍ အဆိုပါအမိန့်အား ချမှတ်သည့်နေ့ရက်မှစ၍ ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ထိုကုမ္ပဏီကို အဆိုပါအမိန့်အရ တရားဝင်ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ခ) အဆိုပါအမိန့်ကို ချမှတ်သည့်နေ့ရက်မှ ၁၅ ရက်အတွင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် မှတ်ပုံတင်အရာရှိထံသို့ အဆိုပါအမိန့်ကို ပေးပို့ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ၎င်း၏ စာရင်းစာအုပ်များတွင် ကုမ္ပဏီကို တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း မှတ်တမ်းပြုစုထားရှိရမည်။

၃၃၆။တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၃၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်လေးသိန်းကို ပေးဆောင်ရမည်။

**တရားရုံး၏အထူးအာဏာများ**

**ကုမ္ပဏီ၏ပစ္စည်းများကို ရယူထားသည်ဟု ယူဆရသူများကို ဆင့်ခေါ်နိုင်သည့် အခွင့်အာဏာ**

၃၃၇။(က) တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်အားချမှတ်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ကုမ္ပဏီက ရရန်ရှိသည်ဟုယူဆရသည့် ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသည့် သို့မဟုတ် လက်ဝယ်ထားရှိသည်ဟုယူဆရသည့် ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီနှင့်ကုန်သွယ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ကိစ္စရပ်များ၊ သို့မဟုတ် ပစ္စည်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို တင်ပြနိုင်သည်ဟု တရားရုံးကမှတ်ယူနိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တရားရုံးသို့ လာရောက်စေရန် ဆင့်ခေါ်နိုင်သည်။

(ခ) တရားရုံးသည် ၎င်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါ ပုဂ္ဂိုလ်များကို ကျမ်းကျိန်စေ၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ စစ်မေးနိုင်သည်။ အဆိုပါပုဂ္ဂိုလ်များ၏ ဖြေဆိုချက်များကို စာဖြင့်ရေးသား၍ ၎င်းတို့အား လက်မှတ်ရေးထိုးစေနိုင်သည်။

(ဂ) တရားရုံးသည် အဆိုပါပုဂ္ဂိုလ်များ၏ ထိန်းသိမ်းမှု သို့မဟုတ် လုပ်ပိုင်ခွင့်များအောက်တွင်ရှိသော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုပေးအပ်စေရန် တောင်းဆိုနိုင်သည်။ သို့သော် ၎င်းတို့ပေးအပ်သည့် စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ထားပိုင်ခွင့်ရှိခဲ့လျှင် ထိုသို့ပေးအပ်ရခြင်းသည် အဆိုပါ လက်ဝယ်ထားပိုင်ခွင့်ကို ထိခိုက်စေခြင်းမရှိစေရ။ ထို့ပြင် တရားရုံးသည် ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် အဆိုပါလက်ဝယ်ထားပိုင်ခွင့်နှင့်စပ်လျဉ်းသော ကိစ္စရပ်များအားလုံးကို ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိစေရမည်။

(ဃ) တရားရုံး၏ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးဦးသည် ၎င်းတို့၏ ထိုက်သင့်သော ကုန်ကျစရိတ်များကို ပေးချေရန်အဆိုပြုပြီးနောက် ချိန်းဆိုထားသည့်အချိန်၌ ဥပဒေအရခိုင်လုံသည့်အကြောင်းပြချက်ဖြင့် ကြိုတင်အကြောင်းကြားထားသည်မှအပ တရားရုံးသို့လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးသည် စစ်ဆေးဆောင်ရွက်မှုပြုရန်အတွက် ထိုသူကိုဖမ်းဆီး၍ တရားရုံးသို့ ခေါ်ဆောင်စေနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဒေသကိုယ်စားပြု တိုင်းရင်းဆေးကိုယ်စားလှယ်တွေက တိုင်းရင်းဆေးပညာရပ်တွေကို ဖလှယ်ကြမယ်ဆိုရင် ပိုပြီး ကောင်းမွန်ထိရောက်မှုရှိလာမှာပါ

**(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံဖွင့်ပွဲနှင့် နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၂ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပရာ တက်ရောက်လာကြသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၏ စကားသံများကို စုစည်း၍ ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်-**


ဦးဝင်းမြတ်


ဦးခင်မောင်ဆင့်


ဦးသိန်းဝင်း


ဦးကျော်သိန်းငွေ


ဒေါက်တာငွေငွေခိုင်


ဦးကြည်လင်း


ဒေါက်တာခင်ရတနာရွှေစင်


ဒေါက်တာခင်မောင်ထွန်း


ဒေါ်မေဖြူနိုင်အောင်ဟိန်း


ဒေါ်မိုးပြည့်ပြည့်ဖြိုး

**ဦးဝင်းမြတ်**
**စစ်ကိုင်းမြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ**
**မြတ်ဆုမွန်ဆေးတိုက်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ညီလာခံကိုတက်ရောက်ဖြစ်တာ ဒါနဲ့ဆိုရင် ငါးကြိမ်ရှိပါပြီ။ ဒီညီလာခံက တစ်ဆင့် တိမ်မြုပ်ပျောက်ကွယ်သွားတော့မယ့် တိုင်းရင်းဆေးပညာရပ်တွေ၊ ကုထုံးတွေကို ရေရှည်တည်တံ့အောင် လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်၊ ဥပမာ ကချင်ပြည်နယ်ဆို သူ့ဒေသမှာပေါက်ရောက်တဲ့ ဆေးဖက်ဝင်အပင်တွေ၊ တိုင်းရင်းဆေးပညာ၊ ကုထုံးတွေရှိတယ်။ အလားတူ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာလည်းပဲ ရှိနေတာပါပဲ။ အဓိကက အဲဒါတွေကို ဖော်ထုတ်ပေးဖို့ လိုအပ်နေတာပါ။ ဒါကြောင့်မို့လို့ ဒေသကိုယ်စားပြု တိုင်းရင်းဆေး ကိုယ်စားလှယ်တွေက ဒီညီလာခံကြီးကို စုံစုံညီညီ တက်ရောက်ပြီး တိုင်းရင်းဆေးပညာရပ်တွေကို ဖလှယ်ကြမယ်ဆိုရင် ပိုပြီး ကောင်းမွန်ထိရောက်မှုရှိလာမှာပါ။

မျက်မှောက်ကာလမှာ နေထိုင်စားသောက်မှုပုံစံတွေ ပြောင်းလဲလာသလို လူဦးရေနှုန်းထားကလည်း တိုးပွားလာတဲ့အတွက်ကြောင့် ရောဂါဆန်းတွေကလည်း တိုးပွားလာနေတာတွေ့နေရပါတယ်။ အဲသလိုဖြစ်ပေါ်လာနေတဲ့ ရောဂါတွေကို တိုင်းရင်းဆေးကဏ္ဍကနေ ဘယ်လိုမျိုးကုသမှုတွေ ဖော်ထုတ်ပေးနိုင်မလဲဆိုတာကို ဒီလိုမျိုးညီလာခံတွေမှာ ဆွေးနွေးသင့်ပါတယ်။

**ဦးခင်မောင်ဆင့်**
**တိုင်းဒေသကြီးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မကွေးတိုင်းဒေသကြီး**

ညီလာခံကြီးကို (၁၆) ကြိမ်ထိ တက်ရောက်ခဲ့ပါတယ်။ ညီလာခံကျင်းပခြင်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးကဏ္ဍကို ပြည်သူလူထုတစ်ရပ်လုံးက သိရှိသွားရာကနေ တိုင်းရင်းဆေးရဲ့ အကျိုးကျေးဇူးတွေကို သိရှိသွားကြမယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုယ်စားပြု တိုင်းရင်းဆေး ကိုယ်စားလှယ်တွေ တစုတစည်းတည်း ဆုံတွေ့ခွင့်ရကြလို့ စည်းလုံးညီညွတ်မှုတွေ ရကြမယ်။ နောက်ပြီး တိုင်းရင်းဆေးပညာတွေ နှီးနှောဖလှယ်လို့ရကြမယ်။ ဒေသန္တရဗဟုသုတတွေရကြမယ်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုတဲ့စကားနဲ့အညီ ပြည်တွင်းမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ ကျန်းမာရေးကို အထောက်အကူပြုဖို့အတွက် တိုင်းရင်းဆေးကဏ္ဍဟာ အရေးပါနေတယ်။

ဒီညီလာခံကတစ်ဆင့် ပြည်သူတွေကို ဆန္ဒပြုချင်တာက ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုတဲ့အတိုင်း ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းတယ်ဆိုတဲ့ စကားနဲ့အညီ လူတိုင်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ကြခြင်းဖြင့် အသက်ရှည်ကျန်းမာကြပါစေလို့ ဆန္ဒပြုလိုပါတယ်။

**ဦးသိန်းဝင်း**
**အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

တိုင်းရင်းဆေး ကောင်းစီဝင်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ညီလာခံ တက်ရောက်လာခြင်းဖြစ်ပါတယ်။ တိုင်းရင်းဆေးကဏ္ဍကနေ ပြည်သူ့ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ တိုင်းရင်းဆေးနဲ့ပတ်သက်လို့ ဘယ်လိုသုံးစွဲရမယ်၊ ဘယ်လိုမှီဝဲရမယ်ဆိုတဲ့ စာတမ်းတွေ၊ အိမ်ရှင်မတွေကို သင်တန်းတွေပေးဖို့ စတဲ့စာတမ်းတွေ အများကြီးရှိပါတယ်။ အဲဒီအထဲကမှ အထောက်အကူပြု စာတမ်းတွေကတစ်ဆင့် တိုင်းရင်းဆေးခန်း၊ ဆေးရုံတွေမှာ ဆေးဝါးသစ်၊ ကုထုံးသစ်တွေ ထပ်မံထုတ်လုပ်ဖို့၊ အစွမ်းထက် ဆေးဝါးတွေ ရှာဖွေဖော်ထုတ်ဖို့ ကိစ္စတွေ ပေါ်ပေါက်လာပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ဦးကျော်သိန်းငွေ**
**တိုင်းရင်းဆေးတက္ကသိုလ်**
**ဒုတိယပါမောက္ခချုပ်(သင်ကြား)**
**မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်**

မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို (၁၈) ကြိမ်ထိ ကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အရင်တုန်းက မြန်မာ့တိုင်းရင်းဆေးဆိုရင် လူတွေက အထင်သေးကြတာ ကြုံဖူးတယ်။ ဗိန္ဓောဆိုတာ Equal Doctor ဆိုတာတောင် မသိကြဘဲ အပြောင်အပြက်သဘောမျိုးပြောကြတာတွေ တွေ့ခဲ့ရတယ်။ တကယ်တော့တိုင်းရင်းဆေးဆိုတာ ဗုဒ္ဓအဆုံးအမနဲ့ လျော်ညီသလို တိုင်းပြည်နဲ့လည်း ကိုက်ညီမှုရှိပါတယ်။ အကြောင်းက ကံ၊ စိတ်၊ ဥတု၊ အာဟာရနဲ့အညီ ဖြစ်နေတယ်။ ကံကံ၏ အကျိုးအတိုင်းဖြစ်တယ်။ စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမယ်၊ ဥတုနဲ့မျှတအောင် နေထိုင်ရမယ်၊ လိုအပ်တဲ့အာဟာရကို ဖြည့်တင်းမယ်ဆိုရင် ကျန်းမာမယ်။ ပြောရရင် မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ကျန်းကျန်းမာမာနေနိုင်အောင် တိုင်းရင်းဆေးကို ဆောင်လို့ပြောရမှာဖြစ်တယ်။

ပြည်သူတွေကို အသိပေးလိုတာက မှတ်ပုံတင်ထားတဲ့ တိုင်းရင်းဆေးဆရာနဲ့သာ ကုသမှုခံယူသင့်ပြီး မှတ်ပုံတင်ပြီး ဆေးဝါးများကိုသာ သုံးစွဲကြပါလို့ ပြောချင်ပါတယ်။ တိုင်းရင်းဆေးဆရာ အတုအယောင်တွေကို မယုံဖို့လိုသလို အဲဒီလူတွေကို တာဝန်ရှိသူတွေက ထိထိရောက်ရောက် အရေးယူဖို့လည်း အထူးလိုအပ်ပါတယ်။ အိန္ဒိယနိုင်ငံလိုမျိုး တိုင်းရင်းဆေးကဏ္ဍကို အားပေးလုပ်ဆောင်သွားမယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးကဏ္ဍဟာလည်း ယခုထက် ပိုမိုအောင်မြင်လာမယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာငွေငွေခိုင်**
**မောရိယတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး**

အခုကျင်းပတဲ့ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံမှာတော့ ဆေးအမျိုးအစား ခုနစ်မျိုး ပြသထားပါတယ်။ မောရိယမန်းဆေးကတော့ မပါမဖြစ်ပေါ့။ နောက်ပြီး မောရိယရဲ့ နောက်ထပ်ထွက်ရှိလာတဲ့ မောရိယ အနာကျက်ဆေးကိုလည်း ပြသထားပါတယ်။ ဒီလို တိုင်းရင်းဆေးညီလာခံတွေ၊ ဖလှယ်ပွဲတွေက တိုင်းရင်းဆေးသမားတော်တွေအားလုံး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ အခုထက်ပိုပြီး စုပေါင်းညီညာစွာနဲ့ လျှောက်လှမ်းနိုင်မှာပါ။ အားလုံး ချစ်ချစ်ခင်ခင်ညီညီညွတ်ညွတ်နဲ့ မြန်မာ့တိုင်းရင်းဆေး ရှေ့တန်းကိုရောက်ဖို့ အဓိကထားဆောင်ရွက်နေပါတယ်။ ပြည်သူတွေကို ပြောချင်တာကတော့ မြန်မာ့ကျန်းမာရေးအတွက် မြန်မာ့တိုင်းရင်းဆေးက အရေးအကြီးဆုံးဖြစ်ပါတယ်။ မြန်မာ့ရေမြေ သဘာဝနဲ့ ကိုက်ညီတာ မြန်မာ့တိုင်းရင်းဆေးပဲ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးကြည်လင်း**
**စိန်ဘယက်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး**

တိုင်းရင်းဆေးညီလာခံကျင်းပတာ အခုဆိုရင် (၁၈)ကြိမ် မြောက်ရှိပါပြီ။ နှစ်စဉ်မပျက် တိုင်းရင်းဆေးညီလာခံနဲ့ တိုင်းရင်းဆေးပြပွဲတွေကို တက်ရောက်ဆွေးနွေးပြသပါတယ်။ ညီလာခံကို ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ပါတယ်။ ဒီမှာဆိုရင် မြန်မာတစ်နိုင်ငံလုံးက တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်တွေ၊ တိုင်းရင်းဆေး သမားတော်တွေနဲ့ တွေ့ဆုံရင်းနှီးခွင့်ရပါတယ်။

တိုင်းရင်းဆေးဆိုတာကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားကိုအခြေခံပြီးတော့ ကောင်းတဲ့ အကျိုးတရားဖြစ်ပေါ်အောင်ပြုပြင်တဲ့ ဆေးဝါးဖြစ်ပါတယ်။ ရသာခြောက်ပါးကို လိုတိုးပိုလျှော့ပြီးတော့ ကုသတဲ့ နည်းပညာ ဖြစ်ပါတယ်။ အင်မတန်သိမ်မွေ့နက်နဲတဲ့ ဆေးပညာဆိုလည်း မမှားပါဘူး။ ဘုရားရှင်လက်ထက်ကတည်းက ပေါ်တဲ့ တိုင်းရင်းဆေးပညာတွေ ဖြစ်ပါတယ်။ ဒီတိုင်းရင်းဆေးတွေကို ခေတ်မီနည်းစနစ်တွေနဲ့ ဘယ်လိုလုပ်ရမလဲဆိုတာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ ကြီးမှူးပြီးတော့ ထုတ်လုပ်မှုလိုင်စင်တွေ၊ တိုင်းရင်းဆေးထုတ်လုပ်ခွင့်တွေကို ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။

ကျွန်တော်တို့ဘက်ကလည်း သန့်ရှင်းတဲ့ သစ်မြစ်သစ်ဥသစ်ဖုတွေကို ဘေးထွက်ဆိုးကျိုး မဖြစ်အောင် ကာကွယ်ဖို့တွေကို ဒီမှာဆွေးနွေးတင်ပြခွင့်ရပါတယ်။

**ဒေါက်တာခင်ရတနာရွှေစင်**
**မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေး**

မဟိဒ္ဓိတိုင်းရင်းဆေးဝါးလုပ်ငန်းကနေ ထုတ်လုပ်တဲ့ ဆေး ၂၀ ကျော်ရှိပါတယ်။ နိုင်ငံတော်ကတော့ ခုလို တိုင်းရင်းဆေးပြပွဲတွေ၊ ညီလာခံတွေကို ပံ့ပိုးလုပ်ပေးပါတယ်။ ဒီလိုလုပ်ပေးတာ နိုင်ငံတော်က မီဒီယာကနေတစ်ဆင့် မြန်မာ့တိုင်းရင်းဆေးကို ပြည်သူတွေနဲ့ ဆက်နွှယ်ပေးတဲ့ သဘောပါပဲ။

စျေးကွက်ပိုင်းတွေ၊ နည်းပညာတွေ ဒီထက်ပံ့ပိုးပေးသွားရင်တော့ ပိုပြီးအဆင်ပြေတာပေါ့။ နိုင်ငံတော်ဘက်က လုပ်ပေးရုံတင်မကဘဲ တိုင်းရင်းဆေးသမားတွေဘက်ကလည်း အခုလို အချင်းချင်း စည်းစည်းလုံးလုံးနဲ့ ကူညီပံ့ပိုးသွားကြမယ်ဆိုရင် ဒီထက်မက မြန်မာ့တိုင်းရင်းဆေးဟာ နယ်ပယ်ကျယ်ပြန့်လာပြီး ပိုတိုးတက်ဖို့ရှိပါတယ်။ တရုတ်၊ စင်ကာပူ၊ ထိုင်းနဲ့ ကိုရီးယားတို့မှာဆိုလည်း တိုင်းရင်းဆေးတွေဆိုတာ အလွန်ခေတ်မီပါတယ်။ အဲလိုအဆင့်ရောက်အောင် ရည်မှန်းထားပါတယ်။

**ဒေါက်တာခင်မောင်ထွန်း**
**ထက်လင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး**

အခုပြခန်းမှာတော့ ထက်လင်းတိုင်းရင်းဆေးက ထုတ်လုပ်တဲ့ ဆေးဝါးတွေကို ပြသထားပါတယ်။ ဒီလိုညီလာခံတွေကို နိုင်ငံတော်အစိုးရကနေ ဦးဆောင်ကျင်းပပေးတာ အများကြီးသင့်မြတ်ပါတယ်။ ဘိုးဘွားအစဉ်အဆက် အသုံးပြုလာတဲ့ တိုင်းရင်းဆေးကို ဖော်ထုတ်တဲ့နေရာမှာ တစ်တပ်တစ်အား ကူညီရာရောက်တယ်လို့ထင်ပါတယ်။

ဒီလိုညီလာခံတွေကနေ မြန်မာ့တိုင်းရင်းဆေးအတွက်ရော၊ တိုင်းရင်းဆေးထုတ်လုပ်တဲ့ သူတွေအတွက်ရော၊ မြန်မာ့တိုင်းရင်းဆေးဆရာကြီးများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းပါတယ်၊ မြန်မာ့တိုင်းရင်းဆေးကို ကမ္ဘာကသိပြီး ပိုမိုအလေးအနက်ထားအာရုံစိုက်လာအောင် ပြုလုပ်တဲ့ပွဲဖြစ်တဲ့အတွက် အင်မတန်အကျိုးရှိပါတယ်။

**ဒေါ်မေဖြူနိုင်အောင်ဟိန်း**
**အဘထ တိုင်းရင်းဆေးထုတ်လုပ်ရေး**

ပြည်သူတွေရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးကဏ္ဍကနေ ပိုပြီး စောင့်ရှောက်နိုင်ဖို့နဲ့ ပြည်သူတွေ တိုင်းရင်းဆေးကို ပိုမိုယုံကြည်အားကိုးလာအောင် ကျွန်မတို့ အဘထ ဆေးတိုက်အနေနဲ့ အများအကျိုးပြု အစွမ်းထက် တိုင်းရင်းဆေးစွမ်းကောင်းတွေကို သုတေသနပြု ဆက်လက်ထုတ်လုပ်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**ဒေါ်မိုးပြည့်ပြည့်ဖြိုး**
**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး**

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်တဲ့ အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါး ငါးမျိုးရှိပါတယ်။ ပြည်သူတွေကို တိုင်းရင်းဆေးကဏ္ဍကနေ ကျန်းမာရေးစောင့်ရှောက်မှု ထိထိရောက်ရောက်ပေးနိုင်ဖို့နဲ့ တိုင်းရင်းဆေးကဏ္ဍ ပိုမိုကျယ်ပြန့်လာဖို့အတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးတွေကို ထပ်မံပြီးတော့ ထုတ်လုပ်သွားမှာပါ။

နိုင်ငံတော်အစိုးရက မေ့မှိန်ပျောက်ကွယ်လုဖြစ်နေသည့် ဆေးပညာရပ်များ၊ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့ တိုင်းရင်းဆေးပညာဆိုင်ရာ ပေပုရပိုက်များနှင့် ဆေးကျမ်းများ၊ အစွမ်းထက်ကုထုံးများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများ၊ အဖိုးထိုက်တန်လှသည့် ဆေးဖက်ဝင်ပရဆေးပင်နှင့် ဆေးဖက်ဝင်သဘာဝသယံဇာတများ ပြန်လည်ဖော်ထုတ်နိုင်စေရန် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိသည်။

**တွေ့ဆုံမေးမြန်း-ကိုထက်**
**ဓာတ်ပုံ-ရာမည**

# (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ




**လွိုင်ကော် ဇန်နဝါရီ ၁၂**

(၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဒုတိယနေ့ အကပြိုင်ပွဲများကို ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီက ရိုးရာယဉ်ကျေးမှု အကစင်မြင့်၌ ဆက်လက်ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ ဒုတိယနေ့ အနေဖြင့် လွိုင်ကော်မြို့နယ် အထက (၁)ကျောင်းမှ ရှမ်းဓားသိုင်းအက၊ လွိုင်ကော်မြို့နယ် ထေးသမရပ်ကွက်မှ ထာဝရမြန်မာအက၊ လွိုင်ကော်မြို့နယ် နာနတ်တောရပ်ကွက်မှ ဘားကယောအက၊ ရှားတောမြို့နယ် ကိုယ်စားပြုအဖွဲ့မှ သော့လေးသော့တယ်(နွဲပျော်မယ်)အက၊ လွိုင်ကော်မြို့နယ် ပဒါးညေးကျေးရွာမှ အရောက်လှမ်းမည် ပန်းတိုင်ဆီသို့၊ ဒီးမော့ဆိုမြို့နယ် ဒေါဘိုးစီကျေးရွာမှ ဖားစည်အက၊ လွိုင်ကော်မြို့နယ် ဒေါဥခူရပ်ကွက်မှ လော်မာတမာအက၊ လွိုင်ကော်မြို့နယ် ဖားတီမာကျေးရွာမှ ဖားစည်သံအက၊ ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာမှ ရွှေအင်းသားအားမာန်အက၊ လွိုင်ကော်မြို့နယ် ဒေါတခြား(ကယား)ကျေးရွာမှ ကယား ကိုးမျိုး စည်းလုံးခြင်းအက၊ လွိုင်ကော်မြို့နယ် ဒေါမူကလား ကျေးရွာမှ ပုမာနိပယ်ကေဘိုးအက၊ လွိုင်ကော်မြို့နယ် ရွာတန်းရှည် ကျေးရွာမှ လှမ်းလာကြည့်ပါ ဒို့ရိုးရာအက၊ လွိုင်ကော်မြို့နယ် နာနတ်တောရပ်ကွက်မှ ပင်လုံစိတ်ထားအက၊ လွိုင်ကော်မြို့နယ် အထက(ပန်ကန်း) ကျောင်းမှ ပြည်ထောင်စု ကယန်းအကတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက် အထိယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများအပြီးတွင် ဒေသခံလူငယ်များမှ တေးဂီတဖျော်ဖြေမှုများဆက်လက်တင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သားဖွားဆရာမ(၆၄)ဦးအား ဘက်စုံသားဖွားသင်တန်းဒီပလိုမာအောင်လက်မှတ်များအပ်နှင်း



**ဘားအံ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံသူနာပြု သားဖွားသင်တန်းကျောင်း၏ ပြည်သူလူထုအတွက် ကောင်းကျိုးဆောင်ရွက်စေလိုသော လက်ဆင့်ကမ်း အမွေးပေးလိုက်စေခြင်းအားဖြင့် သားဖွားဆရာမများအား မွေးထုတ်ပေးလျက်ရှိရာ စတုတ္ထအကြိမ်မြောက် ဘက်စုံသားဖွားသင်တန်း ဒီပလိုမာအောင်လက်မှတ်များအပ်နှင်းပေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ဘားအံသူနာပြု သားဖွားသင်တန်းကျောင်းတွင် ပြုလုပ်သည်။

ကရင်ပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းအုပ် ဒေါ်မိမော်မော်ဝင်းက ဘက်စုံသားဖွားသင်တန်း ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘက်စုံသားဖွားသင်တန်း ဒီပလိုမာအောင်လက်မှတ်များအပ်နှင်းခံရသူ သားဖွားသင်တန်းသူ ၆၄ဦးဖြစ်ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီက ကွဲ့တလင်းကျေးရွာဓမ္မာရုံ၌ သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရာ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြသည်။ **၆၈၉**

# လျှပ်စစ်ဓာတ်အားပြတ်တောက်မှု နည်းပါးစေရေး ဓာတ်အားလိုင်းအသစ်နှင့် ထရန်စဖော်မာအသစ်နှစ်လုံး တပ်ဆင်

**တာမွေ ဇန်နဝါရီ ၁၂**

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနည်းပါးစေရေးအတွက် ဇန်နဝါရီ ၁၂ ရက်နံနက်က တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာ (စီမံ)ဦးကျော်စန်းနှင့်လျှပ်စစ်မန်နေဂျာ (အင်ဂျင်နီယာ)ဦးစိုးမိုးတို့ အနီးကပ်ကြီးကြပ်လျက် တာမွေကြီး က+ဂ ရပ်ကွက် ၁၅၅ လမ်း၌ ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်စေရန် System Improvement လုပ်ငန်းအဖြစ် 6.6KV SAC ဓာတ်အားလိုင်းသစ် ပေ ၁၁၀၀ ခန့် လိုင်းတည်ဆောက်ခြင်းနှင့် 6.6/0.4KV 200KVA ထရန်စဖော်မာအသစ်နှစ်လုံး တိုးချဲ့တပ်ဆင်ပေးခဲ့ကြသည်။

"လိုင်းဆွဲခြင်းနဲ့ထရန်စဖော်မာအသစ်တည်ဆောက်ပေးရာမှာ အန္တရာယ်ကင်းဖို့နဲ့ သုံးစွဲသူမိဘပြည်သူတွေအတွက် အချိန်တိုတိုအတွင်း အမြန်ဆုံးပြီးစီးအောင်မြင်အောင်ဝန်ထမ်းများနဲ့ စနစ်တကျဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကြီးကြပ်သူ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းစိုးကပြောသည်။

**၅၉၇**



# မှုခင်းအသိပညာပေးမော်တော်ယာဉ်ဖြင့် လှည့်လည် ဟောပြော

**ရွှေပြည်သာ ဇန်နဝါရီ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဝါးတရာလမ်းမ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ လူကုန်ကူးမှု တားဆီးရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး မော်တော်ယာဉ် ရောက်ရှိပြီး လှည့်လည်၍ ဟောပြောပြသခဲ့ကြသည်။

ထိုသို့ ဟောပြောရာတွင် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုး၊ လှော်ကား ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် သက်နိုင်တို့က ဦးဆောင်ကြီးကြပ်ဟောပြောပြသခဲ့ရာ ဘဝမြင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မြင့်မိုရ်ရိပ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ကျော်တို့ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

# ကွန်ကရစ်လမ်းနှင့်တံတားသစ် ဖွင့်ပွဲကျင်းပ

**ခရမ်း ဇန်နဝါရီ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထက်ခမကျေးရွာတွင်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ဆယ်မားအုးလ်အွန်ဒုန်ကျေးရွာသစ်၏ ကွန်ကရစ်လမ်းနှင့်တံတားသစ်ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၁၀ ရက်နံနက် ၉ နာရီက အဆိုပါ ကျေးရွာအဝင်တံတားသစ်တွင် ကျင်းပသည်။

အဆိုပါ ကျေးရွာကွန်ကရစ်လမ်းမှာ လမ်းအရှည်ပေ ၂၂၆၀၊ အကျယ် ၁၀ပေ ၆ လက်မနှင့် ချောင်းကူးကွန်ကရစ်တံတားမှာ အရှည် ပေ ၇၀၊ အကျယ် ၁၃ပေ၊ အမြင့် ၁၂ ပေ ရှိကြောင်း သိရသည်။ **နိုင်ဝင်း**

# ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ရွေးချယ်သတ်မှတ်

**မှော်ဘီ ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၀ ရက်က မြို့ချောင်းကျေးရွာအုပ်စု ဥသျှစ်ကုန်း(ကရင်) ကျေးရွာတွင် ကျေးရွာလူထုနှင့် တွေ့ဆုံဆွေးနွေး၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းလုပ်ငန်းအစီအစဉ်များကို ကျေးရွာလူထုနှင့်အတူ ရေးဆွဲဆောင်ရွက်ခဲ့သည်။

မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာလူထု၏ ဆန္ဒဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ရွေးချယ်သတ်မှတ်ခဲ့ကြောင်း သိရသည်။ **သက်မှူး**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေး

**မင်္ဂလာတောင်ညွန့် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက်ရှိ သာသနဟိတဓမ္မာရုံ၌ ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ဝင်းနိုင်မှ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဆွေးနွေးဟောပြောခဲ့ရာ သိမ်ဖြူမီးရထားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်နှင့်အဖွဲ့၊ အမျိုးသမီးငယ်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၅၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

# မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ပလောက် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ စည်ပင်သာယာဈေးကြီးအရှေ့၌ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ဈေးသူ ဈေးသားများအား မီးငြိမ်းသတ်နည်းစနစ်များကို လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။ **နိုင်ဦး(ပြန်/ဆက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ရှုထောင့်စုံမှသဘောထားအမြင်စုံတို့ကိုအများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကိုဖွင့်လှစ်ခြင်းဖြစ်၍စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှ တို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# ၂၀၁၇ ခုနှစ်ရှင်းတမ်း

အောင်ထူး

စီးပွားရေးကုမ္ပဏီတွေကတော့ နှစ်ကုန်ရင်စာရင်းချုပ်ရပါတယ်။ လက်ကျန်ရှင်းတမ်းနဲ့ အရှုံးအမြတ်ရှင်းတမ်းကို ထုတ်ပြန်ရလေ့ရှိတယ်။ နိုင်ငံတစ်ခုအနေနဲ့လည်း တစ်နှစ်အတွင်း စီးပွားရေးတိုးတက်မှုအခြေအနေနဲ့ ပတ်သက်ပြီး ရှင်းတမ်းထုတ်ကြပါတယ်။ အများအမြင်ကတော့ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံမှာ စီးပွားရေးကျနေတယ်လို့ဆိုပါတယ်။ ကမ္ဘာ့ဘဏ်တို့၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ စာရင်းတွေကို အခြေခံပြီး ပြောကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တိုင်းပြည်ဝင်ငွေတိုးတက်နှုန်းဟာ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့တယ်။ စီးပွားရေးတိုးတက်နှုန်းဟာ ယမန်နှစ်ကို မမီပေမယ့် အနုတ်လက္ခဏာနဲ့ ကျဆင်းခဲ့တာတော့မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့အနေနဲ့ စီးပွားရေးကျတယ်ဆိုတာ သိပ်တော့လက်မခံချင်ဘူး၊ ကျွန်တော်ကတော့ မျက်မြင်အချက်အလက်တွေကို ကြည့်ပြီးပြောတာပါ။ မြန်မာနိုင်ငံကို ကြည့်ရင် အခြားစီးပွားရေးတိုးတက်နေတဲ့ အာဆီယံနိုင်ငံတွေလိုပဲ သွက်လက်လှုပ်ရှားနေတာကို တွေ့ရတော့ စီးပွားရေးကျတာဟုတ်မှ ဟုတ်ရဲ့လားပေါ့။ တာဝန်အရ နိုင်ငံအနှံ့လျှောက်သွားဖြစ်တယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးကျတယ်ဆိုတဲ့ လက္ခဏာကို မတွေ့ရဘူး၊ ကားတွေကျပ်နေတယ်။ လူတွေခရီးသွားနေကြတယ်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါသွားနေကြတာဖြစ်တယ်။ ခရီးသွားတယ်ဆိုတာ လူတွေဟာ သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေပြည့်မှ ခရီးသွားကြတာပါ။ စားသောက်ဆိုင်တွေ၊ ဈေးဝယ်စင်တာတွေမှာ လူတွေ ပြည့်နှက်နေတယ်။ နှစ်သစ်ကူးဖျော်ဖြေမှုတွေမှာ လူငယ်တွေ သိန်းနဲ့ချီပြီး လာရောက်ခဲ့ကြတယ်။ မြန်မာနိုင်ငံရဲ့ လက်ကိုင်ဖုန်းသုံးစွဲမှုက သိသာစွာတက်လာတယ်။ ဖေ့စ်ဘွတ်၊ ဂျာနယ်တွေမှာတော့ စီးပွားရေးကျနေတယ်ဆိုတာ ကျယ်ကျယ်လောင်လောင်တွေ့ရတယ်။ အောက်ခြေကို ဆင်းကြည့်တဲ့ ကျွန်တော်ကတော့ စီးပွားရေးကျတဲ့လက္ခဏာ မတွေ့ရဘူး၊ မျက်မှန်စိမ်းနဲ့ကြည့်တယ်လို့ဆိုချင် ဆိုကြမယ်။ မြန်မာ့ရိုးရာ ဂျီဒီပီဖြစ်တဲ့ ရွှေ၊ ဒေါ်လာနဲ့ ဓာတ်ဆီဈေးတွေကို ကြည်တော့ ရွှေဈေး (Gold, G)က နှစ်စမှာ တစ်ကျပ်သား ကျပ် ၈၄၃၅၀၀ ရှိခဲ့ပြီး နှစ်ဆုံးမှာ ကျပ် ၉၃၅၃၀၀ ရှိခဲ့လို့ ၁၀ ခိုင်နှုန်းဈေးတက်ခဲ့ပြီး ဒေါ်လာဈေး (Dollar, D) က ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ ဈေးဖွင့်ချိန်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၃၅၈ ရှိခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် တစ်နှစ်တာဈေးကွက်ပိတ်ချိန်မှာ အမေရိကန်တစ်ဒေါ်လာကို ကျပ် ၁၃၅၃ ရှိခဲ့လို့ မြန်မာငွေတန်ဖိုးဟာ ဒေါ်လာနဲ့ယှဉ်ရင် သုည ဒသမ ၃၇ ရာခိုင်နှုန်းတက်ခဲ့ပါသည်။ ဓာတ်ဆီဈေး (Petroleum, P)က နှစ်စမှာ တစ်ဂါလန် ကျပ် ၂၈၀၀ ရှိခဲ့ပြီး နှစ်ဆုံးမှာ ကျပ် ၃၆၀၀ ရှိလို့ ၂၈ ရာခိုင်နှုန်းဈေးတက်ခဲ့ပါတယ်။ ငွေဖောင်းပွမှုနှုန်းကတော့ လေးရာခိုင်နှုန်းနဲ့ ငါးရာခိုင်နှုန်းကြားမှာ ရှိတယ်။ကုန်ဈေးနှုန်းများက ယခင်နှစ်များစွာကဖြစ်ခဲ့တဲ့ ဂဏန်းနှစ်လုံးငွေဖောင်းပွမှု (double digit inflation) မဖြစ်တော့ဘူးဆိုတာတွေ့ရတယ်၊ စီးပွားရေးတက်နေတဲ့နိုင်ငံမှာ စီးပွားရေးကို တွန်းအားပေးဖို့ ငွေဖောင်းပွမှုက သုံးရာခိုင်နှုန်းက လေးရာခိုင်နှုန်းလောက်ရှိရမယ်လို့ ဆိုကြတယ်။ မြန်မာ့စီးပွားရေးဟာ တိုးတက်မှု တန့်နေပြီး ငွေဖောင်းပွမှုဖြစ်နေတဲ့ လက္ခဏာ (stagflation) လည်းမရှိခဲ့ဘူးဆိုတာတွေ့ရတယ်။

### သတိပေးခေါင်းလောင်းသံ

လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်၍ လယ်သမားတွေက စပါးဈေးတင်းတစ်ရာ ငါးသိန်းကနေ ခြောက်သိန်းရကြတယ်။ ဒါက လယ်သမားတွေ တစ်ခါမှ မဖြစ်ဘူးတဲ့ဈေး၊ ဆန်တင်ပို့မှုကလည်း စံချိန်တင်ပြီး တန်ချိန် ၂ ဒသမ ၅ သန်းကို ရောက်လာတယ်။ အိန္ဒိယက ပဲမဝယ်လို့ ဈေးကျတယ်ဆိုပေမယ့် စိုးရိမ်အမှတ်တစ်တန်ကို ကျပ် သုံးသိန်းအောက်ရောက်မသွားဘူး။ အစိုးရကလည်း တောင်သူလယ်သမားများ အကျိုးစီးပွားကာကွယ်ရေးဥပဒေအရ ထုတ်လုပ်မှုကုန်ကျစရိတ်ထက်နည်းပြီး ဈေးတွေကျသွားရင် ဈေးကွက်အတွင်း ဝင်ရောက်ကူညီဖို့ ကျပ် ၁၅ ဘီလီယံကို အရံသင့်ထားရှိပါတယ်။ မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်ကြီးများအသင်းကလည်း ပဲဈေးတွေ တည်ငြိမ်ဖို့ ကျပ် ၅၀ ဘီလီယံ ရန်ပုံငွေထောင်ပြီး ဈေးကွက်ကို ဝင်ထိန်းဖို့ စီစဉ်ခဲ့ပါတယ်။ ဒီအခြေအနေတွေကြောင့် ပဲမျိုးစုံဈေးများဟာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်ကျသွားခြင်းမရှိဘဲ မတ်ပဲဆို တစ်တန်ကို ခြောက်သိန်းအထိ ပြန်တက်လာတယ်။ ၂၀၁၇ ခုနှစ် ဧပြီလကနေ ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ဂျပန်ကို ပဲမျိုးစုံတန်ချိန် နှစ်သောင်းကျော်၊ ဥရောပနိုင်ငံများကို တန်ချိန် ၉၈၀၀ ကျော်၊ ကိုရီးယားသမ္မတနိုင်ငံကို တန်ချိန် ၅၅၀၀ ကျော်၊ အမေရိကန်ပြည်ထောင်စု နဲ့ ကနေဒါကို တန်ချိန် ၁၁၀၀၀ ကျော်၊ ယူအေအီးကို တန်ချိန် နှစ်သောင်းကျော်၊ ကာတာနိုင်ငံကို တန်ချိန် ၁၈၀၀ ကျော် ပို့ခဲ့ရပါတယ်။ ပြန်ပို့ခံရတယ်ဆိုတဲ့ပဲဟာ တန်ချိန် ၂၀၀ လောက်ပဲရှိပါတယ်။ ဓာတ်ကြွင်းတွေပါလို့ ပဲတွေပြန်ပို့ခံရတယ်လို့ဆိုပေမယ့် ဒီပမာဏက မဖြစ်စလောက်ပါ။ ဒီလိုပြန်ပို့ခံရတာလည်း ဝယ်ယူတဲ့နိုင်ငံက ဓာတ်ကြွင်းရှိရမယ့်စံနှုန်းကို မြှင့်တင်သတ်မှတ်ခဲ့လို့ဖြစ်ပါတယ်။ ဒီနိုင်ငံတွေကို တင်ပို့တဲ့ပဲတွေဟာ သက်ဆိုင်ရာနိုင်ငံတွေကို အန္တရာယ်ပြုခဲ့ရိုးမှန်ရင် ဆက်လက်တင်သွင်းကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုပြန်ပို့ခံရတာဟာ ပဲမျိုးစုံထုတ်လုပ်သူတောင်သူများနဲ့ ပို့ကုန်သမားတွေအတွက် သတိပေးခေါင်းလောင်းသံလို့ ဆိုနိုင်ပါတယ်။ ကောင်းမွန်တဲ့ စိုက်ပျိုးရေးနည်းစနစ် (GAP) ကို မသုံးရင် ပဲဈေးကွက်ပျက်မယ်ဆိုတဲ့ သတိပေးချက်ပါပဲ။ တစ်ဖက်မှာ မြန်မာပြည်သူများ အာဟာရဓာတ်ပြည့်ဝစေဖို့ ပဲစားသုံးမှု အလေ့အကျင့်ကောင်းတွေရရှိဖို့ ပဲစားသုံးမှုမြှင့်တင်ရေးတွေကို ဆောင်ရွက်ခဲ့တာဖြစ်ပြီး ဆက်လက်ပြီးလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ ရေသိပ်မကြီးလို့ သီးနှံသိပ်မပျက်ကြဘူး၊ ဆည်တွေက လွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် ရေအပြည့်စုဆောင်းနိုင်တယ်လို့ ဆိုတယ်။ လာမည့် နွေစပါး၊ နွေသီးနှံများအတွက် အခြေအနေကောင်းနေတယ်။

ကုန်သွယ်မှုအပိုင်းမှာ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ကိုးလမှာ စုစုပေါင်း ပို့ကုန်သွင်းကုန်တန်ဖိုး စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ရှိပြီး ကုန်သွယ်မှုလိုငွေဟာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းရှိနေပါတယ်။ ဖွံ့ဖြိုးတိုးတက်စနိုင်ငံများမှာ ရင်းနှီးမြှုပ်နှံမှုစီးဝင်လာခြင်း၊ လုပ်ငန်းသုံးကုန်စည်များ တင်သွင်းရန် လိုအပ်ခြင်းကြောင့် လိုငွေပြမှာ အမှန်ပါပဲ။ တစ်ဖက်မှာလည်း ပို့ကုန်တိုးတက်လာခြင်းကြောင့် လိုငွေပြမှုဟာ ၂၀၁၅-၂၀၁၆ ခုနှစ်က စံချိန်ချိုးခဲ့တဲ့ ကုန်သွယ်မှုလိုငွေပြမှု အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄၁ ဘီလံယံ ထက်လျော့နည်းမယ်လို့ ခန့်မှန်းပါတယ်။

စီးပွားရေးနဲ့ ပတ်သက်လို့ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မယ့် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်၊ ကုမ္ပဏီဥပဒေအသစ်၊ ကွန်ဒိုမီနီယံဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ထူးခြားချက်က ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေကို အမေရိကန်ဒေါ်လာ ငါးသန်းအထိ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တွေချနိုင်တဲ့ အာဏာကိုပေးလိုက်တာပဲ။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများဟာ ရင်းနှီးမြှုပ်နှံမှုကို သူ့ထက်ငါ အပြိုင်အဆိုင် ဆွဲဆောင်လာကြတယ်။ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအထိဆင်းပြီး မြှုပ်နှံလာကြတယ်။ မြစ်သာစက်မှုဇုန်၊ မအူပင်စက်မှုဇုန်၊ မြစ်ကြီးနားစက်မှုဇုန်၊ ကန်ပိုက်တီးစီးပွားရေးဇုန်၊ ရန်ကုန် ညောင်နှစ်ပင်စက်မှုဇုန်၊ အမြန်လမ်း အနားက Eco-Green City၊ အမာတာစက်မှုဇုန်တွေက သက်ဝင်လှုပ်ရှားလာတယ်။ ရန်ကုန်မြို့သစ်စီမံကိန်း၊ ရန်ကုန်အထူးစီးပွားရေးဇုန်များကိုလည်း စီမံလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၇ ခုနှစ်အတွင်းမှာ နိုဝင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇၇ ဘီလီယံရှိခဲ့တယ်။ ၂၀၁၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၄၉ ဖြစ်တာမို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အတည်ပြုပမာဏ လျော့ကျတယ်လို့ ဆိုနိုင်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုက ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၀၅ ဘီလီယံရှိခဲ့တယ်။ ဒီပမာဏဟာ ယမန်နှစ်က ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၃၁ ဘီလီယံထက် တိုးတက်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားကိုးသလို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုလည်း လျှော့တွက်လို့မရပါဘူး။ ပြည်သူတွေရဲ့ စုဆောင်းမှုကို စုစည်းအသုံးချနိုင်ရင် ရင်းနှီးမြှုပ်နှံမှုတိုးပြီး တိုင်းပြည်ဝင်ငွေလည်း တိုးတက်လာမှာ အမှန်ပါပဲ။

> **ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေကို အမေရိကန်ဒေါ်လာ ငါးသန်းအထိရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တွေချနိုင်တဲ့ အာဏာကိုပေးလိုက်တာပဲ။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရများဟာ ရင်းနှီးမြှုပ်နှံမှုကို သူ့ထက်ငါ အပြိုင်အဆိုင် ဆွဲဆောင်လာကြတယ်။ ပြည်ပ . . .**

### ရန်ကုန်–မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ခြင်း

တိုင်းပြည်စီးပွားတိုးတက်ဖို့ဟာ လမ်းပန်းအခြေခံအဆောက်အအုံ တိုးတက်ဖို့လိုပါတယ်။ လမ်းပန်းအခြေခံအဆောက်အအုံတိုးတက်ဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေနဲ့ ရန်ကုန်-ပုသိမ်လမ်းကို အမေရိကန်ဒေါ်လာသန်း ၃၄၀ အကုန်ခံပြီး လေးလမ်းသွားအဖြစ် အကောင်အထည်ဖော်မယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမှာ ရန်ကုန် ကနေ ၃၉ မိုင်အထိ ခြောက်လမ်းသွား ကတ္တရာလမ်းမကို တည်ဆောက်မယ်။ ကျန်အပိုင်းများကိုတော့ နိုင်ငံတော်နဲ့ ပုဂ္ဂလိကပူးပေါင်းပြီး အကောင်အထည်ဖော်မယ်။ မော်တော်ယာဉ် ကျပ်တည်းမှုကို လျှော့ချစေဖို့ သီလဝါနဲ့ ပဲခူးလမ်းကို တည်ဆောက်မယ်။ ဒီလမ်းက ကိုရီးယားသမ္မတနိုင်ငံနဲ့ ဖက်စပ်ဆောင်ရွက်မယ့် ညောင်နှစ်ပင်စက်မှုဇုန်နဲ့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆက်သွယ်မယ်လို့ဆိုပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ရန်ကုန်မြို့ပတ်ရထားလမ်းနဲ့ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်နေပါပြီ။

လျှပ်စစ်ဓာတ်အားအနေနဲ့လည်း အချိန်ယူ ဆောက်လုပ်ရလို့ ၂၀၁၇ ခုနှစ်အကုန်မှာ မြင်းခြံ လျှပ်စစ်ဓာတ်အားပေးရုံကို စတင်လည်ပတ်နိုင်ခဲ့ပါတယ်။ မီဂါဝပ် ၂၂၅ တိုးလာတယ်။ လာမည့် ၂၀၁၈ ခုနှစ်အတွင်းမှာတော့ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေ ပြီးတော့မှာမို့ တပ်ဆင်အင်အား မီဂါဝပ် ၄၂၅ ထပ်တိုးလာဦးမယ်လို့ဆိုပါတယ်။ ဒီအင်အားဟာ လက်ရှိတပ်ဆင်အင်အားနဲ့ညီတာမို့ ထုတ်လုပ်နိုင်စွမ်းအားဟာ နှစ်ဆတိုးမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ ဗဟိုနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေ ဟန်ချက်ညီလာတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးအစိုးရအကြား ဗီဒီယိုနဲ့ ချိတ်ဆက်မှုကို လုပ်ဆောင်လာတယ်။

### သစ်တောခွန်ပေးဆောင်နေရမှုဖြေလျှော့

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိုလည်း ဒုတိယသမ္မတကြီးက ပုဂ္ဂလိကအသင်းအဖွဲ့တွေနဲ့ စဉ်ဆက်မပြတ်တွေ့ဆုံဖြေရှင်းပေးတယ်။ တစ်နှစ်မှာ ၁၂ လသာရှိပေမယ့် ပြီးခဲ့တဲ့နှစ်အတွင်း ၁၃ ကြိမ်တွေ့ဆုံနိုင်ခဲ့တယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှု လွယ်ကူမှု အညွှန်းကိန်းကို ၂၀၂၀ ပြည့်နှစ်မှာ ၁၀၀ အောက်ရောက်အောင် ရည်မှန်းချက်ထားလုပ်ဆောင်လာတယ်။ ဒီရလဒ်တွေကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ ပြည်ပဘဏ်များက ပို့ကုန်ချေးငွေရရှိနိုင်အောင် ဗဟိုဘဏ်က ဖြေလျှော့ပေးခဲ့တယ်။ ပို့ကုန်လုပ်ငန်းများမှာ နှစ်ရာခိုင်နှုန်းကြိုတင်ငွေ ပေးဆောင်နေရမှုကို စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေလျှော့ပေးခဲ့တယ်။ ဖာလာ၊ သနပ်ခါး၊ လျှော်ဖြူတို့မှာ သစ်တောခွန်ပေးဆောင်နေရမှုကိုလည်း ဖြေလျှော့ပေးနိုင်ခဲ့တယ်။ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ချေးငွေရရှိမှုတိုးတက်အောင် နှစ်ဆင့်ချေးငွေ (Two Step Loan) နဲ့ လက်ရှိပေါက်ဈေးထက်သက်သာသောနှုန်းထားနဲ့ ချေးနိုင်အောင်လုပ်ဆောင်ပေးခဲ့တယ်။ ထူးခြားတဲ့တိုးတက်မှုက ခေတ်နောက်ကျနေတဲ့ ကုမ္ပဏီအက်ဥပဒေအစား ကုမ္ပဏီဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်တယ်။ ဒီဥပဒေဟာ ပြည်တွင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တိုးတက်စေလိမ့်မှာ ဖြစ်တယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဘေဆယ်ဘဏ်လုပ်ငန်းလမ်းညွှန်များနဲ့အညီ ဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ကြေညာချက်လေးခုကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံဘဏ်လုပ်ငန်းများမှာ အတိုးရောအရင်းပါ ကျေးပြန်မဆပ်နိုင်တဲ့ ချေးငွေတွေများစွာ ရှိနေပါတယ်။ ဘဏ်စည်းမျဉ်းစည်းကမ်းများနဲ့မညီဘဲ ဘဏ်ချေးငွေများကို လူနည်းစုကို အများအပြားထုတ်ချေးထားတာတွေတွေ့ရပါတယ်။ ဘဏ်မှာထားရှိရမယ့် ဗဟိုဘဏ်ရဲ့ ကွပ်ကဲမှုဟာ မြန်မာနိုင်ငံရဲ့ ငွေကြေးစနစ်နဲ့ ဘဏ်စနစ်ကို ခိုင်မာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတကာဘဏ်လုပ်ငန်းထိန်းချုပ်မှု လမ်းညွှန်ချက်များနဲ့အညီ အနိမ့်ဆုံးဆောင်ရွက်ရမည့်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုမှ မဆောင်ရွက်ရင် ငွေကြေးစနစ်တစ်ခုလုံးကို ထိခိုက်စေမှာဖြစ်လို့ ကြီးကြပ်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများကို အားပေးဖို့ ဒုတိယသမ္မတခေါင်းဆောင်တဲ့ လုပ်ငန်းကော်မတီကို မကြာမီထူထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီကော်မတီဟာ ပြည်နယ်နဲ့ တိုင်းဒေသကြီးများမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ မြှင့်တင်ရေးအေဂျင်စီများကို ထူထောင်ပြီး ဟန်ချက်ညီညီလှုပ်ရှားမှာဖြစ်လို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အားရဖွယ် ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့



# အာရှနယ်လှည့် ဖျော်ဖြေပွဲကို တရုတ်(တိုင်ပေ)မှာ စတင်သွားမယ့် G-Friend

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ G-Friend ဟာ အဖွဲ့ရဲ့ အာရှတစ်ခွင်မှာ ပြုလုပ်သွားမယ့် နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ကိုတော့ တရုတ်(တိုင်ပေ)မှာ စတင်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ မကြာသေးမီက တောင်ကိုရီးယားမှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပခဲ့ပြီးတဲ့နောက် လတ်တလောမှာတော့ အာရှနယ်လှည့်ဖျော်ဖြေရေးခရီးစဉ်နဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက "တရုတ်(တိုင်ပေ)မှာ စတင်ပြီး လာမယ့် ဖေဖော်ဝါရီ ၂၈ ရက်မှာ G-Friend ရဲ့ အာရှနယ်လှည့်ဖျော်ဖြေရေးခရီးစဉ် စတင်သွားမှာပါ။ ထိုင်း၊ ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန်နဲ့ အခြားနိုင်ငံတွေမှာလည်း ဖျော်ဖြေသွားမှာပါ။ ဖျော်ဖြေရေးခရီးစဉ်အတွင်းမှာ အဖွဲ့ဟာ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေလည်း ပြုလုပ် သွားဖို့ရာ စီစဉ်ထားပြီး ပရိသတ်တွေနဲ့ အမှတ်တရ ဖြစ်စေမယ့်ပွဲတွေလည်း ကျင်းပသွားမှာ ဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

"G-Friend" အဖွဲ့ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၆ ရက်နဲ့ ၇ ရက်တွေမှာ တောင်ကိုရီးယားမှာ အဖွဲ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ကျင်းပခဲ့တာဖြစ်ပြီး မကြာမီမှာတော့ အာရှတစ်ခွင်က ပရိသတ်တွေဆီ အရောက်လှမ်းတော့မှာ ဖြစ်ပါတယ်။



မင်းသမီး လီဆန်ကွန်းနဲ့ မင်းသား လီဆန်းဂီတို့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ "the Golden Disc Awards" ဆုပေးပွဲသို့ အတူတက်ရောက်လာကြစဉ်။



# သားလေးမွေးဖွားလိုက်တဲ့ လီစီယောင်း

တောင်ကိုရီးယားရဲ့ နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်တဲ့ လီစီယောင်းဟာ မကြာသေးမီက သားဦးလေးကို မွေးဖွားလိုက်ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းမှာ လီစီယောင်းက ဆိုးလ်မှာရှိတဲ့ ဆေးရုံတစ်ရုံမှာ ကျန်းမာတဲ့ သားယောကျ်ားလေးတစ်ဦး မွေးဖွားခဲ့တာဖြစ်ကြောင်း အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ မိခင်ရောကလေးပါ ကျန်းမာပြီး အနုပညာလှုပ်ရှားမှုတွေကနေ အနားယူကာ မိသားစုနဲ့သာ အချိန်တွေ ကုန်ဆုံးစေမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လီစီယောင်းဟာ ချစ်သူသက်တမ်း တစ်နှစ်ခန့်ကြာခဲ့ပြီးနောက် ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဂျိုဆန်ဟွန်းနဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။

**အေးပြည့် - ရေးသားသည်**

## ၂၀၁၇ ခုနှစ်ရှင်းတမ်း

စာမျက်နှာ ၁၈ မှ

### စိတ်ဝင်တစားလာရောက်လည်ပတ်

ခရီးသွားလုပ်ငန်းမှာလည်း ရခိုင်အရေးအကြောင့် လျော့သွားမယ်လို့ ထင်ခဲ့ပေမယ့် ၂၀၁၇ ခုနှစ်ရဲ့ နိုဝင်ဘာအထိ ဗီဇာဖြင့်ဝင်ရောက်သူ ရှစ်ရာခိုင်နှုန်း တိုးခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလနဲ့ နှိုင်းစာရင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ၁၁ လ အတွင်းမှာ ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၁၃ သန်းဝင်ရောက်ခဲ့တာမို့ ယမန်နှစ်ကာလတူထက် ၂၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ပါတယ်။ ဒီအထဲမှာ ပြည်တွင်း ခရီးသွားတွေတိုးတက်တာ ပြည်တွင်းနေ ပြည်ပကိုသွားရောက်လည်ပတ်ကြတဲ့ အရေအတွက် မပါသေးပါဘူး။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်လို့ ဖြေလျော့မှုများကြောင့် မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ ရေမြေသဘာဝ၊ ယဉ်ကျေးမှုအမွေအနှစ်၊ တိုင်းရင်းသား ပေါင်းစုံရဲ့ မတူကွဲပြားမှုများကို စိတ်ဝင်တစားလာရောက်လည်ပတ်ကြမည့်သူများ ၂၀၁၈ ခုနှစ်အတွင်းမှာ ပိုမိုတိုးတက်လာရောက်ကြမယ်လို့ မျှော်မှန်းပါတယ်။

ကုန်သွယ်မှု မူဝါဒအပိုင်းမှာ ပြောင်းလဲမှုတစ်ခုက တော့ ဆိတ်၊ သိုးအပြင် ကျွဲ၊ နွားအရှင်များကို တင်ပို့ခွင့်ပြုခဲ့ခြင်းဖြစ်တယ်။ မြန်မာနိုင်ငံက ဆိတ်၊ သိုး၊ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့ခွင့်ပိတ်ပင်ထားခဲ့ပေးမယ့် မှောင်ခိုလမ်းက ကျွဲ၊ နွားအရှင်တင်ပို့မှုဟာ တစ်နှစ်ကို အကောင်ရေ ငါးသိန်းခန့်ရှိမယ်လို့ တစ်ဖက်နိုင်ငံများရဲ့ စာရင်းများက ဆိုတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ကျွဲ၊ နွားအများဆုံးမွေးတဲ့ နိုင်ငံဖြစ်ပြီး ကျွဲ၊ နွားအရေအတွက် ၁၄ သန်းလောက်ရှိပေမယ့် မြန်မာနိုင်ငံက ကျွဲ၊ နွားတွေကို တင်ပို့ခွင့် ပိတ်ပင်ထားတော့ ဩစတြေးလျက တရုတ်နဲ့ အရှေ့တောင်အာရှ အမဲသားဈေးကွက်မှာ ဈေးကွက်ရ အကျိုးခံစားနေရတယ်လို့ ဆိုပါတယ်။ ဆိတ်၊ သိုးကို ဩစတြေးလျနိုင်ငံက မလေးရှားနိုင်ငံကို တစ်နှစ်ကို ၂၀၁၅ ခုနှစ်က အကောင်ရေရှစ်သောင်းလောက်ပို့နေပေမယ့် မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက တရားဝင်တင်ပို့မှု တိုးလာတာကြောင့် ၂၀၁၆ ခုနှစ်မှာ ၈၀၀၀ နီးပါးပဲ တင်ပို့ရတော့တယ်လို့ဆိုတယ်။ မြန်မာနိုင်ငံက ၂၀၁၇ ခုနှစ်မှာ ဆိတ်သိုးတင်ပို့မှုဟာ ကောင်ရေ တစ်သိန်းကျော် သွားခဲ့ပါပြီ။ မြန်မာနိုင်ငံက ကျွဲ၊ နွား တင်ပို့မှုကို တရားဝင်တင်ပို့ခွင့်ပြုတာကို တရုတ်နိုင်ငံက ကြိုဆိုခဲ့တယ်။

လာမယ့် နှစ်မှာ ကျွဲ၊ နွား နှစ်သိန်းနဲ့ လာမယ့် သုံးနှစ်အတွင်း တစ်နှစ်ကို ကျွဲ၊ နွားအရှင် ငါးသိန်းအထိ တိုးတက်တင်သွင်းနိုင်အောင်ဆောင်ရွက်မယ်လို့ဆိုတယ်။ ဒီလိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် မြန်မာနိုင်ငံမှာ ကျွဲ၊ နွားခြံများမှာ လာရောက်ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူသူတွေကို မျိုးနဲ့ အစားအစာဆေးဝါးများ ထောက်ပံ့ပြီး အားပေးသွားမယ်လို့ဆိုတယ်။ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးရဲ့ ထူးခြားချက်ကတော့ ရိတ်သိမ်းခြွေလှေ့ထွန်ယက်မှုများမှာ စက်တွေသုံးလာခဲ့တော့ ခိုင်း ကျွဲ၊ နွား လိုအပ်ချက်ကလည်း လျော့နည်းလာခဲ့သလို ရိတ်သိမ်းချိန်လွန် လေလွင့်မှုကို လျော့ချနိုင်ခဲ့လို့ စပါးတစ်ဧက အထွက်မတိုးသည့်တိုင် စက်များသုံးပြီး အလေအလွင့် လျော့ချနိုင်မှုကြောင့် စပါးထုတ်လုပ်မှုဟာ ၂၅ ရာခိုင်နှုန်းတိုး လာတယ်လို့ဆိုပါတယ်။ ဒီရလဒ်ဟာ ဆန်တင်ပို့မှုကို လွန်ခဲ့တဲ့ ၅၅ နှစ်အတွင်း စံချိန်တင်တင်ပို့နိုင်ခဲ့တဲ့အခြေ အနေရောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ ဆန်တန်ချိန် သုံးသန်းတင်ပို့နိုင်အောင် မြန်မာ့ဆန်စပါးအဖွဲ့ချုပ်က မျှော်မှန်းနေပါတယ်။

### မော်တော်ယာဉ်တင်သွင်းမှုမူဝါဒ

မြန်မာနိုင်ငံစီးပွားရေးမှာ ၂၀၁၇ ခုနှစ်အတွင်း ထူးခြားတဲ့ အပြောင်း အလဲတစ်ခုကတော့ မော်တော်ယာဉ်တင်သွင်းမှုမူဝါဒဖြစ်တယ်။ မြန်မာနိုင်ငံမှာ လက်ျာကပ်မောင်းစနစ်ကို ကျင့်သုံးခဲ့တာ ၁၀ စုနှစ်များစွာကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် မော်တော်ယာဉ်တင်သွင်းမှု ထိန်းချုပ်ထားမှုကို လျှော့ပေါ့ပေးလိုက်ချိန်မှာ မြန်မာနိုင်ငံဟာ ဂျပန်ကားတစ်ပတ်ရစ်များကိုတိုးချဲ့တင်သွင်းခဲ့တယ်။ ဂျပန်နိုင်ငံက လက်ဝဲကပ်မောင်းစနစ်ကို ကျင့်သုံးလို့ ညာမောင်း ကားများကို ထုတ်လုပ်ရောင်းချတာဖြစ်ပါတယ်။ ဂျပန်ကားများဟာ အရည်အသွေးကောင်းပေမယ့် ညာမောင်းကားများဖြစ်လို့ မြန်မာနိုင်ငံမှာ မော်တော်ယာဉ် မတော်တဆမှုတွေ များပြားစွာ ဖြစ်ပေါ်ခဲ့တာ အများအသိပါ။ တစ်ပတ်ရစ်ကားများအနေနဲ့ အစောပိုင်းမှာ ဈေးသက်သာလို့ အခြေအနေကောင်းပေမယ့် နောက်ပိုင်းမှာ အပိုပစ္စည်းများကို ပိုမိုတင်သွင်းခဲ့ရတယ်။ မော်တော်ယာဉ်တင်သွင်းမှုက ၂၀၁၆ ခုနှစ်မှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိခဲ့ပြီး အပိုပစ္စည်းတင်သွင်းမှုက အမေရိကန်ဒေါ်လာ သန်း ၆၀၀ အထိရောက်လာခဲ့တယ်။ တစ်ပတ်ရစ်ကားများဟာ ဈေးသက်သာပေမယ့် ဘေးမကင်းတဲ့အပြင် နောက်က အပိုပစ္စည်းတွေ ပိုမိုတိုးတက်တင်သွင်းခဲ့ရတယ်။ ၂၀၁၈ ခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းမှု မူဝါဒ ပြောင်းလဲချိန်မှာ ဘယ်မောင်းကားအသစ်များကို ပိုမိုတင်သွင်းလာကြမှာဖြစ်ပြီး ပြည်တွင်းမှာလည်း ထုတ်လုပ်လာကြမှာဖြစ်လို့ မော်တော်ယာဉ်တင်သွင်းမှုကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းမှုကိုလည်း ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ထို့အပြင် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူများကို အားပေးနိုင်မှာဖြစ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှုများကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

### ရော်ဘာပို့ကုန်တိုးတက်

မြန်မာနိုင်ငံပို့ကုန်တင်ပို့မှုမှာ အလားအလာကောင်းတဲ့ နယ်ပယ်တစ်ခုကတော့ ရော်ဘာတင်ပို့မှု ဖြစ်ပါတယ်။ ယခင်က မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာ ရော်ဘာအသင်းကို ဝင်ရောက်ခဲ့ခြင်း မရှိသလို၊ မြန်မာနိုင်ငံရဲ့ ရော်ဘာစံချိန်စံညွှန်းများကိုလည်း သတ်မှတ်နိုင်ခဲ့ခြင်းမရှိပါဘူး။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရော်ဘာထုတ်လုပ်သူများအသင်းရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် အပြည်ပြည်ဆိုင်ရာ ရော်ဘာအသင်းကို ဝင်ရောက်နိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံ ရော်ဘာစံသတ်မှတ်ချက်ကိုလည်း ထုတ်ပြန်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ စံချိန်မီရော်ဘာများကို ထုတ်လုပ်နိုင်ဖို့ ရော်ဘာစက်ရုံများကိုလဲ မွန်ပြည်နယ်မှာ ထူထောင်နိုင်ခဲ့ပါတယ်။ မြန်မာ့ရော်ဘာကို ဂျပန်နိုင်ငံနဲ့ တရုတ်နိုင်ငံက ဝယ်အားကောင်းနေတာကြောင့် ၂၀၁၈ ခုနှစ်မှာ ရော်ဘာပို့ကုန် တိုးတက်လာမှာ ဖြစ်ပါတယ်။

### နိုင်ငံ့စီးပွားရေးရဲ့ အလားအလာကောင်း

၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်အမယ်သစ်များကတော့ ကော်ဖီ၊ လက်ဖက်၊ ထောပတ်သီး၊ ဝဥ စတာတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လယ်ယာကို အခြေခံပြီး လယ်ယာအခြေခံစက်မှုလုပ်ငန်းများ (Agro-Based Industry) ထူထောင်နိုင်ခြင်းဟာ ကုသိုလ်လည်းရဝမ်းလည်းဝ ဆိုသလို ဒေသအတွင်းနဲ့ ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံမှု (Food Security)ကို အထောက်အကူပြုစေမှာဖြစ်ပါတယ်။

စာရေးသူ ဆိုလိုချင်တာက ၂၀၁၇ ခုနှစ် မြန်မာ့စီးပွားရေးဟာ ဂျာနယ်များနဲ့ ဆိုရှယ်မီဒီယာမှာရေးသလို အားလုံးအဆိုးကြီးတော့ မဟုတ်သလို၊ အကျပ်အတည်းတွေ၊ စိန်ခေါ်မှုတွေနဲ့ ကင်းတဲ့ စီးပွားရေးတော့မဟုတ်ခဲ့ပါဘူး။ သို့သော်လည်း ဖြစ်လာတဲ့ဒဏ်တွေကို ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်နိုးထနိုင်စွမ်းရှိတဲ့ စီးပွားရေး (Resilency Economy) ဖြစ်တယ်ဆိုတာကိုတော့ ပြောချင်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ ဂျက်လေယာဉ်နဲ့ ဝေဟင်ကို မရောက်သေးပေမယ့် ဝေဟင်ကို ပျံတက်ဖို့ အခြေအနေကောင်းတွေကိုတော့ ၂၀၁၇ ခုနှစ်အတွင်းမှာ ဖန်တီးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတိုးတက်နိုင်အောင် ပြည်သူတွေပါဝင်တဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများက ဦးဆောင်သွားမှာ ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး၊ လမ်းပန်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး၊ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနဲ့ အလုပ်အကိုင်ဖန်တီးမှုမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မယ့် နိုင်ငံ့စီးပွားရေးရဲ့ အလားအလာကောင်းများကို ၂၀၁၈ ခုနှစ် နှစ်သစ်အတွင်းမှာ ဖြစ်ပေါ်စေနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ချီးမြှင့်ပေးအပ်သော **"သုဓမ္မမဏိဇောတရေ"** ဘွဲ့တံဆိပ်ကို မန္တလေးတက္ကသိုလ်(၁၉၈၆-၁၉၉၃) ပညာသင်နှစ် ဘူမိဗေဒကျောင်းသား

**ကိုသန်းနိုင် (စံတော်ဝင်)**

အမှတ်(၇၀)၊ မြိုင်ဟေဝန်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ အမှတ်(၁၇)၊ လယ်ဦးလယ်တောရပ်၊ မိုးကုတ်မြို့မှ ထိုက်တန်စွာရရှိခဲ့ပါသဖြင့် ဆရာ/ဆရာမများနှင့် (၁၉၈၆-၁၉၉၃)ပညာသင်နှစ် ဘူမိဗေဒသူငယ်ချင်းများအားလုံးမှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍ ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ထမ်းဆောင်မြင့်တင်နိုင်ပါစေကြောင်း သူငယ်ချင်းများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**(၁၉၈၆-၁၉၉၃) ဘူမိဗေဒသူငယ်ချင်းများ**
**မန္တလေးတက္ကသိုလ်**

### နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)
### နှစ်ပတ်လည်အစည်းအဝေး

အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၁၁-၂-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမော်ရုံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/ သားများ၊ မြို့နယ်သူ/မြို့နယ်သားများ အပူဇော်ခံပုဂ္ဂိုလ်များ၊ ဆုရကျောင်းသူ/ကျောင်းသားများ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

၃၁-၁၂-၂၀၁၇ရက်တွင် အသက်(၇၅)နှစ်နှင့်အထက်ရှိ အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၁၇ခုနှစ်အတွင်း တက္ကသိုလ်/ ကောလိပ်အတန်းများတွင် ဂုဏ်ထူးရရှိသူများ၊ ၂၀၁၆-၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဌမတန်းစာမေးပွဲတို့တွင် ဂုဏ်ထူးရရှိသူများ၊ အခြေခံပညာကျောင်းများတွင် တန်းခွဲအားလုံးပေါင်း ပထမရသူများ၊ တန်းခွဲတစ်ခုချင်းအလိုက် ပထမဆုရသူများ၊ နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများနှင့် ဗဟိုအဆင့်အခြားထူးချွန်ဆုရသူများ၏ အမည်စာရင်းကို အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဦးဝင်းအောင် ဖုန်း-၀၉-၇၉၅၅၉၂၀၈၅၊ ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၁၄၆၂၅၊ ဒေါ်သီတာဝင်း ဖုန်း-၀၉-၅၁၉၆၈၀၀၊ ဒေါ်လဲ့လဲ့သန့် ဖုန်း-၀၉၅၀၄၀၆၀၃သို့ ၂၆-၁-၂၀၁၈ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။

## အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

သူငယ်ချင်းဖြစ်သူ ကိုမျိုး [Myo Naing-Nine Int'l Trading Co.,Ltd] Naing-Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေးတို့၏ ဖခင်ကြီးဦးထွန်းဖေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၈ဖြင့် နိုင်ငံတော်မှ ထိုက်တန်စွာ ချီးမြှင့်သော **"သုဓမ္မမဏိဇောတရေ"**ဘွဲ့ရရှိသဖြင့် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ကိုအောင်မင်းထွန်း (Golden Tradelink Pte.,Ltd)**
**ကိုမျိုးမင်းဦး (Xenon Company Ltd)**
**ကိုဇာလီဘစိန် (မြတ်ဆုမွန် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)**

### ကယားပြည်နယ်အစိုးရအဖွဲ့
### စိုက်ပျိုး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ကယားပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သွားမည့် လွိုင်ကော်မြို့၊ မြို့ရေပေးရေးစီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းအား တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | နမ့်တဘက်ချောင်းမှ လွိုင်လင်လေးကျေးရွာထိရေတင်ပို့ခြင်းနှင့် ရေဖြန့်ဝေခြင်း(အပိုင်း-၁) | (၁)ရပ် |
| (ခ) | လွိုင်လင်လေးကျေးရွာမှ ဒေါတနောကျေးရွာသို့ ရေတွန်းပို့ခြင်း၊ လွိုင်ကော်မြို့ကွန်ပျူတာတက္ကသိုလ်ရှေ့ထိပိုက်လိုင်းသွယ်တန်းခြင်း(အပိုင်း-၂) | (၁)ရပ် |
| (ဂ) | လွိုင်ကော်မြို့၊ ကွန်ပျူတာတက္ကသိုလ်အရှေ့မှ မိုင်းလုံးစည်ပင်ရေစုကန်ထိ ပိုက်လိုင်းသွယ်တန်းခြင်း(အပိုင်း-၃) | (၁)ရပ် |

၂။ တင်ဒါအချက်အလက်များ ရုံးချိန်အတွင်း ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - ၁၅-၁-၂၀၁၈ရက် |
| တင်ဒါရှင်းလင်းမည့်နေ့ရက် | - ၂၅-၁-၂၀၁၈ရက် နံနက်၉း၃၀နာရီ (မပျက်မကွက်တက်ရောက်ပေးပါရန်) |
| တင်ဒါတင်သွင်းရမည့်ရက်၊အချိန် | (၅-၂-၂၀၁၈)ရက် နံနက်၉း၃၀နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန် | (၅-၂-၂၀၁၈)ရက် နံနက်၁၀နာရီ |
| တင်ဒါလျှောက်လွှာတင်သွင်းမည့်နေရာ | ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၃၀၂၄၊ ၀၈၃-၂၃၀၂၅၊ ၀၈၃-၂၄၃၈၁ |

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**


TAW WIN CENTRE 7th ANNIVERSARY LUCKY DRAW

## တော်ဝင်စင်တာ(၇)နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ

တော်ဝင်စင်တာမှ (၇)နှစ်ပြည့်အထိမ်းအမှတ်ပြုလုပ်သည့် ကံစမ်းမဲကို (၁၅.၁.၂၀၁၈)နေ့ နံနက်(၁၀း၀၀)နာရီတွင် တော်ဝင်စင်တာ(၂)လွှာရှိ ပရိုမိုးရှင်းနေရာတွင် ကံထူးရှင်များရွေးချယ်ပေးမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၊ တော်ဝင်စင်တာမိသားစု

45, Pyay Road, Dagon Township, Yangon. Tel: 01 8600111, Ext: 2222, email: tawwincentrepromotion@gmail.com, www.tawwincentre.com


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(၀-၂၀၃၆၀)၊ ဧရိယာ(၀. ၁၁၀)ဧက ဦးသောင်းစိန် မှတ်ပုံတင်အမှတ်[၁၂/ပဇတ(နိုင်)၀၀၉၂၈၅]၊ အဖအမည် ဦးသိန်းညွန့် အမည် ပေါက်နှစ်(၃၀)မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၃၆/၂၀၁၇(၁၆-၁၀-၂၀၁၇)ဖြင့် မြေကွက်အမည်ပေါက် ဦးသောင်းစိန်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်သိန်းသိန်းဝင်း၊ မှတ်ပုံတင်အမှတ်[၁၂/ဥကမ(နိုင်)၁၅၄၅၆၃]၊ အဖအမည်ဦးမောင်ဝင်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၄၈၀
၀၉-၂၆၀၆၆၄၄၉၀

**နန်းထိုက်အောင်**

09 3128 2593
09 3128 2594
09 3128 2595

**ရောင်ခြည်ထပ်**

10',14',15'

Ph:09-450454771
09-450454772
09-450454773

# လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ယ) ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ် (၅၂၀)နေ
(ဦးရဲထွဋ်)[ဒု-စက်ရုံမှူး-ငြိမ်း၊ စစ်တောင်းစက္ကူစက်]-ဒေါ်စန်းစန်းဝင်းတို့၏သားငယ်၊
ကိုသူရဝင်းထွဋ် [B.E (Mechanical) YIT, M.Sc (Project Management) NTU, Singapore]-
မစိုးစိုးငြိမ်း [B.E (Civil) YIT, M.Sc (Structural Engineering) NTU, Singapore]တို့၏ညီ၊
မမြသဲဖြူ (BBA, YIE, DA, ACCA Part III, CPA Part I)၏ အစ်ကို

## မောင်သီဟဝင်းထွဋ်

[B.E(Mechanical) YIT, Facility Management, Farmingdale College, SUNY, USA]

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အောင်ဆန်း (၇)လမ်း၊ အမှတ်(၂၇)နေ
(ဦးကြင်ခွေး)-ဒေါ်ကြင်စော(ခ)ဆရာလေး ဒေါ်ပညာပါရမီတို့၏ သမီးငယ်၊ ဒေါ်ကြင်လှ၏တူမ၊
ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စကားဝါပန်းခြံလမ်း၊ အမှတ်(၁၄၃)နေ
ကိုမြတ်ကျော် [B.A (Myanmar) Second Mate, FG]-မမိုးသူဇာ [B.A (Business Science)]
တို့၏ ညီမ

## မဖြူဇင်

[B.Com, YIE, B.S (Accounting) Hunter College, CUNY, USA]

တို့သည် ၇-၁-၂၀၁၈(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြား ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်သီဟဝင်းထွဋ်-မဖြူဇင်**




















# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံ အဘိဓမ္မာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ၊
ရွှေပါရမီ ကျန်းမာရေး၊ ပညာရေးနှင့် ပဲနို့အာဟာရ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ဖားအောက်ဆရာတော်ကြီး၊
ယောဆရာတော်ကြီးနှင့် အရှင်ဆန္ဒာဓိက – ရွှေပါရမီတောရ ဆရာတော်ကြီးများ၏ ဒါယကာကြီး၊
နှစ်သစ်ကူးတရားအလှူတော် မဓမ္မသဘင်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊
တက်လမ်းကုမ္ပဏီများအုပ်စု၏ ဥက္ကဋ္ဌ

## ဦးရှိန်ဝင်း အား

နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် အမြင့်ဆုံးသာသနာ့ဂုဏ်ထူးဘွဲ့
**"အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက်
အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်
နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအာကာဟိန်းနှင့်ဝန်ထမ်းမိသားစုများ
**Tet Lann Concrete Co., Ltd.**

TALENT STAR EDUCATION CENTRE

T.S.E.C
ကိုယ်ပိုင်အထက်တန်းကျောင်း အဆင့်မြင့်ဘော်ဒါ



English Four skills (Audio Visual Learning)
Basic Computing
Talent Maths Test
Art & Music

Hotline
09 765 411 979
09 420 033 765
09 250 813 512

B.Ed
PPTT
PGDMA
၃-ရဲအုပ်
ကျန်းမာရေး

(Down Town)
လမ်းမတန်းမြေကွက်ရောင်းရန်
ဗိုလ်တထောင်မြို့နယ်၊ အနော်ရထာလမ်းမကြီးနှင့် ဗိုလ်မြတ်ထွန်းလမ်းမ(ယခင် ခရစ်လမ်း)ထောင့်၊ မြေအကျယ် (45'3"x66')ရှိ မြေကွက်ရောင်းရန် ရှိပါသည်။
ဆက်သွယ်ရန် - ၀၉-၇၉၉၂၅၅၆၈၈
၀၉-၇၈၅၀၂၅၃၈
၀၉-၄၂၀၀၄၇၇၈၁

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်တားသွားဆွဲကြိုးများကိုစျေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘီးတွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
Ph: 09-5426261, 09-73225484
Ph: 09-5076661, 09-5076662, 09-5076663

တက်နေဝန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

အဖေနဂါး သားနဂါး အိမ်ခြံမြေ
(1) လိုင်သာယာ နဝဒေး Shop House 15'×70' သိန်း 1780
(2) ရွှေပြည်သာ Shop House သိန်း 450
(3) ဒဂုံဈေးကားကွင်း 40'×60' သိန်း 2200
(4) မြဝတီ သက်နှင်းဆီနေရာ Shop House သိန်း 950
(5) တောင်ဒဂုံ ဈေးဝက်လမ်းမ သိန်း 2200
(6) လိုင်သာယာ ရွှေလင်ပန်း သိန်း 2200
09-799991940, Viber; 09-793316164

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဇန်နဝါရီ(၂)သိန်းဖြင့် (၁၀)ဦး ရပ်တည်ခြင်း (၁)ဦးအခမဲ့
၈ ရက် ခရီး - ဟိုတယ်(၂)ည → ကျပ် ၂ သိန်း + ...ရူပီး (လေယာဉ် + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည → ကျပ် ၂ သိန်း + ...ရူပီး (လေယာဉ် + နီပေါ)
၁၅ ရက် ခရီး - ဟိုတယ်(၅)ည → ကျပ် ၂ သိန်း + ...ရူပီး (ဓနရာဇ် + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၄)ည → ကျပ် ၂ သိန်း + ...ရူပီး - ဓနရာဇ် + ကိုလ်ကတ္တားမြို့

## ရွှေပင့်ကူ

09-450234339, 09-423720047

## ASIA KING

09-77 85 85 912, 09-43 11 43 01

## ရွှေအလင်းတန်း

09-799885389, 09-428028175

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)

# သာကီနွယ်

Hot Line - 01-200952

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

Jan - 20,31/ Feb - 4,10,17,24/ Mar - 4,10,18,25 (၁၀)ဦးလျှင်(၁)ဦးအခမဲ့

Shine Tower (Golden View Condo)


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **သုခစုစံ** ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ နှင့် သင်တန်းကျောင်း **ဥက္ကဋ္ဌ ဦးချမ်းသာ** အား သာသနာတော်ဆိုင်ရာ **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း နှင့် ဘာသာ သာသနာ အကျိုးများအား ဆတက်ထမ်းပိုး တိုးတက်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **မသင်းလေး (မန္တလေး)၊ မမွန် (ပေမြို့)၊ မချောစု (ပုံရှာ)**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သုဓမ္မသိင်္ဂီ ဒေါ်ဖြူဖြူစိမ်း "SPIKE" အား "သီဟသုဓမ္မသိင်္ဂီဘွဲ့" တံဆိပ်တော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် (၄ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်) လွတ်လပ်ရေးနေ့တွင် ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မအားရှောင် **Shwin Lann Co., Ltd.**
ကိုကျော်လွင်၊ ကိုထွန်းစိန် **Eclion Global Co., ltd.**
အားဖိန်ကျဲ့၊ မအားမေ **Seven Color Trading Co., Ltd.**


2018-2019 ပညာသင်နှစ်အတွက်......

## ဒေါက်တာဇော်ဦး

Ph: 09-252210320, 09-457535822

အောင်ထွန်းဆန်းဟောစာစင်တာ
AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(To make reservation well in advance)


## ဝန်ထမ်း(အမြန်)

Marketing Supervisor နှင့် အရောင်းဝန်ထမ်း(ကျား)
ဖုန်း -၀၉-၄၅၀၅၄၁၁၈၉၊ ၀၉-၇၃၀၅၄၃၀၈

## Designer(အမြန်)

လုပ်ငန်းသုံး Logoနှင့် ရုပ်ပုံများ ခေတ်မီဆန်းသစ်စွာ ပုံဖော် Design ဆွဲပေးနိုင်သူဖြစ်ရမည်။
၀၉-၄၅၀၅၄၁၁၈၉၊ ၀၉-၇၃၀၅၄၃၀၈

### Pesticide Trade Name Changing

MYANMA AWBA GROUP CO.,LTD. We would like to change trade name, our authorize pesticides that already registered in Pesticide Registration Board, Myanmar. If any equal trade name or enquiry please contact Pesticide Registration Board. Myanmar Agriculture Service, within these 14 days after announcing.

| Sr | Previous Trade Name | New Trade Name | A.I | Registration Type/Number |
|---|---|---|---|---|
| 1 | VETO 700 WDG | PyDi 700 WDG | Nitenpyram 20% + Pymetrozine 50% WDG | Provisional P2017 - 2228 |

MYANMA AWBA GROUP CO.,LTD,
No.95/A, KyaikWine Pagoda Road, Mayangone Township, Yangon.

### ပိုးသတ်ဆေးအမည်ပြောင်းခြင်း

မြန်မာနိုင်ငံရှိ AgriGate CropSciences Pte.,Ltd. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ ကုန်သွယ်မှုအမည်ပြောင်းလဲ၍ ထင်သွင်းမြန်မာနိုင်ငံ...

| စဉ် | မူလကုန်သွယ်မှုအမည် | ပြောင်းလဲမည့် ကုန်သွယ်မှုအမည် | အဆိပ်ဖြစ်စေသည့် အချိုးအစား | မှတ်ပုံတင် အမျိုးအစား/အမှတ် |
|---|---|---|---|---|
| ၁ | ဗီတို ၇၀၀ ဒဗလျူဒီဂျီ (VETO 700 WDG) | ပိုင်ဒီ ၇၀၀ ဒဗလျူဒီဂျီ (PyDi 700 WDG) | Nitenpyram 20%+ Pymetrozine 50% WDG | Provisional P2017 - 2228 |

[illegible]

မြန်မာ့အဝပါအုပ်စုကုမ္ပဏီလီမိတက်
အမှတ်(၉၅/က) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး


FAME LADYMAX™ Anti-acne Gel

ဝက်ခြံ၊ အသားမြင့်ခြင်းနှင့် ဒွေးပေါက်ကျယ်ခြင်းများကို သက်သာပျောက်ကင်းစေရန်





အမြို့မြို့အနယ်နယ်ရှိ
City Care ဆိုင်တိုင်းတွင်
ဝယ်ယူရရှိနိုင်ပါသည်။

ကျား/မ မရွေး
အသုံးပြုနိုင်သည်

NOTIFICATION NO: MN17037448

Ph: 09-965 559 860, 09 731 422 16


THE CENTRAL
WHERE THE FINEST MEETS
1
MORE DAYS TILL OUR
NEW GALLERY SHOWROOM OPENING
HOTLINE
+959 777 773 770
PROJECT LOCATION
Corner of Kabar Aye Pagoda Road
and Kanbe Road,
Yankin Township, Yangon, Myanmar
GALLERY SHOWROOM
No. 7 - 8, Kabar Aye Pagoda Road,
Yankin Township, Yangon.
www.thecentral.com.mm

**NEW MOTION TRAVELS & TOURS**
ESCAPE FROM EVERYDAY LIFE

England — April 10 - 20 (Cardiff-Windsor-Brighton London-Manchester-Stratford) 09-260792885
America — April 07 - 19 (San Fran-LA-Las Vegas-Niagara-Washington DC-New York) 09-73117723/4
Russia — April 12 - 19 (Moscow-St. Petersburg) 09-260792883
Australia — April 10 - 20 (Melbourne-Sydney Gold Coast-Brisbane) 09-73148933/66



## Ever Clean Travel & Tour

- (၄ည ၅ရက်) Jan-26, Feb-9, 28
- Trekking (၄ည ၅ရက်) Jan-26, Feb-9, 28
- (၄ည ၅ရက်) Jan-26, Feb-9, 28
- (၃ည ၄ရက်) Jan-26, Feb-9, 28
- (၄ည ၅ရက်) Feb-9, 28
- (၄ည ၅ရက်) Feb-9, 28
- (၃ည ၄ရက်) Feb-9, 28

09-33886666, 09-795185522



**GOLDEN LIGHT**
Jan 19 · Hotel 75000 · 45000 · Motel 75000 · 70000 · 95000 · Motel 75000 · Motel 65000 · Guest 75000 · 40000
Ph: 09 795066657, 09 785066657, 09 765066657



**NEW GENERATION**
၂ညအိပ် ၃ရက် (တစ်ဦးလျှင် ၁၆၀,၀၀၀)
အသေးစိတ်ကို သောကြာနေ့တိုင်း ထွက်ပါသည်။
09 426887227, 09 426887228



**Khine** ကိုရီးယားဘာသာသင်တန်းကျောင်း
E.P.S (TOPIK)
Ph : 09-73026940, 09-250041687, 09-5162790



ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803



ရွှေလမ်းညွှန်
115000
50000
26
09-420087371, 09-258302029



### မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

**"မြန်မာ့လူသုံးနည်းသစ်များတွင်ကျယ်ပြန့်စွာအသုံးပြုလာစေရေး သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား" သို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသန (ရေဆင်း)မှ ဦးဆောင်ဦးရွက်ပြု၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက စီစဉ်ကျင်းပသည့် "မြန်မာ့လူသုံးနည်းသစ်များတွင်ကျယ်ပြန့်စွာအသုံးပြုလာစေရေးသုတေသနစာတမ်းဖတ်ပွဲအခမ်းအနား" အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားပါမည်–

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၁ – ၁ –၂၀၁၈ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | – | နံနက် ( ၀၉ း ၃၀ ) နာရီ မှ ညနေ( ၀၄ း ၃၀ ) |
| ကျင်းပမည့်နေရာ | – | IBC ပြည်လမ်း၊ ၆ မိုင်ခွဲ၊ ရန်ကုန်။ |

၂။ အဆိုပါစာတမ်းဖတ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အသင်းဝင်လုပ်ငန်းရှင်များ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်းနှင့် တက်ရောက်လိုသူများအနေဖြင့် အသင်းအီးမေး mfpmf.5june2015@gmail.com သို့(၁၉–၁–၂၀၁၈)ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့နိုင်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း



## ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
**"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း**
(၁၂)ကြိမ်မြောက် E.P.S TOPIK ဖြေဆိုမည့်သူများအတွက်
တန်းခွဲသစ်ကို (၁၇-၁-၂၀၁၈) တွင်ဖွင့်လှစ်ပါမည်။
အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်–အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၈၀၅



ရောင်စုံကမ္ဘာ
ဓါတ်ပုံ၊ ဗီနိုင်း၊ ပုံနှိပ်၊ Lightbox ဆိုင်းဘုတ်၊ ဓါတ်ပုံဘောင်အမြန်လုပ်ငန်း



၂၀" × ၃၀" ဓါတ်ပုံဆိုဒ်ကြီးနှင့် ဓါတ်ပုံဘောင်အမြန်ရသည်။
Online cwprinting
ALL-in-one Board /PP/Acrylic
FUJIFILM Acuity LED UV ဖြင့် PREMIUM QUALITY
Sticker: Print & Cut ၊ 3M ၊ Glossy ၊ Window
Fabric ၊ ဗီနိုင်း
Backlit Film ၊ Textile ၊ PVC
Original Lightbox ဆိုင်းဘုတ်ဆိုဒ် (Design + Frame + UV Printout)
ဗီနိုင်းဆိုင် အမှတ်(129)၊ Ph: 01 389128,01 373024
UV ပုံနှိပ် (၁) အမှတ်(138)၊ Ph: 01 252536,01 389300
ဓါတ်ပုံဆိုင် (၂) အမှတ်(109)၊ Ph: 01 375022,09 777553373



# Topsyne®
FDA 1309 PC 0021



Herbal Cream (ငွေရောင်ဘူး)
Herbal Cream (ပန်းပွင့်ပုံဘူး)
Apple Production Co., Ltd



(၁)ပထပ်မြေညီ
(၆၀' x ၆၀')
၀၉ ၇၅၃၃ ၈၈၈၈ ၉၁



USA-2012 Certificate
ဖျံ-၅-ကောင်
Ph.D (Alternative Medicines)







ပြန်နှင့်အိမ်ရောင်းမည်
အမှတ်(၂)လမ်းမပေါ်
မြေနိုဗြဲဝင်ပြီး(၁၀၂)ဓက
သိန်း(4700)ညှိနိုင်း
PH:09-790969646

"ရွှေစည်"
09-73122029,09-795669534

လမ်းမတန်းနေရာကောင်းရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမပေါ် ပေ(၆၀×၆၀)
2BN၊ ရေမီးကြိုးဖုန်း မြေပိုင်မြေ ပိုင်ရှင်အမည်ပေါက်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၀၅၈၃၆










Roll On
စိန်ဘယက်အကြောပြေရှုလိမ်းဆေးအဆီ

အကြောင်းအမျိုးမျိုးကြောင့် ချောင်းဆိုးရင်ကျပ်ကင်းစေဆောင်
ရွှေလေညှင်းဆေးကိုဆောင်

ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Happy New Year Promotion ကာလအတွင်း (1.1.2018 မှ 31.3.2018)
အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အားလုံးရွှေကလေ (၁)ခု လက်ဆောင်ပေးသွားပါမည်။
ရန်ကုန်မြို့။
PH:

CALIFORNIA UNITEC
Institute of Engineering
Edinburgh Napier UNIVERSITY
2018 January Intake အတွက် ကျောင်းသူ/ကျောင်းသားများ အားလက်ခံနေပါပြီ။



Edinburgh Napier University မှ Professor ကြီးများကိုယ်တိုင် လာရောက်သင်ကြားနေပါသည်။



- ၁၀ အောင် ၊ GCE "O"Levelအောင်၊ တက္ကသိုလ်ပထမနှစ်အောင်မြင်ပြီးသူများ ➡ Civil Engineering Foundation Course
- GCE "A"Level၊ Level 3 အောင်၊ တက္ကသိုလ်ဒုတိယနှစ်အောင်၊ Foundation Course အောင်မြင်ပြီးသူများ ➡ BTEC HND
- HND နှင့် B.Tech အောင်မြင်ပြီးသူများ ➡ B.Eng (Hons) Civil Engineering Program ကို တက်ရောက် နိုင်ပါသည် ။

ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F(တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559 www.facebook.com/californiaunitc




RVi INSTITUTE Centre for Higher Education
For application & registration please call:
01-536 260, 09-850 3073, 09-250 006 421, 09-254 711 898
RVi Group
S$2,000 Study Grant Available*
*Terms & Conditions Apply

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်
ဝါဒ - Essay, Letter, Grammer လက်ခံပြီ။
Ph: 01-375970, 0951 72096, 09254541441

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၂၀/က)၊ (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အအုံရှိ အကျယ်အဝန်း(၁၅၃၇) စတုရန်းပေခန့်ရှိ (၄)လွှာ (ပဉ္စမထပ်) ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဆက်စပ်စာချုပ်များအရ ဦးပြည်ဟိန်းဦး [၉/မထလ(နိုင်)၂၃၆၇၉၆]မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအား ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်(စဉ်-၈၈၂၆)**
**(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဒီ)၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၅၀၀၃၁၂၉၂၊ ၀၉ ၇၇၇၇၃၁၂၉၂**

## ရန်ကုန်မြို့၊လသာမြို့နယ်၊(၄)-ရပ်ကွက်၊၁၉-လမ်း၊အမှတ်-၁၂၁၊(မြေညီထပ်)၊ (တိုက်ရှေ့မှမျက်နှာမူလျှင်ညာဘက်ခြမ်း)၊တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်ငြိမ်း(ခ) ဦးရှုပတ်ရင် [၁၂/လသန(နိုင်)၀၁၁၀၇၇]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** | **ဦးဟိန်းစိုး** |
| **(စဉ်-၄၈၉၃၉)** | **(စဉ်-၄၈၈၈၀)** | **(စဉ်-၄၈၉၃၃)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ပညာအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်ဘော်ဒါ
၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
"ပညာအောင်မြေ"၏ ရည်မှန်းချက်
Grade-8 Grade-10 (Physical Education, Musics, Fine Arts, Basic Computer Course, Language)
ကျောင်းတည်နေရာ
Ph : 09-25 222 9990, 09-25 222 9991, 09-25 222 9992

## ဝမ်းနည်းကြေကွဲပါကြောင်း

IBEC ပဓာနနာယကဆရာတော်၏ စတုပစ္စယဒါယကာ IBEC -ပဲအလှူတော်(ပ၊ ဒု၊ တ)အကြိမ်များ မတည်အလှူရှင်၊ ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံ တည်ဆောက်လှူဒါန်းခဲ့သည့်အလှူရှင်၊ ကျွန်းလှမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် (တည်ဆောက်ဆဲ)အလှူရှင်၊ IBEC ဆရာတော်၏ သိက္ခာထပ် ဘုရားဒါယကာ၊ ရဟန်းဒါယကာ၊ ကျောင်းဒါယကာ၊ ဆေးရုံဆေးခန်းဒါယကာ၊ ဗုဒ္ဓတက္ကသိုလ်များဒါယကာ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(135 L/L1)နေ ဦးဝင်းမြင့် (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပြည်ထောင်စုဝန်ကြီး-ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး

**ဦးသူရိန် အသက်(၄၀)**

(ရွှေနဂါးမင်းကုမ္ပဏီများ မန်နေဂျင်းဒါရိုက်တာ)သည် ၈-၁-၂၀၁၈ရက် ညနေ ၃း၁၅နာရီတွင် ဘဝတစ်ပါးပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဓာနနာယကဆရာတော်**
**IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ**
**စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့**

**သီတဂူစက္ခုဒါနဆေးရုံ**
**ကျွန်းလှမြို့**

**နာယကဆရာတော်များ**
**IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ**
**စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့**

**သီတဂူဗုဒ္ဓတက္ကသိုလ်**
**ကျွန်းလှမြို့**

**ပရိယတ္တိနှင့် ဘ/ကစာသင်စာချ**
**သံဃာတော်များ**
**IBEC ဗုဒ္ဓဘာသာပညာရေးစင်တာ**
**စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။**
**IBEC ဗုဒ္ဓဘာသာ သာသနာပြုကျောင်း**
**အမ်စတာဒမ်၊ နယ်သာလန်နိုင်ငံ**

**IBEC စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**
**ဘုန်းတော်ကြီးသင်ပညာရေး**
**အထက်တန်းကျောင်း**
**ဆရာ၊ ဆရာမများ**
**ရုံးဝန်ထမ်းများ။**
**ကျောင်းသား၊ ကျောင်းသူများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သိန်း (ရေစကြို)**

**အသက်(၉၈)နှစ်**

သူငယ်ချင်း ဦးအောင်ကိုကို-ဒေါ်မို့မို့တို့၏ ကျေးဇူးရှင်မိခင်ဖြစ်သူ ဒေါ်ခင်သိန်းသည် ၉-၁-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးအောင်စည် (မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ဝါဝါလွင်**
**ဦးရဲထွဋ်-ဒေါ်ချိုချိုစန်း (ဖိုးစိန်လမ်း-ဗဟန်း)**
**ဦးသိန်းငွေး-ဒေါ်ခင်သန်းအေး (အင်းစိန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်တိုးလှိုင်**

**အသက်(၅၂)နှစ်**

**မန္တလေးမြို့**

ဦးတင်မောင်ဝင်း (ရွှေနဂါး-ဖိနပ်)၏ဇနီး ဒေါ်ခင်ခင်တိုးလှိုင် အသက် (၅၂)နှစ်သည် ၉-၁-၂၀၁၈ ရက် မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)-ဇနီးဒေါ်ခင်သန်းမြင့် နှင့် မိသားစု**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ဒီ၊ မြေကွက်အမှတ် V Class ၂/အေ၊ မြေကွက်တည်နေရာအမှတ်(၂၄၇)၊ ငုဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ဦးကျော်သိန်း (အေဒီ-၀၁၀၂၀၂)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သိန်း[၁၂/အလန(နိုင်)၀၃၇၈၄၁]နှင့် သားဖြစ်သူ ဦးမြင့်သိန်း[၁၂/အလန(နိုင်)၀၃၇၈၅၇]တို့ အသီးသီးကွယ်လွန်သဖြင့် အမည်ပေါက် ဦးကျော်သိန်း(ကွယ်လွန်)၏ တရားဝင်ဇနီးဖြစ်သော ဒေါ်အေးအေး[၁၂/အလန(နိုင်)၀၃၇၈၄၃]၊ ဦးမြင့်သိန်း(ကွယ်လွန်)၏ တရားဝင်(ဇနီး)နှင့် (သမီး)တော်စပ်သော ဒေါ်သီတာဝင်း[၁၂/အလန(နိုင်)၀၄၄၉၇၈]နှင့် ဒေါ်မိုးဒါလီကျော်[၁၂/အလန(နိုင်)၀၄၄၉၁၂]တို့မှ ဇနီး၊ ချွေးမ၊ မြေးတော်စပ်၍ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၁၆၉၄/၁၁-၁၁-၁၉၉၁ (စာချုပ်ရုံးလက်ခံအမှန်)၊ ဂရန်(လက်ခံအမှန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဥတု**
**ရာသီ**
**တောကို**
**မှီ၍**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသူရိန်**

**အသက်(၄၀)**

**(MD-ရွှေနဂါးမင်းကုမ္ပဏီ)**

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဗဟိုအလုပ်အမှုဆောင်ဖြစ်သူ ဦးယဉ်ထွေးဆွေ-ဒေါ်ဟေမာဝင်းမြင့်တို့၏အစ်ကို ဦးသူရိန်သည် ၈-၁-၂၀၁၈ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကနှင့်အလုပ်အမှုဆောင်များ**
**မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသူရိန် (B.C.Sc)**

**MD-ရွှေနဂါးမင်းကုမ္ပဏီ**

**အသက်(၄၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅-L/L-1)နေ ဦးဝင်းမြင့်(စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ချစ်လှစွာသောသား ဦးသူရိန်သည် ၈-၁-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြဟန်-ဒေါ်ခင်စပါယ်ကြည်**
**Fortune International Limited**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဇာနည်ထွန်း (B.A-History) (၇၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီ၊ မလိခလမ်း၊ ဦးပိုးသုန်ရိပ်သာ၊ အမှတ်(၅၀/ခ)နေ (ဦးမောင်မောင်ထွန်း)-ဒေါ်ခင်လေးကြည်တို့၏သားကြီး၊ ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်း၊ ဦးမိဂျီထွန်း(ခေတ္တ-Australia, Perth မြို့)တို့၏ အစ်ကိုကြီး၊ မအိဇာနည်ထွန်း၊ မောင်ခန့်အောင်ဇင်၊ မောင်ဧကရာဇ်ထွန်းတို့၏ဖခင်၊ မခင်ကေခိုင်ထွန်း၏အဘိုး၊ ဒေါ်ခင်သန္တာစိုး၏ခင်ပွန်းသည် ၂၆-၁၂-၂၀၁၇ ရက် ဩစတြေးလျစံတော်ချိန် ညနေ ၅ နာရီတွင် Perth မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၈ (သောကြာနေ့) နံနက် ၉ နာရီတွင် ဩစတြေးလျနိုင်ငံ Perth မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိပါကြောင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ရှင့်ကြည်လင်(ခ)ဦးမြင့်တင်**

**အသက် (၉၄)နှစ်**

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကမ်းနားလမ်း၊ အမှတ်(၅/ဒီ)နေ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဒေါ်အေးအေးမော်၊ ဒေါ်စန်းစန်းမော်၊ (ဦးဟုတ်လှိုင်)၊ ဦးငွေးမော်၊ ဦးသက်မော်-ဒေါ်ယဉ်ယဉ်သန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မရတနာဦး၊ မလိန်းလိန်းတို့၏အဘိုး ရှင့်ကြည်လင်(ခ)ဦးမြင့်တင်သည် ၃-၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက်တွင် မော်လမြိုင်မြို့ "မုယောင်းအမျိုးသားသုသာန်"၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်းနှင့် ဈာပနကိစ္စအဝဝအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ငွေကြင်**

**အသက်(၉၁)နှစ်**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ ပြန်ကြားရေးမှူး ဦးကျော်အောင်၏မိခင်ကြီး ဒေါ်ငွေကြင် အသက်(၉၁)နှစ်သည် ၉-၁-၂၀၁၈(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးကိုကို**

**အသက် (၉၀)**

**M.B,B.S (Rgn), D.P.H(Edin), D.T.M&H(Eng), F.R.C.P(Edin)**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ ရောဂါကာကွယ်ရေး၊ ကျန်းမာရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ အရှေ့တောင်အာရှဒေသဆိုင်ရာ**
**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO/SEARO)**
**ဂုဏ်ထူးဆောင်ညွှန်ကြားရေးမှူး၊ အရှေ့တောင်အာရှဒေသဆိုင်ရာ**
**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO/SEARO)**
**ဥက္ကဋ္ဌ (ငြိမ်း)၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

အထူးချစ်ခင်လေးစားရပါသော ဆရာကြီး ဒေါက်တာဦးကိုကို ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နံနက်ခင်းလမ်းလျှောက်ဖက်မိတ်ဆွေများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ငွေလှိုင် (မုဒုံ၊ တံခွန်တိုင်)**

**အသက်(၉၀)**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား/သူဟောင်းများအသင်းဝင် တွဲဖက်ပါမောက္ခ ဒေါက်တာငြိမ်းငြိမ်းလှိုင်၏မိခင် ဒေါ်ငွေလှိုင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းရပါကြောင်း။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသား/သူဟောင်းများလူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

---

**ဒေါ်ခင်ကြည် (ပြည်) (၉၁)နှစ်**

**(ခေတ္တရာအသင်းကန်တော့ခံ)**

(ပြည်မြို့ သူကြီးဦးလှ-ဒေါ်မျှင်)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်(၁၆၄)နေ ဦးအောင်စန်း(ဘိုနီ) (ဗဟိုစာတိုက်ကြီး-ငြိမ်း)၏ ဇနီး၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်အေးတို့၏ ညီမ၊ ဒေါ်သိန်းဝင်း၊ ဒေါ်သန်းသန်းအေး၊ [ဦးဖေသန်း (ဆသရ)]-ဒေါ်ရင်ရင်ကြည် (အထက-၆၊ အလုံ-ငြိမ်း)၊ ဦးခင်ဇော်(Skyline Shipping)တို့၏မိခင်၊ ဒေါ်အေးအေးသန်း (အလယ်တန်းပြ-အထက-ခွဲ၊ တီတွတ်၊ ပြည်)၊ ဒေါ်ညိုညိုစန်း(ညိုညိုစတိုး-သီရိမင်္ဂလာဈေး)၊ ကိုမြတ်ဇော်-မသင်းသင်းဆန်း(Total E&P Myanmar)၊ မယုယုယဉ် (Bollore Logistics Singapore)တို့၏အဘွား၊ မောင်အောင်ခန့်ဇော် (GIV-IISY)တို့၏ဘွားဘွားကြီး ဒေါ်ခင်ကြည်သည် ၁၁-၁-၂၀၁၈(ကြာသပတေးနေ့) နံနက် ၃း၄၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၈(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဒေါ်ဟာဝါဘီ(ခ)ဒုဗိုလ်မှူးကြီးဒေါ်ဖြူဖြူကြိုင်(ငြိမ်း) (၆၆)နှစ်**

**အကြောအဆစ်အထူးကုဆရာဝန်ကြီး**
**မင်္ဂလာဒုံတပ်မတော်ဆေးရုံ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉)လမ်း၊ အမှတ်(၂၉)နေ ဒုဗိုလ်မှူးကြီးအောင်ကြိုင်(ငြိမ်း)-(ဒေါ်ခင်ထွေး)တို့၏ သမီး၊ ဒေါက်တာဒေါ်မေမေကြိုင်-ဦးထွန်းအောင်ကျော်တို့၏ညီမ၊ ဒေါ်မူမူကြိုင်-[ဗိုလ်ကြီးခင်မောင်သိန်း (စစ်အင်ဂျင်နီယာတပ်ဖွဲ့)]၊ ဒေါ်ဆွေဆွေကြိုင်-Mr.A.M. Van-de Graafi ဦးအောင်ထွေးကြိုင်တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ ဒုဗိုလ်မှူးကြီး ဒေါ်ဖြူဖြူကြိုင်(ခ)ဟာဝါဘီ(ငြိမ်း)သည် ၁၀-၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၁-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးကဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်း(ဒေးဒရဲ)**

**အသက် (၈၇) နှစ်**

**စီးပွား/ကူးသန်း(IT-ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကုန်သစ်ရပ်ကွက်၊ (၂၆/ခ)၊ ကမာကြည်လမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ (ဒေါ်သောင်း)၏ချစ်လှစွာသောခင်ပွန်း ဦးသိန်းသည် ၆-၁-၂၀၁၈ (စနေနေ့) ညနေ ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးဌာန ဝန်ထမ်းဟောင်းများ**
**IT မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးသူရိန်(B.C.Sc) အသက်(၄၀)**

**(MD-ရွှေနဂါးမင်းကုမ္ပဏီ)**

ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး ဦးသူရိန်သည် ၈-၁-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသာရင်နှင့်ဇနီး ဒေါ်သိန်းမြင့်**
**ရွှေနဂါးမင်းကုမ္ပဏီ-ဝန်ထမ်းဟောင်း၊ တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးသူရိန် (B.C.Sc)**

**အသက် (၄၀)**

**(M.D. ရွှေနဂါးမင်းကုမ္ပဏီ)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅ L/L-1)နေ ဦးဝင်းမြင့်(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသော သားကြီး ဦးသူရိန်သည် ၈-၁-၂၀၁၈ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ဝင်း၊ ဦးမြင့်ဇော် (ဝန်းရံခကုမ္ပဏီလီမိတက်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇန်နဝါရီ ၁၂**

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၈)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ အဆင့်အတန်းမြင့်မားတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

မြန်မာတို့၏ ရှေးထုံးစဉ်လာ အမွေအနှစ်ပညာရပ်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ရိုးရာအစဉ်အလာမပျက် ထက်မြက်သည့် အာနိသင်များ မယိုယွင်းမလျော့ပါးစေဘဲ နည်းလမ်းတကျ ဆက်လက်ရှင်သန်ထွန်းကားစေရအောင် အားပေးဆောင်ရွက်သွားရင်း မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီပစ္စည်း **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

**ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။**




# ယမန်နေ့က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း စိုးရိမ်ပူပန်ဖွယ်မရှိကြောင်း သိရ

**ဖြူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ဇန်နဝါရီ ၁၂ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့ လာရောက်ပြီး ဇန်နဝါရီ ၁၂ ရက် နံနက် ၁ နာရီခန့်က လှုပ်ခတ်ခဲ့သော အင်အားရစ်(ခ်ျ)တာစကေး ၆ ဒသမ သုည အဆင့်ရှိ ငလျင်နှင့် ပတ်သက်၍ ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်များအား ထိခိုက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(ဓာတ်ပုံ)**

ဖြူးချောင်းရေလှောင်တမံစီမံကိန်းမှ ဝန်ထမ်းများကလည်း ငလျင်လှုပ်ပြီးပြီးချင်း ရေလှောင်တမံနှင့် ရေလွှဲဆည်များ ထိခိုက်မှု ရှိ၊ မရှိ ညတွင်းချင်း စစ်ဆေးခဲ့ပြီး နံနက်ပိုင်းတွင်လည်း အသေးစိတ်ထပ်မံစစ်ဆေးမှုများအရ ဖြူးချောင်း **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○**






# တိုင်းရင်းသားရေးရာ

## နှစ်(၇၀)ပြည့် ကချင်ပြည်နယ်နေ့ အခမ်းအနား မြစ်ကြီးနားမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သည့် နှစ်(၇၀)ပြည့် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြည်ထောင်စုသမ္မတနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်(၇၀) ပြည့် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဂျေကော့ဘူ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များ၊ မျိုးနွယ်စုအလိုက် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ၊ NGO၊ INGOများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့တို့က ကချင်ရိုးရာ ထောင်ကာအကနှင့် မနောအကတို့ကို တပျော်တပါး စုပေါင်း၍ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။



အလားတူပင် ပြည်သူ့အားကစားကွင်းအတွင်း၌ နှစ် (၇၀)ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ အပြေးပြိုင်ပွဲများ၊ အလျားခုန်နှင့် ဝိုင်းခြင်းခတ်ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများအဖြစ် မုန့်အဝစားပြိုင်ပွဲ၊ လွန်ဆွဲ၊ ဂုန်နီအိတ်စွပ်ပြေး၊ ပူပေါင်းဖောက်၊ သံပုံးရိုက်၊ ဖားခုန်၊ သံပရာသီးဇွန်းကိုက်၊ ချောတိုင်တက်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ညပိုင်းတွင် နှစ်(၇၀)ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ညစာစားပွဲကို မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

●●●



## လီဆူရိုးရာ(ခေါ့ရှိ) နှစ်သစ်ကူးပွဲတော်နှင့် ပူတာအို လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ နှစ် (၆၀) ပြည့် ပွဲတော်ကျင်းပမည်

**ပူတာအို ဇန်နဝါရီ ၁၂**

လီဆူရိုးရာ(ခေါ့ရှိ) နှစ်သစ်ကူးပွဲတော်နှင့် ပူတာအို လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ နှစ် (၆၀)ပြည့် ပွဲတော်ကို ကချင်ပြည်နယ် ပူတာအိုမြို့တွင် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"လီဆူစာပေနှင့် ယဉ်ကျေးမှုကို ၁၉၅၃-၁၉၅၄ ခုနှစ်ဝိုင်းမော်မှာ ဖွဲ့စည်းပြီး ဖြစ်ပါတယ်၊ ဒါပေမယ့် ပူတာအိုမှာတော့ ၁၉၅၇ ခုနှစ်မှာ ဖွဲ့စည်းခဲ့တာဖြစ်တယ်၊ ပြီးမှ တစ်ပြည်လုံးရှိ မြို့နယ်အသီးသီးမှာ ဖွဲ့စည်းပြီးတော့ ဥပဒေနဲ့အညီ ရပ်တည်လာတာ နှစ် (၆၀)ပြည့်လို့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းရတဲ့ပွဲ ဖြစ်ပါတယ်၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နဲ့ ပြည်ပက ဖိတ်ကြားထားတဲ့ ဧည့်သည်တော်တွေလည်း တက်ရောက်ချီးမြှင့်ပေးဖို့ မျှော်လင့်ပါတယ်"ဟု လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာတီယောဟန်က ပြောကြားသည်။

"ဒီရိုးရာအကကတော့ ပူတာအိုတစ်နယ်လုံးရဲ့ ကိုယ်စားပြုအက ဖြစ်ပါတယ်၊ အဖွဲ့ထဲမှာ လူ ၄၀ ပါဝင်ပါတယ်၊

အထူးကဏ္ဍ [ ခ ] သို့ »»



## (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်တွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်မှုပြခန်း ပြသ

**လွိုင်ကော် ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းကို ကယားပြည်နယ်လုံးကျွတ် မြို့နယ်ခုနစ်မြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၁၀ ရက်မှစတင်၍ ပြခန်းပြသလျက်ရှိကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိစေရန်၊ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များ၊

အထူးကဏ္ဍ [ ခ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»»

လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများက စီမံကိန်းအကြောင်းကို ပိုမိုထဲထဲဝင်ဝင်သိလာမှုနှင့်အတူ စီမံကိန်း၏တန်ဖိုးကို နားလည်ပြီး စီမံကိန်း၏ မူလအနှစ်သာရဖြစ်သည့် ပြည်သူများကိုယ်တိုင် တာဝန်ခံ၊ တာဝန်ယူသည့် အလေ့အထကို ပိုမိုသိရှိလာရန် ပြခန်းပြသထားခြင်းဖြစ်ကြောင်း ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူအောင်က ပြောကြားသည်။

ပြခန်းတွင် စီမံကိန်းစတင်ဆောင်ရွက်သည့် ၂၀၁၄-၂၀၁၅ ခုနှစ်မှ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများဖြင့် ပြသထားခြင်း၊ စီမံကိန်းတွင်ပါဝင်သော အချက်အလက်များကို လေ့လာလွယ်စေရန် ဗီနိုင်းကားချပ်များဖြင့် ပြသခြင်း၊ ကျေးရွာများတွင် လက်ရှိလုပ်ဆောင်နေသော စီမံကိန်းလုပ်ငန်းများကို ပုံစံငယ်များဖြင့် ပြသခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းပြခန်းတွင် နေ့စဉ်ပြည်သူများ ပိုမိုစိတ်ဝင်စားစေရန် မေးခွန်း ၇၀ စီစဉ်ထားရှိပြီး ပြခန်းအပြင်ဘက်၌ စက်ဝိုင်းပန်းကို ပြုလုပ်ထားကာ ကယားပြည်နယ် တစ်နံတစ်လျားမှ တက်ရောက်လာသော ပြည်သူများထဲမှ စိတ်ဝင်စားသူမည်သူမဆို ယင်းလှုပ်ရှားမှုတွင်ပါဝင်၍ မေးခွန်း သုံးခုကို မှန်ကန်အောင်ဖြေဆိုနိုင်ပါက စီမံကိန်းလက်ဆောင် တီရှပ်၊ ဦးထုပ်၊ ဖောင်တိန်၊ သော့ချိတ်တို့ကို ချီးမြှင့်ပေးမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးကျော်သူအောင်က ဆက်လက်ပြောကြားသည်။

အဆိုပါပြခန်းကို ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကယားပြည်နယ် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်ဖြစ်သော ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




# လားဟူရိုးရာ နှစ်သစ်ကူးပွဲတော်ကို မိုင်းဖြတ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် (၂၆)ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့နယ် မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့သည်။

ပွဲတော်သို့ ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိုးတင့်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိကြီးများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ရပ်နီးရပ်ဝေးမှ လားဟူတိုင်းရင်းသားများ တက်ရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပွဲတော်သို့တက်ရောက်လာကြသည့် ဘိုးဘွား၊ မိဘများ၊ ဆရာသမားများနှင့် အကြီးအကဲများအား ရိုသေလေးစား ဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာ ပြုလုပ်ခဲ့ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်နှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး စိုးတင့်တို့က နှစ်သစ်နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံမှ (၂၆) ကြိမ်မြောက် စုပေါင်း လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ပေးပို့သောသဝဏ်လွှာကို လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏သမီး မယော့နန်းနွယ်က ဖတ်ကြားသည်။ ယင်းနောက် ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဇနီးတို့က မိုင်းဖြတ်မြို့နယ် လားဟူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကော်မတီသို့ အလှူငွေ ကျပ်ငါးသိန်းနှင့် သဝဏ်လွှာအား ပေးအပ်ပြီး မိုင်းဖြတ်မြို့နယ် လားဟူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကော်မတီက တက်ရောက်လာသည့် အကြီးအကဲများအား လားဟူတိုင်းရင်းသားရိုးရာ အမှတ်တရ နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ဇနီး ဒေါ်အီဆင်းတောင်းက အကပဒေသာအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးမောရှေက ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားပြီး လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအကများ၊ တေးသရုပ်ဖော်အကများ၊ အိုးစည်ဗုံမောင်းအကများဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါနှစ်သစ်ကူးပွဲတော်ကို လားဟူတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ရပ်နီးရပ်ဝေးမှ လားဟူတိုင်းရင်းသားများ ပြန်လည်ပေါင်းစည်း တွေ့ဆုံချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန်၊ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်၍ နှစ်စဉ်အထွတ်အမြတ်ထား ကျင်းပလျက်ရှိကြောင်း၊ လားဟူတိုင်းရင်းသားရိုးရာ စုပေါင်း နှစ်သစ်ကူးပွဲတော်ကို ထင်ရှူးပင်များ အဖူး၊ အညွှန့်ဝေဆာစွာ ထွက်သည့်အချိန်၊ ချယ်ရီပန်းများ ဖူးပွင့်သည့်အခါသမယအချိန်၌ ကျင်းပလေ့ရှိရာ ယင်းနှစ်သစ်ကူးပွဲတော်မှာ လားဟူတိုင်းရင်းသားများ ကျင်းပသည့် ပွဲလမ်းသဘင်များအနက် အစည်ကားဆုံးပွဲတော်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





အထူးကဏ္ဍ [ က ] မှ »»»

ရိုးရာသီချင်း နှစ်ပုဒ်ဖြင့် ဖျော်ဖြေတင်ဆက်မှာဖြစ်ပါတယ်၊ ပွဲမှာ ဖျော်ဖြေမှုနဲ့ရော ပြိုင်ပွဲဝင်အနေနဲ့ပါ ပါဝင်ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်၊ ရိုးရာအက ပြိုင်ပွဲဝင်အဖွဲ့ကတော့ ရှစ်ဖွဲ့၊ ကိုးဖွဲ့ရှိမယ်လို့ သိရပါတယ်”ဟု ရိုးရာအကအဖွဲ့ခေါင်းဆောင် ကိုယောရှုက ပြောသည်။

“အရင်က တစ်ခါမှ ဝင်မပြိုင်ဖူးပါဘူး၊ အခုက ပူတာအိုဒေသ လီဆူလူမျိုးတွေရဲ့ ကိုယ်စား ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်လို့ အလွန်ဂုဏ်ယူပါတယ်၊ ရင်တွေလည်း ခုန်ပါတယ်၊ မောလည်း မောပါတယ်၊ အကောင်းဆုံးပြိုင်ဖို့အတွက် ကြိုတင်လေ့ကျင့် ဇာတ်တိုက်တာတွေတော့ လုပ်ထားပါတယ်”ဟု ရိုးရာအကအဖွဲ့ဝင် မငွါးဆာဒူးက ပြောသည်။

ပွဲတော် အထိမ်းအမှတ်အနေဖြင့် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ ရိုးရာဒူးလေးပစ်ပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲနှင့် ဂေါက်ရိုက်ပြိုင်ပွဲများ ကျင်းပမည့်အပြင် ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုများနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ အလှမယ် ၁၈၀ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြခန်းများအနေဖြင့် ရိုးရာယဉ်ကျေးမှုပြခန်းများ၊ ရှေးယခင် တောင်ပေါ်ဒေသ တိုင်းရင်းသားတို့ မြစ်၊ ချောင်းများကို ဖြတ်ကူးရာတွင် ရမထာကြိမ်လုံးတစ်ချောင်းတည်းဖြင့် တစ်ယောက်ချင်းဖြတ်ကူးခဲ့ပုံများ၊ ရမထာကြိမ် မရရှိသည့် အခြေအနေမျိုးတွင် ဝါးခြမ်းခွဲ၍ ဝါးလုံးနှစ်လုံးပူးချည်ကာ တံတားပြုလုပ်သွားလာခဲ့ပုံများ၊ တောင်ပေါ်ဒေသသားကောင်ဖမ်းနည်းမျိုးစုံများကို ပြသသွားမည့်အပြင် ရိုးရာမီးပင်လယ်ကျော်ဖြတ်၍ ဓားတောင်တက်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်အထိမ်းအမှတ်အနေဖြင့် ကံစမ်းမဲဖောက်ပေးခြင်းလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

●●●

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် ရိုးရာအကဖြင့် ဖျော်ဖြေစဉ်။

မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ဒေသဖြစ်သော ခန္တီးမြို့နယ်တွင် ရှမ်းနှင့် နာဂတိုင်းရင်းသားများ တစ်ဝက်စီခန့်၊ ဟုမ္မလင်းမြို့နယ်တွင် အနည်းငယ်၊ လေရှီးမြို့နယ်တွင် တန်ကွန်နာဂ၊ မကူရီနာဂ၊ ပါရာနာဂမျိုးနွယ်စုများ၊ လဟယ်မြို့နယ်တွင် လိုင်းနောင်နာဂ၊ မကျန်နာဂ၊ ကျန်း/ကား နာဂ၊ နောက်အော်နာဂ၊ ဂုဏ်ဝပ်/မာနောက်၊ ဟိုင်းမြေ မျိုးနွယ်စုများနှင့် နန်းယွန်းမြို့နယ်များတွင်မူ ဟိုင်းမြေနာဂမျိုးနွယ်စုများ အများဆုံးနေထိုင်ကြသည်။ မူရင်း နာဂမျိုးစုကြီး လေးမျိုးရှိပြီး နာဂမျိုးနွယ်စုပေါင်း ၆၄ မျိုး ရှိသည်။ မူလနာဂလူမျိုးစုကြီးလေးမျိုးမှာ ကွမ္မရာနာဂ၊ ထင်နာဂ၊ စန်းနာဂနှင့် ဟဲမြေနာဂတို့ ဖြစ်ကြသည်။

နာဂတိုင်းရင်းသား မျိုးနွယ်စုများ၏ ပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်သည် အကြီးကျယ်ဆုံးသော ပွဲတော်ဖြစ်ပေသည်။ နှစ်သစ်ကူးပွဲတော်ကို ကောက်ပဲသီးနှံရိတ်သိမ်းပြီးစ နောက်နှစ် တောင်ယာလုပ်ငန်းမဝင်မီ ကျင်းပလေ့ရှိကြသည်။ တစ်ရွာနှင့်တစ်ရွာ ပွဲရက်မတိုက်ဆိုင်အောင် ကျင်းပလေ့ရှိပြီး တစ်ရွာမှာ ကျင်းပသည့်ပွဲတော်ကို အခြားရွာများမှ သွားရောက်ပါဝင်ပျော်ရွှင်လေ့ရှိကြသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် တစ်နှစ်လုံးတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများမှ အကျိုးရလဒ်များကို အချင်းချင်းတိုင်ပင်နှီးနှောဖလှယ်လေ့ရှိကြသည်။ လာမည့်နှစ်တွင် လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများကိုလည်း ပွဲတော်တွင် ဆွေးနွေးကြသည်။ အရောင်းအဝယ်ကိစ္စမှ ပေးရန်/ရရန် ကြွေးမြီများကိုလည်း ပွဲတော်တွင် ဆွေးနွေးကြသည့် အလေ့ပါရှိသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခင်က တစ်ရွာတစ်ရက် ကျင်းပနေသည်မှာ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုအားနည်းနေသည်ဟု နာဂအကြီးအကဲများက ယူဆလာကြပြီး ၁၉၅၆-၅၇ ခုနှစ်ခန့်မှစ၍ တစ်မြို့တစ်ရွာ မြို့နယ်အဆင့်၊ ကျေးရွာအဆင့်များ တစ်ပေါင်းတည်းကျင်းပလာခဲ့ကြသည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ်မှစ၍ မြို့နယ်ပေါင်းစုံမှ နာဂမျိုးနွယ်စုအကြီးအကဲများ အကျေအလည်ညှိနှိုင်းကြပြီး တစ်ရပ်တစ်ရွာတစ်ရက်စား နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို နာဂရိုးရာနှစ်သစ်ကူးပွဲတော်ရက်အဖြစ် သတ်မှတ်၍ တစုတပေါင်းတည်း စည်ကားသိုက်မြိုက်စွာ ခမ်းခမ်းနားနား ကျင်းပလာခဲ့ကြသည်။ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော်ရက်ကို တကူးတက လာရောက်အားပေးခဲ့ကြသည်။

### နာဂရိုးရာနှစ်သစ်ကူးပွဲတော်မှ နာဂလူမျိုးများ

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များပါ စိတ်ဝင်တစား လာရောက်လေ့လာလေ့ရှိကြသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှ နာဂမျိုးနွယ်စုများသည် ရှေးဟောင်းထုံးတမ်းဓလေ့အတိုင်း ရိုးရာမပျက် ထိန်းသိမ်းထားမှုများနှင့် ရှေးပုံစံမပျက် ဝတ်စားဆင်ယင်မှုများရှိ၍ နာဂမျိုးနွယ်စုများ၏ ထုံးတမ်းဓလေ့များနှင့် တီးမှုတ်ကခုန်သောသီချင်းများသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ နာဂရိုးရာပွဲတော်တွင် နာဂမျိုးနွယ်စုပေါင်း၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတေးသီချင်းများ၊ အကမျိုးစုံနှင့် ယဉ်ကျေးမှုဓလေ့များကို တွေ့မြင်သိရှိနိုင်ပေသည်။ ဤဆောင်းပါးဖြင့် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အား ကြိုဆိုဂုဏ်ပြုလိုက်ရပါတော့သည်။

**ကိုးကားချက်။ ။ မြန်မာ့စွယ်စုံကျမ်း အတွဲအမှတ် - ၅**

**ယဉ်ကျေးမှုစာစောင်**

အထူးကဏ္ဍ [ ယ ] မှ »»»

ယောက်ျားများကဲ့သို့ပင် သန်မာထွားကျိုင်းသည်။ နာဂတို့၏ အလုပ်အကိုင်မှာ မိုးအခါတွင် တောင်ယာစိုက်ပျိုး၏။ တောင်ယာရိတ်သိမ်းပြီးချိန်တွင် အိမ်မိုးရန်၊ အိမ်ပြင်ရန်အတွက် သစ်၊ ဝါးခုတ်ကြသည်။ နေ့စဉ်လုပ်ငန်းမှာ ရေနှင့် ထင်း သယ်ယူရခြင်းဖြစ်သည်။ နာဂတို့၏အိမ်မှာ တဲတန်းရှည် မြေစိုက် အမိုးကုပ်ကုပ်နှင့် တိုးလျှိုတံခါးပေါက် ဖောက်ထားသည်။ အိမ်အမိုးကို ထန်းလက်၊ အုန်းလက်စသည့် အလက်များ မိုးကြသည်။ အချို့ဒေသများတွင် ကျောက်ပြားများဖြင့် အိမ်အမိုးမိုးထားသည်ကို တွေ့ရသည်။ တဲ၏အလယ်တစ်နေရာတွင် မြေကြီးများကို ဘောင်ခတ်၍ ထည့်ထားပြီးလျှင် မီးဖို သုံး၊ လေးဖိုမျှ ပြုလုပ်ပြီး မီးအမြဲထည့်ထားသည်။ အိပ်ရာအတွက် ခုတင်သဖွယ် အိပ်စင်မြင့်မြင့်လုပ်၍ အောက်မှ မီးဖို ဖိုထားသည်။ အိပ်စင်တစ်ခုလျှင် မီးဖိုတစ်ခု ရှိမြဲဖြစ်သည်။ များသောအားဖြင့် တဲများကို တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင်ဆောက်လေ့ရှိသည်။

ရွာများမှာ ရေတံခွန်များ၊ မြစ်ချောင်းများနှင့် ခပ်လှမ်းလှမ်းတွင် တည်ရှိလေ့ရှိသည်။ ရွာတိုင်းတွင် အတိုင်ပင်ခံဇရပ်ဟုဆိုနိုင်သော ယောက်ျားဆောင်များနှင့် ချစ်ဂေဟာများထားလေ့ရှိသည်။ အတိုင်ပင်ခံဇရပ်များမှာ အမျိုးအုပ်စုအလိုက် သီးခြားဆောက်လေ့ရှိသည်။ တစ်ဆောင်နှင့်တစ်ဆောင် ဂုဏ်ပြိုင်လေ့ရှိသည်။ ထိုဇရပ်များတွင် ယောက်ျားများစုဝေး၍ ရပ်မှုရွာမှုကိစ္စအရပ်ရပ်ကို နံနက်တိုင်းဆွေးနွေးလေ့ရှိသည်။ ထို့နောက်တွင်မှ လယ်ကွင်းသို့ ဆင်းကြသည်။ ဇရပ်တွင် ကုလားတက်သဖွယ် သစ်သားကိုထွင်း၍ လုပ်ထားသော စည်ကြီးများရှိသည်။ အဝအကျယ်မှာ ၁၂ လက်မမှ ၁၈ လက်မခန့်အထိရှိ၍ ကျည်ပွေ့သဖွယ် တုတ်တံဖြင့် ထုနှက်ရသည်။ ရန်သူလာလျှင်ဖြစ်စေ၊ ဝမ်းသာသော အထိမ်းအမှတ်ဖြင့်ဖြစ်စေ စည်ကို ထုနှက်ကြသည်။ အရှိန်ယူ၍ ထွင်းလုပ်ရသည်ဖြစ်၍ ရွာမီးလောင်ရာတွင် ယင်းစည်ကို မီးထဲမပါစေရန် မီးလွတ်မည့်နေရာ၌ ထားလေ့ရှိသည်။ ဇရပ်နှင့် မနီးမဝေး သစ်ပင်ပေါ်တွင် လင့်စင်တစ်ခုထားရှိ၍ ကင်းစောင့်ချထားလေ့ရှိသည်။ ရွာပတ်လည်၌လည်း ကင်းတဲများထားသည်။

နာဂတို့သည် စပါးစပျိုးသောအချိန်အခါတွင် ရွာတည်ထောင်သူ အကြီးအကဲ၏ အဆက်အနွယ်တစ်ဦးဦးက ဦးဆောင်၍ ဆုတောင်းပြီးမှ စပါးစေ့များကို ကြဲချသည်။ ထို့နောက်မှ ရွာသူရွာသားများက ပျိုးကြဲချသည်။ စပါးစိုက်သည့်အလယ်တွင်ပင် ပိန်းဥပင်များကို ရောနှောစိုက်ပျိုးသည်။ ပိန်းဥမှာ နာဂတို့၏ မူလသမားရိုးကျ အစာဖြစ်သော်လည်း ပိန်းဥကိုစိုက်ခြင်းသည် ယောက်ျားများအဖို့ ဂုဏ်ငယ်သည်ဟု ယူဆကြသည်။ မိန်းမများကပင် စိုက်ရသည်။ တူးရသည်။ သယ်ယူရသည်။ စပါးပင်များ ပေါက်လာသောအခါ ပေါင်းသင်ရ၊ နုတ်ရသည်မှာလည်း နာဂတို့အတွက် မနေမနားရသော လုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်။ စပါးအထွက်ကောင်းရန်၊ ပျိုးအောင်ရန် ပေါင်းမြက်များကို မပြတ်နုတ်ပေးရသည်။ အချို့လယ်များတွင် လူငှား၍ နုတ်ရသည်။ အချို့လယ်များတွင် မိန်းကလေးများနှင့် ယောက်ျားလေးများပူးပေါင်း၍ မိမိတို့လယ်များကို တစ်လှည့်စီပေါင်းနုတ်ကြသည်။ ပေါင်းနုတ်ချိန် ပြီးမြောက်သောအခါ လယ်တဲများ၌ အကျွေးအမွေးများ တည်ခင်းဧည့်ခံကြသည်။ လယ်ကို ကူညီပေးသောသူအားဆန်အရက်ကို အဝတိုက်၍ ကျေးဇူးဆပ်ကြသည်။ ရွာထဲ၌လည်း အထူးဧည့်ခံကျွေးမွေးပွဲများ လုပ်ကြသည်။ လပြည့်နေ့ကျရောက်သောအခါ၌လည်း ပျော်ပွဲများကျင်းပသည်။ စပါးရိတ်သိမ်းချိန်၌လည်း ထိုနည်းတူပင် ကျင်းပကြသည်။ ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ်အတွင်း မည်သူကိုမျှ ရွာထဲသို့ အဝင်မခံကြဘဲ ရွာလုံးကျွတ် အလုပ်မလုပ်ဘဲ သောက်စားကခုန်ကြလေ့ရှိသည်။

ထိုပွဲများအပြင် အလှူပေးပွဲဟူ၍လည်း ရှိသေးသည်။ ယင်းမှာ တစ်ဦးချင်းစီပြုလုပ်သော ပွဲဖြစ်သည်။ နာဂတစ်ဦးတစ်ယောက်သည် လူကုံထံ ကြွေးရတတ် ဖြစ်လာလိုပါက ဤကဲ့သို့ အလှူပေးရသည်။ ရှေးဦးစွာ ကျောက်တုံးဆွဲပွဲကို ကျင်းပရသည်။ အလှူရက်မတိုင်မီ အလှူရှင်သည် ကျောက်တုံး နှစ်တုံးကို ကြိုတင်ရှာဖွေထားရသည်။ အလှူနေ့နံနက်မိုးလင်းသည်နှင့် နာဂယောက်ျားများသည် အိမ်ရှေ့သို့ထွက်၍ အစွမ်းကုန် ဖြီးလိမ်းပြင်ဆင်ကြသည်။ ယောက်ျားများနှင့် ပိုမိုသက်ဆိုင်သောနေ့ဖြစ်သဖြင့် မိန်းမများမှာ သင့်ရုံသာပြင်ဆင်ကြသည်။ ပြီးလျှင် အလှူရှင်အိမ်သို့ အစုလိုက်သွားကြသည်။ ရှေးဦးစွာ နွားနှစ်ကောင်ကိုသတ်ပြီး အမဲဖျက်၍ ဝေငှပေးသည်။ အလှူရှင်မှာ ပေါင် တစ်ချောင်းကို ရရှိသည်။ ၁၄ ရက်လုံးလုံး ထိုပေါင်သားကိုသာ စားကြရမည်ဖြစ်သည်။ ထို့နောက် ရွာမှ နတ်ဝင်သည်ကို ပင့်ခေါ်ပြီး ငှက်ပျောရွက်ခွက်ဖြင့် ထည့်ထားသော ဆန်အရက်ကို တိုက်သည်။ နတ်ဝင်သည်က "သင့်ကောက်စပါးများ၊ ပေများစေသော်၊ အရက်များလည်း မကုန်မခန်းနိုင်အောင် ပေါများစေသော်၊ ဘေးအပေါင်းမှ ကင်းလွတ်ချမ်းသာစေသော်"ဟု ဆုမွန်ကောင်းတောင်းပေးသည်။ ထို့နောက် ကျွဲ၊ နွားများကို သတ်ဖြတ် ဝေငှပြန်သည်။ နေအတော်မြင့်လျှင် အလှူရှင် ဇနီးမောင်နှံခေါင်းဆောင်ပြီး ယောကျ်ား ၃၀၊ ၄၀ ခန့်သည် တောင်ရိုးပေါ်ရှိ တောအုပ်သို့ ဝင်ကြသည်။ တောထဲ၌ ကြိုတင်ရှာဖွေထားသော ကျောက်တုံး နှစ်တုံးကို ကြိမ်ကြိုးခွေများဖြင့် ရစ်ပတ်ချီနှောင်လျက် သစ်သားစွပ်ဖားပေါ်သို့ တင်ပြီး ဆွဲယူကြသည်။ လမ်းပန်းမပြေပြစ်သည့် နေရာများ၌ ညာသံပေး၍ ဟည်းတိုက်ဆွဲကြရသည်။ နေအတော်စောင်းမှပင် လယ်ကွင်းများဆီသို့သွားသော လမ်းအနီးသို့ ရောက်လာကြသည်။ ထိုနေရာတစ်ဝိုက်တွင် အခြားအလှူရှင်များ ပစ်ချထားသော ကျောက်တုံးကြီးများရှိပေသည်။ အလှူရှင်သည် ကြိုတင်တူးဖော်ထားသော တွင်း နှစ်တွင်းထဲသို့ သယ်ယူလာသော ကျောက်တုံး နှစ်တုံးကို ပစ်ချစေသည်။ ထို့နောက် အလှူရှင်က ကျောက်တုံးကြီးပေါ်သို့ ၎င်း၏ ဇနီးက ကျောက်တုံးငယ်ပေါ်သို့ အသီးအသီး အရက်အနည်းငယ်စီ လောင်းချကြသည်။ ထို့ပြင် ယဇ်ပူဇော်သော နွား၏သွေးဖြင့် မျက်နှာကို သုတ်လိမ်းကြပြီးနောက် "ကျွန်ုပ်တို့၏ ဆန်ရေစပါး စားမကုန်အောင် ပေါများပါစေသော်" ဟု နှစ်ဦးလုံး ဆုတောင်းကြသည်။ ထို့နောက် ကျောက်တုံးဆွဲပွဲ ပြီးမြောက်သောအခါ ပျော်ရွှင်စွာ အော်သံဟစ်သံ ကြူးတော့သည်။ လူအုပ်ကြီးလည်း လှံများ၊ ဓားမတိုများကို လေထဲတွင် လွှင့်ကစား၍ ကခုန်သီဆိုလျက် ရွာသို့ပြန်လာကြသည်။ ထိုညတွင် ညလုံးပေါက် သောက်စားပျော်ပါးကြသည်။ ရက်များမကြာမီ အလှူရှင်၏ အိမ်မြင့်မိုး၌ သစ်သားအော်လန်သဖွယ် အချွန်နှစ်ခုကို တပ်ဆင်လိုက်သည်။ ထိုအရာကိုလေ့လာကြည့်ပါက အိမ်ရှင်သည် အလှူပွဲကြီးပေးခဲ့ကြောင်းကို သိသာနိုင်သည်။ ထိုအရာနှင့် ကျောက်တုံးများသည် အလှူရှင်အား လူကုံထံ ကြွေးရတတ်ဖြစ်ကြောင်းကို ဖော်ပြကြသည်။ ပို၍ဂုဏ်တက်လိုပါက ကျောက်တုံးကို နှစ်တုံးမှ ရှစ်တုံး၊ ၁၀ တုံးအထိ ဆက်၍ စိုက်ထူနိုင်ပေသည်။ ထိုသို့ပြုလုပ်လှူဒါန်းနိုင်သူ ရှားပါးကြသည်။ အလှူရှင် ကွယ်လွန်သောအခါ ၎င်း၏ ဝိညာဉ်တစ်စိတ်တစ်ဒေသသည် ကျောက်တုံး၌ နေသည်ဟု ယူဆကြသည်။ အချို့ နာဂရွာများ၌ ကျောက်တုံးအစား ကျောက်ပြားများကို စက်ဝိုင်းသဏ္ဌာန် ဝိုင်း၍စီထားသည်။ နာဂလူမျိုးများသည် သချိုင်းဂူများကို ရွာထဲ၌လည်းကောင်း၊ ရွာလမ်းနံဘေး၌လည်းကောင်း တည်ထားကြသည်။ ဂူပေါ်တွင်တင်ထားသော ကျောက်တုံးကြီးများကို ကြည့်ရှုပါက ထိုသူ အသက်ရှင်စဉ် စစ်မက်ဖြစ်ပွားပါက ခေါင်းဖြတ်ခဲ့သမျှကို သိရှိနိုင်ပြီး ကျောက်တုံးငယ်များမှာမူ ၎င်း၏ချစ်သူများကို ဖော်ပြထားခြင်း ဖြစ်သည်။ အချို့ဂူများ၌ ကျောက်တုံးငယ် ၆၀ ခန့်ပင် တွေ့ရသည်။

နာဂလူမျိုးများကိုင်ဆောင်သော လက်နက်မှာ လှံ၊ တုတ်ရှည်ထိပ်တွင် ဓားမတိုသဖွယ် တပ်ထားသောအရာနှင့် လေးမြားတို့ဖြစ်သည်။ လှံတံ၌ မုတ်ဆိတ်မွေးများကို အရောင်စုံဆေးဆိုး၍ တပ်ထားကြသည်။ လှံသွားတွင် အဆိပ်လူးလေ့ရှိသည်။ ၃၅ ပေမှ ပေ ၄၀ အတွင်း လက်မှန်းတည့်အောင် ပစ်နိုင်သည်။ နာဂအမျိုးသမီးများသည် အားလပ်ချိန်တွင် ရက်ကန်းရက်လုပ်တတ်ကြသည်။ နာဂတို့တွင် ရိုးရာအကများလည်း ရှိကြသည်။ ၎င်းတို့မှာ လှံအက၊ ဓားအက၊ စစ်ရေးပြအကတို့ ဖြစ်ကြသည်။ ယခုအခါ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည့် နာဂတိုင်းရင်းသားများသည်

# နာဂတောင်တန်းပေါ်မှ နာဂတိုင်းရင်းသားလူမျိုးများ

● မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

**နာဂလူမျိုးသည် မြန်မာနိုင်ငံ အနောက်မြောက်ဘက်၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံရှိ နာဂတောင်တန်းတွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ နာဂလူမျိုးသည် တစ်မျိုးတည်းဖြစ်သော်လည်း အမျိုးစုပေါင်းများစွာ ကွဲပြားလျက်ရှိပေသည်။ ၎င်းတို့နေထိုင်ရာဒေသ၏ ပထဝီဝင်အနေအထားကိုလိုက်၍ စကားနှင့် ဓလေ့ထုံးစံများမှာ အနည်းငယ်စီ ကွဲပြားလျက်ရှိပေသည်။**

ထင်ရှားသော နာဂအမျိုးစုများမှာ မြန်မာနိုင်ငံဘက်ရှိ နာဂတောင်တန်းတွင် နေထိုင်ကြသော နောက်ကော်နာဂ၊ ထန်ဂန်နာဂ၊ ဟေမြနာဂ၊ ရန်ပန်နာဂ၊ တန်ခူးနာဂ၊ ပါရာနာဂ၊ ခေါင်ဆိုင်နာဂ၊ ရာရာနာဂ၊ ရာစာနာဂနှင့် မက်ဝဲယားနာဂများ ဖြစ်ကြသည်။ အာသံနယ်ဘက်ရှိ နာဂတောင်တန်းတွင်မူ အန်ဂါမီနာဂ၊ ကွန်ယက်နာဂ၊ အေအိုနာဂ၊ ကာလယိုကန်ဂျူနာဂ၊ လိုတာနာဂ၊ ဆန်တန်နာဂ၊ ဆီမာနာဂ စသည်တို့မှာ ထင်ရှားသည်။ နောက်ကော်နှင့် ထန်ဂန်နာဂတို့သည် နမ်းချာရင်ချောင်းနှင့် ချင်းတွင်းမြစ်ပေါ်ရှိ ဟိုန်ဆမ်နှင့် ကောင်းဟိန်ရွာများအနီး တောင်ခြေတစ်ဝိုက်တွင်နေထိုင်၍ အေးချမ်းဖော်ရွေသော စိတ်ထားရှိကြသည်။ နန်းဖွတ်ခါချောင်းအနီးတွင် ဟေမြနာဂ၊ ရန်ပန်နာဂ၊ ရာရာနှင့် ရာစာနာဂများ ရွာတည်၍ နေထိုင်ကြပေသည်။ ရန်ပန်နာဂတို့သည် နာဂတောင်တန်း၏ အရှေ့မြောက်အစွန်းဆုံး၌လည်း တွေ့ရသည်။ ၎င်းတို့သည် ဝမ်းဗိုက်တွင် ကြိမ်ခွေများ စွပ်ထားလေ့ရှိသည်။

တန်ခူးနာဂ၊ ပါရာနာဂနှင့် ခေါင်ဆိုင်နာဂတို့မှာ ဆုမ္မရာနယ်တွင် နေထိုင်ကြသည်။ တန်ခူးနာဂများမှာ ထိုဒေသတွင် လူဦးရေအများဆုံးဖြစ်ပြီး ရွာ ၁၈ ရွာမျှပင် ရှိသည်။ လီဆိုင်အနီးတွင် ပါရာနာဂရွာ သုံးရွာခန့်ရှိသည်။ လီဆိုင်နှင့် ၁၀ မိုင်အကွာ၌ ယီဒုန်၊ ဒင်ဝရင်းနှင့် ချီရာနာဂရွာများရှိသည်။ ဟူးကောင်းတောင်ကြားဒေသနှင့် စန်ပန်ဗွမ်တောင် အရှေ့ဘက်တောင်စောင်းများ၌လည်း နာဂလူမျိုးတချို့ကို တွေ့ရသည်။ စာရာမေထိတောင်တစ်ဝိုက်တွင် မက်ဝဲယားရွာ တစ်ရွာ၊ ထန်ရွာ နှစ်ရွာ၊ ထန်မုန်ရွာ တစ်ရွာတို့မှာ အကြီးဆုံးပင်ဖြစ်သည်။ နာဂတောင်တန်းအလယ်ခန့် အာသံနယ်နှင့်နီးကပ်သော အပိုင်းတွင် ပုန်ညိုနာဂ၊ ဇော်လောနာဂ၊ ဇက်ပလော်နာဂနှင့် ဝီလမ်နာဂများ နေထိုင်ကြသည်။

အာသံနယ်ရှိ တောင်ကုန်းများတွင် အန်ဂါမီနာဂများ ရွာဖွဲ့၍နေကြပေသည်။ ရွာတည်ပုံမှာ တောင်ကုန်းပေါ်၌ အဆင့်ဆင့် တစ်အိမ်နှင့်တစ်အိမ် တစ်ပြေးညီတည်းမရှိဘဲ မြင့်မြင့်တည်ရှိကြသည်။ ရွာကိုပတ်လိုလျှင် လှေကားထစ်တက်ရသကဲ့သို့ အဆင့်ဆင့် တက်သွားရသည်။ အိမ်များပေါ်တွင် ကျွဲ၊ နွားတိရစ္ဆာန်ပုံများ၊ ယောက်ျား၊ မိန်းမတို့၏ပုံများကို ပန်းပုထွင်းထားသည်ကိုလည်း တွေ့နိုင်သည်။ သစ်သားအော်လန်များ တပ်ထားသော အိမ်ဆိုလျှင် အလှူပွဲကြီးများ ပေးခဲ့ကြောင်းကို သိရှိနိုင်သည်။ ရပ်ရွာလူကြီးများသည် အစိုးရအမှုထမ်းဝတ်သော ဝတ်ရုံနီများ ခြုံထားကြသည်။ ကိုယ်ပေါ်တွင် ရိုးရာအလိုက် ခါးတွင် ကြိမ်ခွေနှင့် အနက်ရောင်ပိတ်စငယ်တစ်ခုကို အရှက်လုံရုံမျှ ဝတ်ဆင်ထားခြင်းရှိသည်။ မိန်းမများမှာ အပြာရောင်အင်္ကျီ ဝတ်သည်။ မွန်ဂိုလူမျိုးနှင့်ဆင်ဆင်တူ၍ မျက်နှာဝိုင်းသည်။ မိန်းကလေးများသည် အပျိုဆိုလျှင် ဆံပင်အရှည်မထား ကတုံးနီးပါးခန့် ရိတ်ထားသည်။ အိမ်ထောင်ပြုမှသာလျှင် ဆံပင်အရှည်ခံရသည်။ ယောက်ျားများသည် ခြေထောက်နှင့် ခါးတွင် ကြိမ်ကွင်းများ ဆင်ယင်သည်။ နားပေါက်၌ ခြည်မျှင်စများ သွင်းထားသည်။ ပုတီးကုံးများ၊ ခရုခွံများကို ကျား၊ မ တပ်မက်စွဲလမ်းစွာ ဆင်ယင်ကြသည်။ ခိုနိုမာနာဂများသည် အန်ဂါမီနာဂများအတွက် အဝတ်အစား၊ အသုံးအဆောင်၊ လက်ဝတ်ရတနာများလုပ်၍ ရောင်းချကြသည်။

ကွန်ယက်နာဂလူမျိုးများမှာ ရွာအများအပြားပင်တည်၍ နေထိုင်ကြရာ ဝက်ချင်းရွာရှိ ကွန်ယက်နာဂများမှာ အင်အားအကြီးဆုံးဖြစ်သည်။ အရပ်အမောင်း၊ ကာယဗလ အချိုးကျပြေပြစ်သည်။ ဆံပင်ကို အတိုထားသည်။ နားပေါက်၌ ပန်းပွင့်များ ပန်လေ့ရှိသည်။ ဝါချည်ဖြင့် အဝတ်ရက်၍ နံငယ်ပိုင်းမျှသာ ဝတ်ဆင်ကြသည်။ ဖျာရက်၍ မြေပြန့်နှင့် ကုန်ကူးသန်းရောင်းဝယ်သည်။ ခါးတွင် ကြိမ်ခွေမျှသာ ပတ်ထားသည်။ ရှီအွန်ရွာရှိ ကွန်ယက်များသည် ဝက်ချင်းရွာမှ ကွန်ယက်များနှင့် စကားမတူပေ။ ယောက်ျားများသည် မျက်နှာတွင် ပါးရဲထိုးသည်။ ဆံရှည်ခြင်းကို ဂုဏ်ယူသည်။ ဆံပင်ကို နောက်တွဲထုံးလေ့ရှိသည်။ မိန်းမများမှာ လက်တစ်ဝါးခန့် အဝတ်စငယ်ကိုသာ ဝတ်ဆင်ကြသည်။ အိုတင်ရွာမှ ကွန်ယက်များမှာ ၁၅ နှစ်၊ ၁၆ နှစ်အရွယ်အထိ မည်သည့်အဝတ်မျှ မဝတ်ကြပေ။ ထိုအရွယ်မှကျော်လွန်မှသာ လက်တစ်ဝါးခန့်သာ ဝတ်ပြီး အရွယ်ရောက်ကြောင်းကို ဖော်ပြသည်။ မိန်းကလေးများကို မိဘများက လက်မထပ်စေလိုသေးကြောင်းကို ခဲနားဆွဲကာ ဝတ်ဆင်ထားက သိသာနိုင်သည်။ လက်ထပ်ရန် သဘောတူပါက ကြေးနားဆွဲ ဆင်ပေးကြသည်။ အိမ်ထောင်ပြုရာတွင် မျိုးနွယ်စုတူချင်း လက်မထပ်ရပေ။

နာဂတောင်တန်းရှိ ဟဲလီဖုန်တောင်၌ ဆီမာနာဂ၊ ဆန်တန်နာဂ၊ ရန်ဂမာနာဂ၊ ဟိုလုန်ဂါနာဂတို့ နေထိုင်ကြသည်။ နာဂတစ်မျိုးလုံးကို ခြုံကြည့်ပါက ရုပ်ရည်မှာ မြန်မာများနှင့် အလွန်တူသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်း၍ အရပ်မြင့်သည်။ မိန်းမများသည်လည်း ယောက်ျားများကဲ့သို့ပင် ကာယဗလ အချိုးကျပြေပြစ်သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»







နာဂရိုးရာ မီးပုံပွဲကျင်းပစဉ်။

